
www.burmeseclassic.com




# မြခွန်းချယ်

## တောင်ပံသုံးစုံရဲ့ကွက်လပ်

L လင်း

www.burmeseclassic.com

www.burmeseclassic.com

# မြူခွန်းချယ်

## တောင်ပံသုံးစုံရဲ့ကွက်လပ်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၂၀၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၈၉၀၁၁၀

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

မြူခွန်းချယ်

တောင်ပံသုံးစုံရဲ့ကွက်လပ်/မြူခွန်းချယ်-ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၂၈၈- စာ၊ ၁၂×၁၈ စင်တီ။

(၁) တောင်ပံသုံးစုံရဲ့ကွက်လပ်

## နိုင်ငံတော်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







ခင်များတို့ကို ကျွန်တော် အင်မတန်မှ လှပပြီး ရိုးစင်းတဲ့ မေးခွန်းတစ်ခု

မေးမယ် ,..

လောကကြီးမှာ အချစ် တကယ်ရှိတယ်ဆိုတာကို ယုံကြည်သလား ...

အဲဒီမေးခွန်းကို ကျွန်တော်လည်း ကျွန်တော့်ကိုယ် ကျွန်တော် ကြိမ်ဖန်

များစွာ ပြန်မေးခဲ့ဖူးတယ်။

ဒါပေမဲ့ အဖြေဟာ ဘယ်တော့မှ တစ်ခုတည်း ပုံသေမရှိခဲ့ဘူး ...

ဘာကြောင့်လဲဆိုတော့ ,..

ကျွန်တော်နဲ့ ရှားရှားပါးပါး ကြုံဆုံပတ်သက်ခဲ့ဖူးတဲ့ ...

မိန်းမသုံးယောက်ဟာ ...

လှပရှုညီတဲ့ အင်အားပြင်းပြင်း တောင်ပံတစ်စုံစီနဲ့ ...

ကျွန်တော့် နှလုံးသားရပ်ဝန်းထဲမှာ ...

အလှည့်ကျ ရစ်ဝဲပျံသန်းနေခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





တစ်ယောက်က အဲဒီတောင်ပံကို "သံယောဇဉ်"တဲ့ ...

နောက်တစ်ယောက်က "နားလည်မှု"တဲ့ ...

နောက်ဆုံးတစ်ယောက်ကတော့ "မေတ္တာတရား"တဲ့ ...

အသီးသီး ခေါင်းစဉ်တစ်ခုစီ ကြတယ်။

သုံးမျိုးစလုံးနဲ့ ထပ်တူညီမှုတဲ့ ...

သိမ်မွေ့နူးညံ့မှု ပြယုဂ်တစ်ခုကိုတော့ ...

ကျွန်တော်က ခပ်ရှိုးရှိုးပဲ ခေါင်းစဉ်ပြန်တစ်ပေးလိုက်တယ်။

"အချစ်"တဲ့ ...။

ကဲ ... ကျွန်တော်တို့ အချစ်နဲ့ လှပစွာပျံသန်းကြရအောင်။

လင်းသွာ

❣ ✦ ❣





## "သံယောဇဉ်" ဆိုတဲ့ တောင်ပံတစ်စုံနဲ့

## ကျွန်တော်

ကိုယ့်အတွေးနဲ့ကိုယ် စိတ်ကူးယဉ်အိပ်မက်တွေ တသီ ကြီးမက်ရင်း ဘတ်(စ်)ကားကျပ်ကျပ်ကြီးရဲ့ ပျင်းရိလေးတွဲ့စွာ ခါ[illegible]ဆောင်မှုနောက်ကို အလိုက်သင့် မေးလိုက်လာခဲ့ချိန်မှာ စိတ် ထဲက တစ်စုံတစ်ရာ ခံစားချက်ကြီးကြောင့် ကျွန်တော် ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်ပါတယ်။

အားပါးပါး။ ရုမှပဲ မသိမသာ အနိုင်ကျင့်ခံထားရတဲ့ ကိုယ့်အဖြစ်ကိုယ် သတိထားမိတော့တယ်။ ကြည့်ပါဦး ... ဘောလုံး သမားတွေ ဘောဲကန်ရင်းစီးသလို ခပ်ကြမ်းကြမ်း ဘွတ်ရှူးဖိနပ် ကြီးနဲ့ ကျွန်တော့်အောက်တွင်ပါ ဆင်မြန်းထားတဲ့ ခြေထောက်ကို သွားတော့ ဖိနင်းထားလိုက်တာများ။

www.burmeseclassic.com



ကျွန်တော် ရှုံ့ရှုံ့မဲ့မဲ့နဲ့ ဘေးကပုဂ္ဂိုလ်ကို သတ်ခနဲ လှည့်ကြည့်လိုက်မိတော့ ...

"ဟင် ..."

လက်ထဲက ဖတ်လက်စစာအုပ် လွတ်ကျမတတ် ဖြစ်သွားတာကို မသိမသာ ပြန်ထိန်းကောက်ရင်း သင်းကို နောက်တစ်ကြိမ် ထပ်ကြည့်လိုက်တယ်။

နားနှစ်ဖက်မှာ ချိတ်ထားတဲ့ MP4 နားကြပ်ထဲက တေးသွားအလိုက် ကားထိုင်ခုံလက်တန်းကို တဒေါက်ဒေါက်ခေါက်ရင်း ယိမ်းနွဲ့လှုပ်ရှားနေတဲ့ သူမပုံစံက ကျွန်တော့်မျက်စိထဲ တန်းခနဲ ဝင်ရောက်လာတယ်။ တီရှပ်အဖြူဆွတ်ဆွတ်၊ မိုးပြာရောင် သရီးကွာတားဂျင်းဘောင်းဘီနဲ့ တစ်မျိုးဆွဲဆောင်မှုရှိနေတဲ့ သူမ က ကျွန်တော် အနီးကပ်လှမ်းရှိုးနေတာကို တစိုးတစိမှတောင် မရိပ်မိရှာဘဲ မျက်စိစုံမှိတ်ပြီး သူ့အာရုံနဲ့သူ လွင့်မျောနေခဲ့ပါတယ်။

သူမ ဖိနှင်းထားတဲ့ ကိုယ့်ခြေထောက်ကို အသာရုန်း ကြွမိတော့ အချည်းနှီးပင်။ ခြေဖမိုးတစ်ခုလုံး မွမွကြေနေပြီလား မသိလောက်အောင် ကျွန်တော် နာကျင်အောင့်မျက်နေတာ သည်း မခံနိုင်တော့ဘဲ နောက်ဆုံးမှာတော့ ဆုံးဖြတ်ချက်တစ်ခုနဲ့ အော့_





"ဟော့ ... ဒီမှာ ... ဒီမှာ"

MP4 တန်ခိုးကြောင့် ကျွန်တော့်အသံကို သူမ ကြား နိုင်ပုံ မရပါ။ ရည်ရည်ဆေးဝေး စဉ်းစားမနေတော့ဘဲ ကျွန်တော် သူမပခုံးကို အသာဖွဖွလှုပ်ကိုင်ခါယမ်းရင်း ဒုတိယမ္ဘိ လှုပ်ရှားလိုက် ဘယ်။

"ဒီမှာ ခင်ဗျ ... ဒီမှာ"

အရှိန်မြှင့် အော်လိုက်တဲ့ ကျွန်တော့်အသံအဆုံးမှာ သူက မှိတ်ထားတဲ့ မျက်လုံးတွေကို ထိတ်လန့်တကြား ပြူးပြဲဖွင့် ... _

"အင် ... ဟင် ... ဘာလဲ"

ကျိုးတိုးကျဲတဲ နီညိုရောင် ဟိုင်းလိုက်ဖောက်ထားတဲ့ ... ညှော့ စတေပ်ပုံဆံပင်တွေ ဝဲခနဲ ဖြာယမ်းသွားတဲ့အထိ သူမ ... လှုပ်လှုပ်ရှားရှား အမူအရာနဲ့ မေးလာပါတယ်။ လေးတင် ... တဲ့ မြားတစ်စင်း ကျွန်တော့်နှလုံးသားကို ခပ်ပြင်းပြင်းနဲ့ ... ဝင်စိုက်လာရှာယ်။ ကျွန်တော့်မျက်တောင်တွေ သုံးစက္ကန့်ခန့် ... အောင် ငြိမ်ချက်သားကောင်းစွာ ခတ်ဖို့မေ့လျော့နေခဲ့ကြတယ်။

www.burmeseclassic.com



ပိုသေချာတာ တစ်ခုကတော့ ကျွန်တော့်အသက်ရှူသံတွေ တအင်ရပ်ဆိုင်းသွားခြင်းပါပဲ။ နီနက်အိရွှဲနေတဲ့ မျက်လုံးဝိုင်းဝိုင်းကြီးတွေရဲ့ ညှို့ချက်အောက်မှာ ကျွန်တော် ရုန်းထွက်ရကောင်းလောက်အောင် ငြိမ်ကျသေဆုံးသွားပါတော့တယ်။

"ခင်ဗျား ... လမင်းကို ဘာပြောလိုက်တာလဲ"

အမှတ်တမဲ့ စကားထဲညှပ်ပါလာတဲ့ နာမည်လေးတစ်ခုကို ကျွန်တော် သံမှိနက်သလို ဦးနှောက်ထဲ မိမိရရရိုက်သွင်းထည့်လိုက်တယ်။

"ဟောလူ ... လမင်းကို စောစောက ပခုံးကိုင်ပြီး ဘာပြောလိုက်တာလဲလို့ မေးနေတယ်လေ"

မသိမသာ တွန့်ကုတ်သွားတဲ့ မျက်မှောင်နဲ့ အသံခပ်ကျယ်ကျယ်ကြောင့် ကျွန်တော် ရုတ်တရက် သတိဝင်လာပါတယ်။

ဟုတ်သားပဲ။ လမင်း ဆိုတဲ့ သူမလေးကို မျက်လုံးကျွတ်ကျမတတ် ငမ်းနေမိတာကိုး။ ချက်ချင်းပဲ ကိုယ့်အကြည့်တွေကို အချိန်မီ ခါရိုက်ခုပ်လိုက်ရတယ်။ ကျွန်တော် မလုံမလဲ အရှက်ပြေရယ်လိုက်ရင်း ကိုယ်ခြေထောက်ပေါ် တင်နေတဲ့ သူမခြေထောက်ကို လက်ညှိုးညွှန်ပြလိုက်ပြီး ...



"လမင်း ဒီတစ်ခါပဲ စီးဖူးတာပါ"

"အေး ... တစ်ခါမှ မစီးဖူးလို့ ပြောနေရတာပေါ့ကွ၊ ကိုယ်နဲ့ လုံးဝမဆိုင်ပေမယ့် လူလူချင်း စာနာထောက်ထားပြီး စေတနာနဲ့ သတိပေးတာပါ၊ ရန်ကုန်မြို့မှာ လူလည်တွေများတယ်နော်၊ မင်းက အပြင်လောကအကြောင်းလည်း သိပ်သိပုံမရဘူး"

ကိုယ့်ကိုယ်ကိုယ် ဘာကြောင့် စေတနာဗရပွနဲ့ မိန့်ခွန်းတွေ ခြွေနေမိမှန်း မသိလောက်အောင် ခုမှစတွေ့တဲ့ ချိမ်းမိန်းကလေးတစ်ယောက်အပေါ် ကျွန်တော် စိုးရိမ်ပူပန်စိတ် ဝင်လာမိပါတယ်။

သူမ ပုံစံက ခုမှ အပျိုသင်စ ငှက်ကလေးတစ်ကောင်လို မနူးမနပ် မလည်မဝယ် ထင်တိုင်းကြီးတက်ပုံလေးပါ။

"ကဲ ... ကိုယ်ပြောမယ်၊ ဒီကား ဂိတ်ဆုံးထိစီးသွားပြီးရင် ပြန်ထွက်လာလိမ့်မယ်၊ မင်း ပြန်လိုက်သွားပြီး ကိုယ့်အိမ်ကိုယ်ပြန်ပါ၊ ဒီလို လျှောက်လျှောက်သွားနေတာ မကောင်းဘူး၊ မင်းအရွယ်က မလုပ်ဖူးတဲ့အလုပ်တွေ လက်တည့်စမ်း

www.burmeseclassic.com



ပြီး လျှောက်လုပ်ချင်တဲ့အစွယ်ဆိုတာ ကိုယ်နားလည်ပါ တယ်၊ ဒါပေမဲ့ မင်းအတွက် အန္တရာယ်ရှိတယ်၊ ကိုယ်ပြော တာ သဘောပေါက်လား"

သူမက ကျွန်တော့်ကို မျက်လုံးပြူးလေးနဲ့ လှမ်းကြည့် ပြီး ချစ်စဖွယ်အပြုံးတစ်ပွင့်နဲ့ ဆိုလာပြန်ပါတယ်။

"ကားကြီးက စီးရတာ တော်တော်တန်တယ်နော်၊ တစ် ထောင်ပေးပြီး မြို့တစ်ပတ် အကြာကြီး လိုက်စီးလို့ရတယ်၊ လမင်း သဘောကျတယ်"

သူမစကားကြောင့် ကျွန်တော် ရုတ်တရက် မျက်လုံး ပြူးသွားရပါတယ်။

သူမရဲ့ ဘုမသိ ဘမသိ အထာကို စပယ်ယာညက် သွားပြီထင်ပါရဲ့။

"ဘာ ... တစ်ထောင် ပေးစီးရတယ်၊ ဟုတ်လား"

"အင်းလေ ... ဟုတ်တယ်၊ လမင်း တစ်ထောင်တန်ပေး လိုက်တာ ထပ်လည်းမတောင်းဘူး၊ အဲဒါကြောင့် တန်တယ် ပြောတာပေါ့"



ကျွန်တော့်စိတ်ထဲ မသိမသာ တောင်းခံနေ့ဖြစ်သွား ပြီး ကားစပယ်ယာကို အပြေးအလွှား မျက်လုံးဝေ့ရှာကြည့်လိုက် ပါတယ်။ လမင်းက ကျွန်တော့်ရဲ့ ထူးထူးခြားခြား အမူအရာကို နားမလည်နိုင်တဲ့ မျက်ဝန်းလေးနဲ့ လှမ်းကြည့်ပြီးမေးတယ်။

"ကိုကြီး ... ဘယ်သူ့ကို ရှာနေတာလဲဟင်"

"စပယ်ယာကို ရှာနေတာကွ၊ ဖိုးမှာကြည့် ... ဘတ်(စ်) ကားခရီးစဉ် ... ဖြတ်မှာမယား၊ ကိုတ်စကာနေ ကိုတ်ဆုံး နှစ် ... မင်း မဖတ်မိဘူးလား"

ကျွန်တော် လက်ညှိုးညွှန်ပြရာကို ဆတ်ခနဲ မော့ ကြည့်လိုက်မိတော့ မီးဘိုစလေးဝိုင်းတစ်ခုပေါ်တက်သွယ် ရှိးသား ...

"တွေ့ပြီလား၊ မင်းကွာ စာလေး ဘာလေး မဖတ်ကြည့် ဘူးလား"

ကျွန်တော့်ရဲ့ ... ပေါက်ကွဲမှုကို လမင်း ... နဲ့ ... ခံယူပါတယ်။ ... ကော့ ... ခက်တာပဲ။

"မေး ... ဒီမှာ စပယ်ယာ"

www.burmeseclassic.com



[illegible]”

ပိုက်ဆံလှည့်ကောက်ရင်း အနားရောက်လာတဲ့ စပယ်ယာကို ကျွန်တော် အမှီအရ လှမ်းဆွဲလိုက်ပြီး အလယ်ကားနေရာကြီး တော်တော်ချောင်းလိုက်ရတယ်။

“ဒီကောင်မလေး တစ်ခုတော်တန် ပေးထားတာ ခင်ဗျား ပြန်မအမ်းရသေးဘူးနော်”

စပယ်ယာက လမင်းကို မျက်ခုံးလှမ်းကြည့်ပြီး ခုမှ သတိရသွားသလိုမျိုးနဲ့ မျက်ဖျားလယ် တောင်းပန်စကား ဆိုလာပါတယ်။

“ဟာ ... ဆောရီးပါအစ်ကို၊ ဒီအစ်မက ဂိတ်ဆုံးစီးမယ် ပြောလို့ အကြွေမရှိသေးတာနဲ့ မအမ်းရသေးတာပါ၊ ဒီမှာ ဗိုက်တဲ့ရှစ်ရာပါ”

စပယ်ယာ ခပ်သွက်သွက် ထုတ်ပေးလိုက်တဲ့ ပိုက်ဆံရှစ်ရာကို လမင်းက ချက်ချင်း လှမ်းမယူသေးဘဲ ကြောင်ကြည့်နေခဲ့ပါတယ်။ ကျွန်တော့်စိတ်ထဲ အားမလို အားမရ ဖြစ်လာတာနဲ့ ဆတ်ခနဲ ဆွဲယူပြီး လမင်းလက်ထဲ ထည့်လိုက်တယ်။





လမင်းက ပိုက်ဆံရှစ်ရာနဲ့ ကျွန်တော့်ကို အချိန်အတော်ကြာအောင် တစ်လှည့်စီမျှ ကြည့်နေခဲ့တယ်။

“မင်း ဘာကြည့်တာလဲ”

ကျွန်တော့်အမေးကြောင့် ကောင်မလေးက ပြုံးစစနဲ့ ခေါင်းခါပြရင်း ...

“ဘာမှမကြည့်ပါဘူး ကိုကြီး”

လို့ ပြန်ဖြေတယ်။

“မင်းကို ညီမလေး တစ်ယောက်လို ကိုယ်ချင်းစာလို့ နောက်ဆုံး သတိပေးလိုက်မယ်၊ မင်း ဒီကားပြန်စီးပြီး အိမ်ပြန်ပါ၊ တစ်ယောက်တည်း လျှောက်သွားဖို့ စိတ်မကူးနဲ့တော့၊ လောကကြီးက မာယာအရေခွံ ခြုံထားတယ်ဆိုတာ မင်း သဘောပေါက်ထား”

ကျွန်တော် လမင်းကို ဩဝါဒခြွေပြီး ထိုင်ရာက ထလိုက်ပါတယ်။ လမင်းက ကျွန်တော့်ကို ဖျတ်ခနဲ မော့ကြည့်ပြီး ...

“ဟင် ... ကိုကြီး၊ ဆင်းတော့မလို့လား”

“ဒါက ရွှေမှတ်တိုင်ဆို ရောက်ပြီကွ၊ ဆင်းရတော့မှာ”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လမင်းလည်း လိုက်ဆင်းမယ်"

"မင်းက ဘာလိုက်လုပ်မလို့လဲ၊ မင်းပြောတော့ ဂိတ်ဆုံး စီးမယ်ဆို"

"ဟင့်အင်း ... အခု စိတ်ပြောင်းသွားပြီ၊ လမင်း ဂိတ်ဆုံးထိ မလိုက်တော့ဘူး၊ ကိုကြီးနဲ့တူတူ လိုက်ဆင်းမယ်၊ လမင်းကို ကားပေါ်ပြန်တင်ပေးလိုက်နော်"

ကျွန်တော် ဘာလုပ်လို့လုပ်ရမှန်း မသိလောက်အောင် ခေါင်းစားသွားပါတယ်။ အကြောင်းမဲ့ သက်ပြင်းတစ်ချက် ခပ်ဖွဖွပြင်းရှိုက်ရင်း လမင်းကို မျက်မှောင်ကုတ်ကြည့်လိုက်တယ်။

"နော် ... ကိုကြီး"

မျက်လုံးဝိုင်းကြီးနဲ့ သနားစဖွယ် ဆိုလာတဲ့ သူမကို ကြည့်ပြီး ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု မတတ်သာစွာ ချလိုက်ရတယ်။

"ကဲ ... သဘောတော့မြတ် အတိုင်းပဲ၊ စပယ်ယာ မှတ်တိုင်ပါတယ်ဗျို့"



ပြွတ်သိပ်ကျပ်ညပ်နေတဲ့ လူအုပ်ကြားထဲက အတင်းတိုးထွက် ခုန်ဆင်းလာတဲ့ ကျွန်တော့်နောက်ကနေ လမင်းလည်း မယောင်မလည်နဲ့ ကပ်လိုက်လာတယ်။ ကျွန်တော်တို့နှစ်ယောက် အောက်ရောက်တော့ ကျွန်တော်ကပဲ စတင်ပြီး

"မင်းကို ဒါ တက္ကစီပေါ် တင်ပေးလိုက်မယ်"

လမင်းက ကျွန်တော်ပြောတာကို ကြားပုံမရဘဲ လက်ညှိုးထိုးရင်း မမြင်ဖူးတဲ့ အစိမ်းသက်သက် ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီ ငေးမိုက်အကဲခတ်နေပါတယ်။ သာမန်ဆင်ခြေဖုံး ရပ်ကွက်လေးတစ်ခုကို အလွန်အမင်း ထူးဆန်းအံ့သြနေပုံပါပဲ။

"ကိုကြီးက ဒီနားမှာ နေတာလားဟင်"

"အင်း ... ဟုတ်တယ်၊ ဒါ လူကုံထံရပ်ကွက် မဟုတ်ဘူး နော်"

"ပျော်စရာ ကောင်းသလိုပဲနော်၊ လမင်းလည်း ဒီမှာ နေချင်လိုက်တာ"

"ကဲ ... ဒေါ်လမင်း၊ အပိုတွေပြောမနေနဲ့တော့၊ ဒီမှာ တက္ကစီလာပြီ၊ မင်းလိပ်စာပြောပြီး တက်စီးသွားလိုက်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အထည်ပေါက် လျှမ်းပေါက်လိုက်မှ သင်းက မတက်ချင် တက်ချင်နဲ့ တူကျွတ်စီပေါ် တက်ထိုင်လိုက်ရင်း ပြတင်းပေါက်ကနေ ခေါင်းထွက်ဆိုလာတယ်။

"ကိုကြီး ... လမင်း ကိုကြီးနဲ့ နောက်တစ်ကြိမ် ဆုံခွင့်ရ နိုင်ပါစေလို့ ဆုတောင်းပါ့မယ်၊ သွားပြီနော်"

လက်ပြနှုတ်ဆက်သွားတဲ့ ကောင်မလေးကို ကျွန်တော် ဘာရယ်မဟုတ် မျက်စိတစ်ဆုံး လိုက်ငေးကြည့်နေမိတယ်။

မသိစိတ် ညကောင်းကင်ထဲမှာ လမင်းဆိုတဲ့ လမင်း တစ်စင်း အမှတ်မထင် ထွန်းလင်းတောက်ပသွားခဲ့တယ်။

ဒါပေမဲ့ စိတ်ကူးယဉ်ဖို့ သက်သက်ပဲကောင်းတဲ့ မမီမကမ်း လမင်းလေး ဆိုတာတော့ ကျွန်တော် တဒင်္ဂအတွင်းမှာပဲ ပြက်ပြက်ထင်ထင် သိခွင့်ရလိုက်ပါတယ်။

❣ ✦ ❣



"ကိုမြတ်သူ ... ခင်ဗျား တကယ်ပဲ ကျွန်တော်နဲ့ဝေးရာ ကို သွားတော့မယ်ပေါ့"

ကျွန်တော့် စာအုပ်တွေကို ဖုံမှုန့်ထုတ်ပေးနေတဲ့ မြတ်သူစာပေက ကိုမြတ်သူကိုကြည့်ပြီး ကျွန်တော် သက်ပြင်းကိုတိတ်တိတ်ချလိုက်ရတယ်။ ကိုမြတ်သူက ကျွန်တော့်ရဲ့ ပထမဆုံးလုံးချင်းဝတ္ထုကနေ အခုနောက်ဆုံး အုပ်နှစ်ဆယ်ပြည့်အထိ ကျွန်တော့်ကိုလက်တွဲထုတ်ဝေပေးခဲ့တဲ့ ကျွန်တော့်မှုပိုင် ထုတ်ဝေသူ တစ်ယောက်ပါ။

ဝါသနာအရသာ စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို တည်ထောင်ထားပေမယ့် သူ့မိဘညီအစ်ကိုမောင်နှမ၊ ဇနီးသားသမီးတွေက အားလုံး အမေရိကားမှာ။ အခု သူ့ကို ဟိုမှာအပြီးနေဖို့ ခေါ်ကြတွန်း နိုးဆော်နေကြပြီမို့ အနေးနဲ့အမြန် သွားရတော့မှာ ကျိန်းသေနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ကိုမြတ်သူနဲ့ ကျွန်တော်က အကယ့် ညီအစ်ကိုရင်းတွေလို ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး တစ်ခရီးတည်း လျှောက်လှမ်းခဲ့ကြသူတွေပါ။

ကျွန်တော့်မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်မိတဲ့ ကိုမြတ်သူက ကျွန်တော့်ပခုံးကို အားပေးသလို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး နှစ်သိမ့်စကား ဆိုလာတယ်။

"စိတ်မကောင်း မဖြစ်ပါနဲ့ သူခရာ၊ ဝါပေလောကမှာ လင်းသူခဆိုတဲ့ နာမည်တစ်လုံးက ခိုင်ခိုင်မာမာ နေရာရထားပြီးသားပဲ၊ မင်းအတွက် ငါ အစစအရာရာ ကြိုစီစဉ်ထားပါတယ်ကွ"

"မဟုတ်သေးဘူးလေဗျာ၊ ခင်ဗျားနဲ့ ကျွန်တော် လက်တွဲလုပ်လာတဲ့ သက်တမ်းက မနည်းတော့ဘူး၊ ကျွန်တော်တို့က ညီအစ်ကိုဆိုလည်းဟုတ်၊ သူငယ်ချင်းဆိုလည်း ဟုတ်တယ်၊ စီးပွားရေးတစ်ခုတည်းကြောင့် မဟုတ်ပါဘူး၊ ကျွန်တော့် တခြား ထုတ်ဝေသူတွေနဲ့လည်း စကားမပြောချင်ဘူး"



ကိုမြတ်သူက ကျွန်တော့်စကားကြောင့် သဘောကျစွာ ရယ်မောလိုက်ပါတယ်။

"ဟား ဟား ... မရိုး ငါ့အပေါ် သစ္စာရှိတာ ငါနားလည်ပါတယ်ကွာ၊ မင်းဆီကိုလည်း ငါ အမြဲတမ်း အိမ်မေးလှမ်းပို့နေမှာပါ

ဘာပဲဖြစ်ဖြစ် လူချင်းမတွေ့ရတာကလွဲလို့ ငါတို့နှစ်ယောက် အနီးဆုံးမှာ ရှိနေကြမှာပဲ၊ ငါ မင်းကို ထုတ်ဝေသူတစ်ယောက်နဲ့လည်း ဆက်သွယ်ပေးခဲ့မယ်ကွ၊ သူက စီးပွားရေးလုပ်ငန်း တော်တော်များများမှာ ရှယ်ယာဝင်ထားတဲ့ သူဌေးတစ်ယောက်ပဲ ...

စာအုပ်ထုတ်ဝေရေးကတော့ သူ့ရဲ့ လုပ်ငန်းကြီးတွေထဲက အသေးအဖွဲ့လုပ်ငန်းငယ်လေး တစ်ခုပေါ့ကွာ၊ မင်းတို့လို နာမည်ကြီးလေးငါးယောက်လောက်ကိုသာ မြဲတောင်ချွေးကပ်ပေးတဲ့သူမြို့၊ သူ့နဲ့တော့ မင်း အဆင်ပြေမှာပါ"

ကိုမြတ်သူ စကားတွေက ကျွန်တော့်နားထဲ မဝင်ချင်တော့ပါ။ ဖြစ်နိုင်ရင် ကျွန်တော် တခြားဆောက်တည်ရာ အပတ်အသက်မလှုပ်ချင်ပါ။

www.burmeseclassic.com

"သူက စာပေကိုလည်း တော်တော်စိတ်ဝင်စားပြီး ဝါသနာပါတယ်ကွ။ ကိုယ်တိုင်မရေးတတ်လို့သာ စာရေးဆရာမဖြစ်တာ၊ မင်းတို့လို အောင်မြင်ပြီး နေရာတစ်ခု ပိုင်ပိုင်နိုင်နိုင် ရထားတဲ့ လူငယ်တွေကို အမြဲကြိုဆိုနေတာ"

"ကျွန်တော်က လူသစ် မပြောင်းချင်လို့ပါဗျာ၊ ခင်ဗျားနဲ့ကျတော့ အတွင်းသိ အစင်းသိလေ၊ တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းသိနားလည်တော့ အလုပ်လုပ်ရတာ အဆင်ပြေတာပေါ့"

"ဟုတ်ပါတယ်ကွာ၊ မင်းက အရိုးသား အတည်ကြည်ဆုံး၊ စကားအနည်းဆုံး စာရေးဆရာတစ်ယောက်ဆိုတာ ငါ သဘောပေါက်ပြီးသားပါ၊ ဘာပဲဖြစ်ဖြစ် ဦးခွန်မော်က မင်းအတွက် အစစအရာရာ အဆင်ပြေစေနိုင်မှာပါ"

ငါက သူ့ကို မင်းအကြောင်း ရေရေလည်လည် ရှင်းပြထားတာ၊ မင်းကို တော်တော် ချီးကျူးတာ အမှန်ပဲကွ၊ မင်းရဲ့ ရေးနည်းရေးဟန် စာတ်လမ်း... ကွက်တွေက ရောင်းတမ်းဝင် တက်ဆဲလား အရည်အချင်း



ပြည့်မီတာယ့်လော၊ နောက်ပြီး မင်းရဲ့ အကျင့်စာရိတ္တ၊ ရိုးသားကြိုးစားတဲ့ စိတ်ဓာတ်ကိုလည်း ငါ ပြည့်ပြည့်ဝဝ အာမခံထားလို့ သဘောတူနေတာ"

နောက်ဆုံးမှာတော့ ကျွန်တော် ကိုမြတ်သူကို အာမခံအတာဝန်မနေတော့ဘဲ ခေါင်းညိတ်သဘောတူလိုက်ရပါတယ်။

ဆိုတာ ဆယ်ကိုးနှစ်... ရေခဲတောင်တန်းတွေကို ဖြတ်ကျော်ပြီး တောင်ပိုင်း... တိုင်းတန်း... ဒုံး... ကျွန်တော့်အတွက် ... ချမ်းမြေ့မှုနဲ့ ခရီးတစ်ခုလို ခံစားနေချင်... အချင့်... ညနေ ... နေ့ရက်... ဆိုင်ရာ... ခဲ့ပါတယ်။

ကျွန်တော့်ဘဝမှာ အရမ်းရယ်၊ ကျွန်တော်ရယ် နှစ်ယောက်ပေါင်း... ဒီအရေးကြီးမြတ်သွန်းလာခဲ့တဲ့ လင်းသူများ၊ ကလေးကလေးတွေကို ပိုင်ပိုင်နိုင်နိုင် ရေးပ်ကိုင်ခွင့်ရတဲ့ ... ဆိုပါစို့။

လူ့စွမ်းရည်ရှိတဲ့ ကျွန်တော့်အကြောင်းကို ကိုမြတ်သူ... ကောင်းကျ မကျန် သိတဲ့အတွက် ခုလို နှစ်သိမ့်ပျောင်းဖျ... ပါ။

❦ ◆ ❦

သူ့မိသားစုအရေးကိစ္စတွေကို ထည့်တွက်ကြည့်တော့လည်း သူ့ရှင်းပြချက်က မှန်နေတာမို့ ကျွန်တော် ဝေခွဲမရဖြစ်သွားတယ်။ စဉ်းစားမနေတော့ဘဲ သက်ပြင်းတစ်ချက်ကိုသာ နောက်ဆုံးအနေနဲ့ ချပ်လိုက်ရင်း ဆိုလိုက်မိတယ်။

“ဟုတ်ပါပြီ။ ကျွန်တော် နားလည်ပါတယ်။ ခင်ဗျားလည်း ကိုယ့်ထမ်းဆောင်ရမယ့် တာဝန်ရှိတယ်ဆိုတာ သဘောပေါက်တဲ့ အနေ ... ချက်ချင်းဆုံးဖြတ်ပါ။ ကျွန်တော့်အတွက် အားမနာပါနဲ့ ... ခင်ဗျား ဆက်လုပ်ပေးမယ့် ဦးခန့်မောင်ဆိုတဲ့လူနဲ့လည်း ကျွန်တော် အဆင်ပြေအောင် တွဲလုပ်သွားမှာပါ”

... နောက်ဆက်တွဲ ကိုမြတ်သူပြောတဲ့ အကြောင်းအရာတွေကို ကျွန်တော့်အတွက် အဲဒီအခန်းတွေချည်းပါပဲ။ ... အောင်မြင်ပြောပြီး ကျွန်တော့်ရှေ့ကပဲ ပထမဆုံး အတွေ့အကြုံ ဖြစ်ရပ်တွေက ဒီအချိန်ကစပြီး သန္ဓေတည်မွေးဖွားလာခဲ့တော့မယ်လို့ ကျွန်တော် မမျှော်လင့်ခဲ့တောင် မတွေးခဲ့မိခဲ့ပါဘူး။

❦ ◆ ❦



... ဘယ်လောက်ရှိနိုင်မလဲဆိုတာ ခန့်မှန်းမရသောက်အောင် ကြီးမားကျယ်ဝန်းတဲ့ ရေမြေကျယ်ကြီးနဲ့ တိုက် ... ကြီးက ... ကျွန်တော့် ခြေလှမ်းတွေကို အင်အားအပြည့် ... ကုန်ခန်းအောင် အရှိန်လျှော့ချမပစ်လိုက်ပါဘူး။”

... ကိုမြတ်သူ မေးလိုက်တဲ့ ... လေးကို ... တစ်ခါ ... လိုက်တယ်။

... ရပါတယ်။ ဒီမြို့ ဒီမြို့အစစ်ပါပဲ။

... ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချပြီး မြဝက ... ခေါင်းလေးတစ်ချက် ... လိုက်တော့ မြေတွေမှာ ... နေတဲ့ အသက်ငါးဆယ်ကျော်ရွယ် မြဲမောင် ဦးလေးကြီး ... သောက် အပြေးအလွှား ရောက်လာပြီး ...

"ဘယ်သူနဲ့တွေ့ချင်လို့လဲ လူလေး"

"ကျွန်တော် ဒီအိမ်က ဦးခန့်မော်နဲ့ တွေ့ချင်လို့ပါခင်ဗျာ၊ ဟို ... စာရေးဆရာလင်းသုခလို့ ပြောပေးပါ"

"ဒါဆို ခဏစောင့်နော်၊ ဦးလေး အိမ်ကြီးပေါ်တက်ပြီး ဆရာ့ကို အကြောင်းကြားပေးမယ်"

အရပ်ဦးလေးက ပြောပြောဆိုဆို အိမ်ကြီးဆီကို သုတ်ခြေတင်သွားပါတယ်။ တစ်အောင့်လောက်ကြာတော့ ဦးလေးကြီး ပြန်ရောက်လာပြီး ခြံတံခါး ဖွင့်ပေးရင်း ဆိုတယ်။

"ကဲ ... လူလေး၊ ဆရာက မင်းကို တွေ့ခွင့်ပေးမယ်တဲ့၊ ဧည့်ခန်းထဲမှာ စောင့်နေတယ်၊ ဝင်သွားလိုက်နော်"

ဦးလေးကြီးကို နှုတ်ဆက်ပြီး ကျွန်တော် မိုးပြာရောင် နှစ်ထပ်တိုက်ကြီးထဲကို မဝံ့မရဲ ဝင်လာခဲ့ပါတယ်။

နံရံတွေမှာ ပန်းချီကားတွေ ခန်းလုံးပြည့် ခင်းထားတဲ့ ဧည့်ခန်းကြီးထဲမှာ ကျွန်တော် တစ်သက်မမြင်ဖူးခဲ့တဲ့ အခင်းအကျင်း၊ အဆောင်အယောင် ထည်ဝါကြီးမြတ်မှုတွေ ဆင်ယင်ခြယ်သထားပါတယ်။

"ဟား ... လင်းသုခ လာကွာ၊ မြတ်သူ ဖုန်းဆက်ထားလို့ ဦး စောင့်နေတာကွ၊ မင်းနဲ့ခုမှပဲ လူချင်းတွေ့တော့တယ်"

ရုတ်တရက် ကြားလိုက်ရတဲ့ အသံပိုင်ရှင်ကို ကျွန်တော် ကမျာကယာ လှည့်ကြည့်လိုက်မိတယ်။ ဦးခန့်မော် ဆိုတာ လူကြီးပဲ ဖြစ်မယ်ထင်တယ်။

အသက်ငါးဆယ်ဝန်းကျင်လောက်ပဲ ရှိမယ်လို့ ခန့်မှန်းရတဲ့ နဖူးပြောင်လက်တဲ့ ခန့်ခန့်ထည်ထည် ဥပဓိရုပ်ပိုင်ရှင် ဦးခန့်မော်က ကျွန်တော့်ကို တရင်းတနှီး ဖော်ဖော်ရွေရွေ ကြိုဆို နှုတ်ဆက်လာပါတယ်။

"ဦးကိုတော့ မြတ်သူ ပြောပြထားလို့ မင်း သိလောက်ပြီပေါ့၊ မင်းနဲ့ ရှေ့လျှောက် အလုပ်တွဲလုပ်သွားမယ့် ပါတနာ ပေါ့ကွာ"

ခုချိန်ထိ ကျွန်တော်က နားထောင်သူ သက်သက်ပဲ ဖြစ်နေခဲ့တယ်။ အိမ်ဖော်ကောင်မလေး လာချပေးတဲ့ ကော်ဖီနဲ့ ... ဦးခန့်မော်က လက်ညှိုးထိုးပြရင်း

"ကဲ ... လင်းသုခ သုံးဆောင်လိုက်ဦးကွာ"

[illegible] "ရှပါစေနယ် ဦးဦးမြ [illegible]"

"[illegible] ဦးခန့်မော်က ကျွန်တော့်ကို မျက်နှာမဲ့ကြည့်ပြီး နားလည်ရခက်တဲ့ ရယ်မောလိုက်ပါတော့တယ်။ အကြောင်းမဲ့သက်သက် သဘောကျနေတဲ့ ဦးခန့်မော်ကို ကျွန်တော် မသိမသာ မျက်မှောင် ကုတ်ကြည့်လိုက်တယ်။ [illegible]

"[illegible] မြတ်စွာဘုရား ဦးကိုပြောပြတဲ့ အကြောင်းအရာ [illegible] ထဲမှာ မင်းအောင်မြင်တဲ့အကြောင်းက [illegible] ရှုပါတယ် [illegible] ကျွန်းမှန်းတာ [illegible] မာနကို တံခွန်ထူထားတဲ့ အံ့ဖွယ်ပုဂ္ဂိုလ်တွေ [illegible] သိမ်မွေ့နူးညံ့ [illegible] မင်းအပြုအမူကို [illegible] ခံယူနိုင်ခြင်း [illegible] မင်းစိတ်ထဲက အမှန်ကို ကြိုတင်ခန့်မှန်း လို့ရတယ်"

ကျွန်တော်က ဦးခန့်မော် ရှက်သွားမှာစိုးလို့ အသာငြိမ် [illegible] ကျွန်တော်နဲ့ နှစ်ပေါင်းများစွာ အတူလက်တွဲ အလုပ်လုပ်လာခဲ့တဲ့ ဦးကိုမြတ်သူက ကျွန်တော့်အကြောင်း အမြဲချီးမွမ်း [illegible] သိမ်တော့ မဆန်းလှပါ။





မရိုးသတ် အခိုင်အမာ ရထားပြီးဖြစ်တဲ့ ကျွန်တော့်ရဲ့ အောင်မြင်မှုတွေကို ကျွန်တော်က အမြဲလိုလို ခြစ်ခြစ်ကုပ်ကုပ် ချုပ်ကိုင်သိမ်းဆည်းထားတတ်တာ အကျင့်တစ်ခုလို ဖြစ်နေပါပြီ။ နှစ်ပေါင်းများစွာ တစ်ဘဝဖြစ်ရတဲ့ ကျွန်တော့် သားအမိရဲ့ အိမ်ခြားကမ္ဘာလေးထဲမှာ အတန်အသင့် ငွေကြေးပြည့်စုံမှုရယ်၊ အေးချမ်းတဲ့ ချစ်ခြင်းမေတ္တာရယ်၊ ဒီနှစ်ခုကလွဲပြီး ဘယ်လိုပကာသန ဟန်ပြမှုမျိုးမှ မပါဝင်ခဲ့ပါ။

အမေနဲ့ ကျွန်တော့်ရဲ့ဘဝက အလွန်ကိုရိုးစင်းလှပါတယ်။

"ဘာပဲဖြစ်ဖြစ် မင်းနဲ့ အလုပ်တွဲလုပ်ရမှာ အစစအရာရာ အဆင်ပြေလာလိမ့်မယ်လို့ ဦးယုံကြည်ပါတယ်၊ တစ်ခုပြောစရာရှိတာက မင်းအရင် ထုတ်ဝေသူ မြတ်သူ နေရာမှာ ဦး အစားဝင်လာတဲ့သဘောပဲ၊ အဲဒီအတွက် မင်းစိတ်ထဲ ဦးကို အသစ်အဆန်းဆိုပြီး တောင်တောင်အီအီတွေ လျှောက်မတွေးပဲ အရင်လုပ်နေကျအတိုင်းပဲ ဆက်လုပ်ကြတာပေါ့၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ညာဘအရှိန်အဝါတစ်မျိုး လွှမ်းမိုးရောစွက်နေတဲ့ ဦးခန့်မော်ရဲ့လေသံက ကိစ္စအားလုံးကို ပိုင်ပိုင်နိုင်နိုင် အကွက်ချ တွက်ချက်ထားပြီးသည့်ပုံပင်။

ကိုမြတ်သူကိုလည်း လွယ်လွယ်ကူကူ ကတိပေးပြီး ခဲ့ပြီမို့ ဦးခန့်မော်နဲ့ လက်တွဲချင်ချင်၊ မတွဲချင်ချင် ကျိန်းသေပေါက် တွဲလုပ်ရတော့မှာ သေချာနေပါပြီ။ ဘာဖြစ်လာမလဲဆိုတဲ့ အတွေး တွေကို ခေါင်းထဲက ချက်ချင်းမောင်းထုတ်ပစ်လိုက်ပြီး ကျွန်တော် သက်ပြင်းတစ်ချက် ကျိတ်ချလိုက်တယ်။

"ဘယ်လိုလဲ လင်းသုခ၊ ဦး ပြောတာကို လက်ခံရဲ့လား"

"လက်ခံပါတယ် ဦး၊ ကျွန်တော့်ဘက်ကတော့ ဘာမှ ပြဿနာမရှိစေရပါဘူး၊ ကိုမြတ်သူနဲ့တုန်းကလိုပဲ ဆက် သွားမှာပါ၊ စာချုပ်ချုပ်ဖို့ ကိစ္စတွေကိုလည်း ဦးပဲ အစစ အရာရာ စီမံခန့်ခွဲပါ၊ ကျွန်တော့်ဘက်က အပိုင်းမှာတော့ အားလုံး အဆင်ပြေစေရပါမယ်"

"အိုကေ ... ဒါပေမဲ့ နောက်ဆုံးတစ်ခုတော့ မင်းကိုပြော ချင်တယ်ကွ"



ကျွန်တော် ဦးခန့်မော်ရဲ့ ရှေ့ဆက်ပြောလာမယ့် ...ားတွေကို ငံ့လင့်စောင့်စားနေမိတယ်။ သူက ကျွန်တော့်မျက် ...ကို စေ့စေ့ကြည့်ပြီး တစ်လုံးချင်း ပီသစွာ ဆိုလာတယ်။

"ဦးက စီးပွားရေးသမားဆိုတော့ အလုပ်တော်တော်များ များကို စီးပွားရေးမျက်စိနဲ့ပဲ ကြည့်တတ်တာ အကျင့်တစ်ခု လို ဖြစ်နေပြီကွ၊ ဦးပြောတာ မင်း သဘောပေါက်ရဲ့လား"

ကျွန်တော့်ရင်ထဲ တင်းကျပ်လေးလံမှုတွေ တစ်စ ...စ ကြီးစိုးဝင်ရောက်လာပါတယ်။ နားလည်ရခက်တယ်လို့ ...င်မိတဲ့ ဦးခန့်မော်ရဲ့ မျက်နှာပေါ်က အရိပ်အယောင်တချို့ကို ...ရေးရေး သိမြင်တွေ့ရှိလိုက်ရသလိုပဲ။

ကမ္ဘာပေါ်မှာ ကျွန်တော် ကြောက်ရွံ့မိတဲ့ အရာတွေ ...တော်များများထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ "ငွေ"ဆိုတဲ့ ...ရှင်ကို ဦးခန့်မော်က ရိုသေညွှတ်တွားပြီး ရှူးရှူးမူးမူးကိုးကွယ် ...ပါလားဆိုတာ ကျွန်တော် ဘွင်းဘွင်းကြီး သိလိုက်ရပါတယ်။

ကျွန်တော့်စိတ်ထဲ မသိုးမသန့် ဖြစ်သွားမိပေမယ့် ...လေးဆယ် အနေအထားမှာ တခြားထုတ်ဝေသူတွေနဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com



စကားသိပ်မပြောချင်။ ကိုမြတ်သူဆီ ပေးထားတဲ့ ကတိကိုလည်း ပြန်မဖျက်ချင်တာမို့ စိတ်ခိုးခိုးချလိုက်ရင်း ....

"စိတ်ချပါ ဦး၊ ကျွန်တော် အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်လို့ ကတိပေးပါတယ်၊ ဦးဘက်က အရှုံးမရှိစေရပါဘူး"

ကျွန်တော့်စကားကြောင့် ဦးခန့်မော် မျက်နှာ အရောင်တလက်လက် တောက်ပသွားခဲ့တယ်။

"ကြိုက်ပြီကွာ၊ ဦးက နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် သတိပေးတာပါ၊ မင်း အရည်အချင်းကိုတော့ ဦးကောင်းကောင်းကြီး အသိအမှတ်ပြုပြီးသားပါ"

ကျွန်တော့်ဘက်က ထွေထွေထူးထူး ဆက်ပြောစရာ မရှိတော့ပြီမို့ ဦးခန့်မော်ကို နှုတ်ဆက်ပြီး ထပြန်လာခဲ့ပါတယ်။

ခြံဝနားအရောက်မှာ ရုတ်တရက် ခြံထဲဝင်လာတဲ့ လင့်ခရူဇာကားကြီးကို ဘေးကပ်ရှောင်ရှားရင်း ဆက်ထွက်လာမိစဉ်မှာ ကျွန်တော့်နောက်က ထွက်ပေါ်လာတဲ့ ခြေသံတဖုတ်ဖုတ်ကြောင့် နောက်ကို မသိမသာ လှည့်ကြည့်လိုက်မိတယ်။





"ဟင်"

"ကိုကြီး"

ကျွန်တော် ပါးစပ်အဟောင်းသား ပွင့်သွားရတယ်၊ တစ်ပတ်ဆိုတဲ့ အချိန်ကာလလေးက ကျွန်တော့်မှတ်ဉာဏ်တွေကို မမှေးမှိန်စေခဲ့ပါဘူး။ အစီအစဉ်မကျတဲ့ တိုက်ဆိုင်မှုတစ်ခုကို အံ့အားသင့်နေမိစဉ်မှာပဲ ...

"ကိုကြီး ... ဟိုနေ့က လမင်းကို တကွစီဘားပေးလိုက်တဲ့ ကိုကြီးနော်၊ ဟား ... လမင်း ဝမ်းသာလိုက်တာ"

သူမက လက်ဖဝါးနှစ်ဖက်ကို ဆုပ်ယှက်ပြီး ခေါင်းလေးတငှဲငှဲနဲ့ ဆိုလာပါတယ်။ ပြုံးရွှင်ကြည်စင်နေတဲ့ ဖြူနုနုမျက်နှာလေးကို ကျွန်တော် မှင်သက်ငေးမောနေမိတယ်။ ဘာကြောင့် ဝမ်းသာတယ် ပြောတာပါလိမ့်။ သေချာတာ တစ်ခုကတော့ ကျွန်တော်လည်း ဒီတိုက်ဆိုင်မှုအတွက် အနည်းနဲ့အများ ကျေနပ်နေမိတာပါပဲ။

လမင်းက ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး ...

"ကိုကြီး ... လမင်းတို့အိမ်ကို ဘာလာလုပ်တာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အာမေဋိတ်သံ မထွက်မိအောင် ကိုယ့်ကိုယ်ကိုယ် ထိန်းရင်း မိုးပြာရောင် တိုက်အိမ်ကြီးဆီကို ဒုတိယအကြိမ်မြောက် အကြည့်ရောက်သွားပြန်တယ်။ လမင်းကို ဘာပြန်ပြောရမှန်း မသိအောင် နှုတ်ဆွံ့နေမိပါတယ်။

"ကိုကြီး ... လမင်းမေးတာ ဖြေလေ၊ ဘာလာလုပ်တာလဲလို့"

"ဟို ... အဲ ... ဦး ... ဦးခန့်မော်နဲ့ အလုပ်ကိစ္စလေးတစ်ခုရှိလို့ လာတွေ့တာပါ"

"ဟုတ်လား ... ဖေဖေ့ဆီ လာတာလား"

ကျွန်တော် အသာအယာ ခေါင်းညိတ်ပြလိုက်ရတယ်။ ကောင်မလေးက အဓိပ္ပာယ်ဖော်ရခက်တဲ့ ပြုံးစစအကြည့်နဲ့ ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်လာပါတယ်။

"ဘာပဲပြောပြော လမင်းကတော့ ဝမ်းသာတယ်၊ သိလား"

ကျွန်တော် လမင်းကို မျက်နှာလွှဲထားမိရင်း ...

"မင်းရော အိမ်ကလူတွေမသိအောင် ဘတ်(စ်)ကားစီးနေသေးလား"





ကျွန်တော့်အမေးကြောင့် လမင်းက ချစ်စဖွယ်ဟန်နဲ့ အားရပါးရ ရယ်မောချလိုက်တယ်။ ပြီးတော့ ခန္ဓာကိုယ်ကို ကျည့်ပက်လွှဲယမ်းပြီး မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ဖြေပါတယ်။

"ကိုကြီးကလည်း အဲဒီနေ့က စီးချင်စိတ် ပေါ်လာလို့ လျှောက်စီးမိတာပါ၊ တွေးကြည့်ရင် တော်တော်တော့ ပျော်စရာကောင်းတယ်"

"အေး ... မင်းအဖေသိရင် မလွယ်ဘူးနော်၊ အခုကော ဘယ်ကပြန်လာတာလဲ"

အချိန်တိုတိုလေးအတွင်းမှာ ရင်းနှီးမှု အတိုင်းအတာတစ်ခုကို ရောက်ရှိသွားပြီလို့ ကျွန်တော်တို့ နှစ်ယောက်လုံး ပြိုင်တူလိုလို ခံစားသိရှိလိုက်ရတယ်။

ကောင်မလေးက လက်ထဲကိုင်လာတဲ့ အရာကို မြှောက်ပြရင်း ဆိုလာတဲ့စကားကြောင့် ကျွန်တော် မျက်ခုံးနှစ်ဖက်လုံး ပင့်တက်ပြီး အံ့သြရယ်ချင်စိတ်တွေ ဖြစ်ပေါ်လာခဲ့တော့တယ်။ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ ... စာရေးဆရာ လင်းသုခရဲ့စာအုပ်၊ 'ကျိန်စာသင့်ရဲတိုက်' တဲ့၊ အသစ်ထွက်လို့ သွားဝယ်တာ၊ လမင်းက သူ့ရဲ့အရင်းနှီးဆုံး စာဖတ်ပရိသတ်လေ၊ သူ့ရဲ့စထွက်တဲ့ စာအုပ်ကနေ အခုချိန်အထိ လုံးချင်းဝတ္ထုတွေအားလုံး တစ်ယောက်တည်း ဒိုင်ခံအားပေးလာတာ"

ကျွန်တော့်ရဲ့စာအုပ်ကို စာရွက်တွေ တဖျပ်ဖျပ်လှန်လှောရင်း ရေပက်မဝင်အောင် အာသွက်လျှာသွက် ရှင်းပြနေတဲ့ ကောင်မလေးကို ကြည့်ရင်း ကျွန်တော့်မျက်နှာ ပြုံးယောင်သမ်းလာရပါတယ်။

"ကိုကြီးရော ဖတ်ဖူးလားဟင်"

"အင်း ... ဖတ်ဖူးပါတယ်"

"ဘယ်လိုလဲ၊ ကြိုက်လား"

"အင်း ... မဆိုးပါဘူး၊ သူလည်း အရေးအသားကောင်းတဲ့ စာရေးဆရာတစ်ယောက်ပါပဲ"

"ကိုကြီးတော့ မသိဘူး၊ လမင်းကတော့ သူ့ကို လုံးဝခရေစီပဲ၊ ယောကျ်ားစာရေးဆရာတွေထဲမှာ သူ့ကလွဲပြီး ဘယ်သူမှ မကြိုက်ဘူး၊ တစ်ခါတလေ အပြင်မှာ သိပ်တွေ့ဖူးချင်တာပဲ"





လမင်းကတော့ သူ့စကားနဲ့သူ ဟုတ်နေတာပါပဲ။

ကျွန်တော် ဘာမှဆက်မပြောတော့ဘဲ ကောင်မလေး ပြောသမျှကိုသာ နားထောင်နေမိပါတယ်။ ကိုယ့်ကိုရှေ့ထားပြီး ပေါ်တင်ကြီး အမြှောက်ခံနေရတဲ့အဖြစ်က ရင်ခုန်ပီတိ ဖြစ်ချင်စရာပါ။

"ကိုကြီးကို အဲဒီနေ့က လမင်း ပြောခဲ့တာ မှတ်မိသေးလား"

ကျွန်တော် အသာခေါင်းယမ်းပြလိုက်တယ်။

"ကိုကြီးနဲ့ နောက်တစ်ကြိမ် ထပ်ဆုံရပါစေလို့ ပြောခဲ့တယ်လေ၊ အခု လမင်းဆန္ဒတွေ ပြည့်သွားပြီ သိလား"

ကျွန်တော်နဲ့ အလှမ်းကွာဝေးလွန်းတဲ့ လမင်းရဲ့ကြီးမြတ်ခမ်းနားမှုတွေ၊ ဂုဏ်ပကာသနတွေကို မျက်စိထဲ မြင်ယောင်ရင်း သက်ပြင်းမောတစ်ချက်ကို ခပ်လေးလေး ချလိုက်မိပါတယ်။

"စောင့်ထိန်းနိုင်ခြင်း" ဟာ ကျွန်တော့်သိက္ခာ၊ မာနတရားကို ပိုမိုအရောင်တောက်လာစေမယ်လို့ ယုံကြည်လက်ခံလိုက်တဲ့ တဒင်္ဂမှာ ကျွန်တော့်ခြေလှမ်းတွေ လမင်းရှေ့က အလိုလိုနေရင်း ထွက်ခွာစပြုလာတယ်။

"ကဲ ... ကိုယ်သွားတော့မယ် လမင်း"



www.burmeseclassic.com

www.burmeseclassic.com



"ထင် _ ကိုကြီးကလည်း"

"ကိုယ် ခင်းအဖေနဲ့ အလုပ်ကိစ္စအတွက် စကားပြောစရာ ရှိလို့ လာတာကွ၊ ကိုယ့်မှာအချိန်မရှိဘူး၊ ပြန်တော့မယ်"

တစ်ဖက်က ထွက်ပေါ်လာမယ့် တုံ့ပြန်စကားကို ကျွန်တော် ဥပေက္ခာပြု၊ မသိကျိုးကျွန်ပြုရင်း အသွက်လက်ဆုံး ခြေလှမ်းတွေနဲ့ လှမ်းထွက်လာခဲ့ပါတယ်။

ကျွန်တော်ရော လမင်းပါ စိုးစဉ်းမျှ မရိပ်မိလိုက်တဲ့ အရာတစ်ခု၊ နောက်ပါးမှာ ကပ်ငြိကျန်ခဲ့တယ်။ အဲဒါကတော့ သိန်းငှက်တစ်ကောင်လို စူးရှတောက်ပတဲ့ မျက်ဝန်းတစ်စုံ ကျွန်တော်တို့နှစ်ယောက်ကို အစ်အဆုံး အဲကဲခတ် စောင့်ကြည့်နေခဲ့တယ် ဆိုတာပါပဲ။

❦ ✦ ❦



ဦးခန့်မော်နဲ့တွေ့ပြီး တစ်ပတ်လောက် အကြာမှာ ကိုမြတ်သူ နိုင်ငံခြားကို ထွက်သွားခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော် လုံးချင်းငါးအုပ်ကို ဦးခန့်မော်နဲ့ သဘောတူစာချုပ် ချုပ်ဆိုပြီးခဲ့ပါပြီ။

ဟစ်နေ့မှာတော့ ကျွန်တော် မထင်မှတ်ထားတဲ့ ဖြစ်ရပ်တစ်ခုက ကြိုတင် သတင်းမပေး၊ အကြောင်းမကြားဘဲ ကျွန်တော့်ရှေ့မှောက်ကို ဖြုန်းခနဲ ရောက်ချလာပါတယ်။

အဲဒီနေ့က ကျွန်တော် နှစ်အုပ်မြောက်လုံးချင်း အတွက် အစပျိုးဖို့ အကြိတ်အနယ် စဉ်းစားခန်း ဝင်နေမိစဉ်မှာပဲ…

"သား … အပြင်မှာ ဧည့်သည်ရောက်နေတယ်၊ သားနဲ့ တွေ့ချင်လို့တဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အခန်းထဲ ဝင်ရောက်လာတဲ့ မေမေ့ကြောင့် ကျွန်တော့်အတွေးစတွေ တိခနဲ ပြတ်တောက်သွားတယ်။

"ဘယ်သူလဲ မေမေ"

"သား ပရိသတ်လို့ ပြောတာပဲ သားရဲ့၊ ကောင်မလေးတစ်ယောက်"

ကျွန်တော့်စိတ်ထဲ ဖဝေဖဝါ ဖြစ်သွားပြီး သိချင်စိတ်တွေ ပြင်းပြလာပါတယ်၊ ကျွန်တော်က တော်ရုံတန်ရုံနဲ့ ကျွန်တော့်လိပ်စာကို လူသိသိပ်မခံခဲ့တဲ့ လျှို့လျှို့ဝှက်ဝှက် နေခဲ့သူတစ်ယောက်ပါ။

အရေးတကြီး အလုပ်ကိစ္စတွေအတွက်သာ ထုတ်ဝေသူနဲ့ မဂ္ဂဇင်းတိုက်တွေကို မဖြစ်မနေ လိပ်စာပေးထားတာမျိုးတွေပဲ ရှိခဲ့ပါတယ်။

ခုတော့ ဘယ်ကစာဖတ်ပရိသတ်ကများ ရှာစမ်းရှာဖွေပြီး ရောက်ချလာပါလိမ့်။ ကျွန်တော် ညှိခန်းရှိရာ အောက်ထပ်ကို ဆင်းလာတော့ ကျောပေးလျက် ထိုင်နေတဲ့ သဏ္ဌာန်တစ်ခုရှို့ တွေ့လိုက်ရတယ်။





ကျွန်တော် ချောင်းသံတစ်ချက် ဟန့်လိုက်တော့မှ ဖြာခနဲ လွင့်ဝဲသွားတဲ့ ဆံနွယ်ပျော့စင်းစင်းတွေကြားမှာ မျက်နှာလေးတစ်ခု ဘွားခနဲ ပေါ်လာတယ်။

ကျွန်တော် အကြီးအကျယ် အံ့သြဘနန်း ဖြစ်သွားရပါတော့တယ်။

"ဟင်"

လွှတ်ခနဲ ထွက်သွားတဲ့ အာမေဍိတ်သံကို တားဆီးဆိန်းချုပ်ခွင့် မရလိုက်ခင်မှာပဲ ကျွန်တော် သူမကို ငေးကြောင်ကြည့်နေမိတယ်။

သူမက ထိုင်ရာက ဆတ်ခနဲ ထပြီး ကျွန်တော်နဲ့ မျက်နှာချင်း ဆိုင်လာတယ်။

"ဘယ်လိုလဲ စာရေးဆရာကြီးရဲ့၊ သိပ်အံ့သြသွားပြီလား၊ ဒီကတော့ သူ့စာအုပ်တွေကို ကြိုက်လွန်းလို့ ထွက်သမျှ အကုန်ရှာဖွေစုဆောင်းထားလိုက်ရတာ၊ သူကတော့ အဲဒီနေ့က တမင်တကာကို မသိချင်ယောင် ဆောင်သွားတယ်...

ကိုကြီးကို လမင်း လုံးဝမကျေနပ်ဘူး၊ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ညစ်တစ်တစ်နဲ့ မျက်စောင်းခဲကြည့်ပြီး မတွေ့မချမ်း ရှေ့တွက်လာတဲ့ လမင်းကို ကျွန်တော် ဘယ်ကနေ ဘယ်လို ချော့ရမှန်းမသိအောင် ထူပူသွားရပါတယ်။ ဖြစ်နိုင်ရင် ကောင်မလေးရဲ့ အထင်လွဲခြင်းကို ကျွန်တော် နည်းနည်းလေးတောင် မခံယူနိုင်ပါ။

လမင်းနဲ့ ဒုတိယအကြိမ်မြောက် ထပ်တွေ့တဲ့နေ့ ကလည်း သူသိပ်ကြိုက်တဲ့ စာရေးဆရာ လင်းသုခ ဆိုတာ ကျွန်တော်ပါဆိုတာ ရဲရဲဝံ့ဝံ့ ထုတ်ဖော်ဝန်ခံနိုင်ဖို့ အင်အားတွေ မရှိခဲ့ ရိုး အမှန်ပါ။ လမင်းက ကျွန်တော့်ကို ခပ်တည်တည် စူးစိုက် ကြည့်ရင်း ...

"ကိုကြီးအကြောင်းကို ဖေဖေ့ဆီက မမျှော်လင့်ဘဲ သိခွင့် ရလို့ အိမ်အထိတောင် လိုက်လာတာ၊ လိပ်စာကိုလည်း မရမက တောင်းယူခဲ့ရတယ်၊ ကိုကြီး ဘာလို့ လမင်းကို အမှန်အတိုင်း ဖွင့်မပြောခဲ့တာလဲဟင်"

ရုတ်တရက် တိမ်ဝင်သွားတဲ့ အသံတိုးဖျော့ဖျော့လေး ကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး ကောင်မလေးကို လှမ်းကြည့်လိုက်ပါတယ်။ စိတ်ထင်တိုင်း လျှောက်လုပ်တတ်ပုံ





တဲ့ သူမလေးရဲ့ ရီဝေဝေ မျက်ဝန်းတွေထဲမှာ ဝမ်းနည်းနာကျင် ခြင်းတချို့ကို ကျွန်တော် ရှာဖွေတွေ့ရှိလိုက်ရတယ်။

"လမင်းဘဝက သိပ်ကို အထီးကျန်ဆန်ပါတယ် ကိုကြီး၊ ညီအစ်ကိုမောင်နှမသားချင်းလည်း မရှိဘူး၊ အမေဆိုတာ ကို မွေးကတည်းက ခုချိန်ထိ ဖြူလား မည်းလားတောင် ကွဲကွဲပြားပြား သိခွင့်မရခဲ့ပါဘူး၊ လမင်းမှာ သူငယ်ချင်း အပေါင်းအသင်းလည်း များများစားစား မရှိဘူး၊ ဘယ်ဘက် ကိုပဲကြည့်ကြည့် တစ်ယောက်တည်း ရှိတယ်လို့ပဲ ခံစား ရတယ် ...

ဖေဖေကလည်း သူ့စီးပွားရေးလုပ်ငန်းတွေနဲ့သူ မအားမလပ်နိုင်အောင် ဖြစ်နေတာ၊ လမင်းနားမှာ အချိန်ပြည့် အနီးကပ်မနေပေးနိုင်ဘူး၊ အဲဒါကြောင့် လမင်းတစ်ယောက် တည်း လုပ်ချင်ရာတွေ လျှောက်လုပ်တယ် ...

အမှန်အတိုင်း ဝန်ခံရရင် လမင်း ကိုကြီးကို မြင် မြင်ချင်း သံယောဇဉ်တွယ်မိတယ်၊ လမင်း အရမ်းကြိုက် တဲ့ စာရေးဆရာတစ်ယောက် ဖြစ်နေတယ်ဆိုတာ သိလိုက် ရတော့ ဖော်မပြနိုင်အောင် ဝမ်းသာသွားမိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုကြီးက လူလိမ် လူညာ၊ လမင်းကို ဖုံးကွယ်ထားတယ်"

နွတ်တရွတ် ကလေးဆန်ပုံလေးနဲ့ ပေါက်ကွဲရေရွတ်နေတဲ့ ကောင်မလေးကိုကြည့်ရင်း ကျွန်တော့်ရင်တစ်ခုလုံး ဖြောင်းဆန်လှုပ်ရှားသွားရပါတယ်၊ အဲဒါမှ ဒုက္ခ။ သူ စိတ်ပြေအောင် ဘယ်လိုနည်းနဲ့ ပြန်ချော့ရပါ့။

"ကိုယ် ဖုံးကွယ်ထားတာ မဟုတ်ပါဘူးကွာ"

"ဒါဆို ဘာလို့ အဲဒီနေ့က လမင်းကို ဝန်မခံခဲ့တာလဲ။ လမင်းကတော့ သူ့ကို မခြွင်းမချန် ရင်ထဲရှိတာတွေ ထုတ်ပြောလိုက်ရတာ၊ ကိုကြီး လုံးဝ မတရားဘူး ... သိလား"

ကျွန်တော် တုံ့ပြန်မှုကင်းမဲ့စွာ နှုတ်ဆိတ်နေမိတယ်။ သိပ်မကြာလှတဲ့ အချိန်ကာလလေး တစ်ခုအတွင်းမှာ ကျွန်တော်တို့နှစ်ယောက်စလုံးရဲ့ နှလုံးသားတွေကို ခပ်တင်းတင်း ဆွဲယူရစ်ပတ်ဖွဲ့နှောင်လိုက်တဲ့ ကြိုးတစ်ချောင်း ရှိနေပြီဆိုတာ သိလိုက်ရတဲ့ခဏ အံ့ဩမှင်သက်သွားမိပါတယ်။



သေချာတယ်။ သံယောဇဉ်ရဲ့ လွှမ်းမိုးခြင်းကို ကျွန်တော်တို့ အံတုယှဉ်ပြိုင်နိုင်စွမ်း မရှိခဲ့ကြဘူး။

အရိုင်းဆန်တဲ့ ကျွန်တော့်ရင်ခုန်သံတွေက အရှိန်အဟုန်ပြင်းပြင်း ပေါက်ကွဲလွင့်စဉ်လာနေချိန်မှာ နူးညံ့သိမ်မွေ့တဲ့အရာတစ်ခု မွေးဖွားရှင်သန်လာခဲ့တယ်။

ကျွန်တော် "အချစ်"ကို တူးဖော်ရှာဖွေတွေ့ရှိသွားပြီ။ အဲဒီအသိစိတ်လေး တစ်ခုနဲ့ပဲ အရာရာအားလုံး လှပအသက်ဝင်သွားခဲ့ပါတော့တယ်။

"ကလေးရယ် ... မင်းစိတ်ဓာတ်ကို ကိုကြီး နားလည်ပါတယ်၊ မင်းလို ဖြူစင်ရိုးသားတဲ့ မိန်းကလေးတစ်ယောက်အပေါ်မှာ ဖုံးကွယ်ထားချင်တဲ့ဆန္ဒ တစိုးတစိမှ မရှိပါဘူး၊ အခါအခွင့်မသင့်လို့ ဖွင့်မပြောဖြစ်ခဲ့တာပါ၊ ကိုကြီးကိုခွင့်လွှတ်နော်"

အံ့ဩစရာကောင်းလောက်အောင် ကျွန်တော့်စကားသွားက နူးညံ့သိမ်မွေ့မှုအပြည့်နဲ့ စီးဆင်းပျော်ဝင်နေခဲ့တယ်။ ...ဘာ မျက်နှာနီနီရဲရဲလေးနဲ့ နှုတ်ခမ်းကို စုချွန်ပြီး ကျွန်တော့်... ... ရှိုးလာပါတယ်။

www.burmeseclassic.com

"ဖြစ်မြ ပြီးတာပဲ၊ ဒါဆို လမင်းကို စာအုပ်ထွက်တိုင်း လက်ဆောင်ပေးရမယ်"

သူမရဲ့ ကလေးဆန်ဆန် အပြောလေးကြောင့် ကျွန်တော် သဘောကျစွာ ရယ်မောလိုက်မိတယ်။ ဖအေတစ်ယောက်လုံးက ထုတ်ဝေသူ လုပ်ပေးထားတဲ့ စာရေးဆရာတစ်ယောက်ဆီက စာအုပ်လေးတစ်အုပ်ကို မက်မက်မောမော တောင်းခံနေပုံလေးက ချစ်စရာပါ။

"ဘာရယ်တာလဲ၊ ကတိပေးလေ"

"ပေးပါတယ်ကွာ ပေးပါတယ်၊ တစ်အုပ်မကဘူး ကြိုက်သလောက်ယူပါ၊ ကဲ ... ကျေနပ်ပြီလား"

လမင်းက မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း အင်တင်တင်နဲ့ ခေါင်းညိတ်ပြပါတယ်။

"မဆီမဆိုင် မေးပါရစေဦး၊ အခုကော ဘာကားနဲ့လာတာလဲ"

"ပထမတော့ အိမ်ကကားနဲ့ လာမလို့ပါပဲ၊ ဒါပေမဲ့နောက်မှ စိတ်ကူးပြောင်းသွားတယ်၊ ဘတ်(စ်)ကားစီးချင်ပေ





ပေါ်လာတာနဲ့ စီးပြီးလာတာ၊ ဖေဖေကတော့ အိမ်ရောက်ရင် ဘာပြောဦးမလဲ မသိဘူး"

မထင်မှတ်တဲ့ ရှထောင့်တစ်ခုကနေ ဘွားခနဲ ပေါ်ပါ ဘာတဲ့ အရိပ်အငွေ့တချို့က ကျွန်တော့်ရင်ခုန်သံတွေကို ခပ်ပြင်းပြင်း အဟုန့်အတား ပြုလိုက်တယ်။ ဘာမှန်းမသိဘဲ ကျွန်တော့်စိတ်တွေ တင်းကျပ်လေးလံသွားရပါတယ်။

"ဒါဆို လမင်း အိမ်ပြန်သင့်ပြီလို့ ကိုယ်ထင်တယ်၊ အရမ်းကြာနေရင် ဦး စိတ်ပူနေလိမ့်မယ်နော်"

ကျွန်တော့်ရဲ့စိုးရိမ်ပူပန်မှုကို လမင်းက ထူးထူးဆန်းဆန်း မအံ့သြတဲ့ပုံနဲ့ ဟန်မပျက် တုံ့ပြန်လာပါတယ်။

"ဖေဖေကလည်း သူ့အလုပ်ကိစ္စတွေနဲ့သူ ရှုပ်နေတာ၊ လမင်းခြေးမှာ အချိန်ပြည့် ရှိမနေနိုင်ပါဘူး"

"ဦးကို အထင်မလွဲပါနဲ့ကွာ၊ သူ့မှာ ဒီသမီးလေးတစ်ယောက်တည်းရှိတာ၊ ဘယ်လောက် ချစ်မြတ်နိုးလိုက်မလဲဆိုတာ ကိုကြီး ကိုယ်ချင်းစာပေးလို့ ရတယ်၊ လမင်း အိမ်ပြန်တော့နော်၊ ကိုကြီး ကားငှားပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



လမင်းက ကျွန်တော့်ကို အလိုမကျတဲ့ပုံနဲ့ လှမ်းကြည့်ပြီး ခြေထောက်ဆောင့် ဆိုလာပြန်တယ်။

"ဘာလို့ လူကို ဒီလောက်နှင်နေတာလဲ၊ ဒီမှာ ဟန်းဒ်ဖုန်းပါတယ်၊ အခုချက်ချင်း အိမ်ကိုလှမ်းအကြောင်းကြားပြီး ကားလွှတ်ခိုင်းလို့ရတယ်၊ ဘာလဲ ... ကိုကြီးက လမင်းကို အိမ်မလာစေချင်ဘူးလား"

"ဟာကွာ ... မဟုတ်ရပါဘူးကွာ၊ ကလေးနဲ့တော့ ခက်တော့တာပဲ"

ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိအောင် ခေါင်းခြောက်သွားမိတယ်။ လမင်းဟာ သူဌေးဦးခန့်မော်ရဲ့သမီး ဖြစ်နေတဲ့အတွက် လိုတာထက်ပိုပြီး ပတ်သက်ချင်စိတ် မရှိတာအမှန်ပါ။ ကျွန်တော့်ရင်ထဲက ဆန္ဒလေးတစ်ခုအတွက် အဘက်ဘက်က ဖြစ်ထွန်းပေါ်ပေါက်လာမယ့် အဟန့်အတားမျိုးစုံကို ခံနိုင်ရည်ရှိဖို့ မကြိုးစားနိုင်ပါ။

ရှေ့တိုးမရ၊ နောက်ဆုတ်မရ၊ အကျပ်အတည်းတွေဟာ ကျွန်တော့်အတွက် အမှန်တကယ်ကို ခက်ခဲပင်ပန်းစေမှန်း ဘွင်းဘွင်းကြီး သိခွင့်ရခဲ့ပါပြီ။



သူမလေးအပေါ် မရိုးမသားစိတ် ဝင်မိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်မကင်းသလို မလုံမလဲ ခံစားရပါတယ်။

"ကိုကြီး ... လမင်းကို မခင်ဘူးလား၊ ပြော"

လက်ညှိုးလေး တထိုးထိုးနဲ့ တရားခံစစ် စစ်လာတဲ့ ကောင်မလေးမျက်နှာကို ကျွန်တော် တည့်တည့်ရင်ဆိုင်မကြည့်ရဲသူး။ အဖြေတစ်ခုရှိနေတာ သေချာနေပြီဖြစ်တဲ့ ကျွန်တော့်မျက်ဝန်း[illegible] အရိပ်အယောင်တွေကို သူကလေး ဘာသာပြန်တတ်သွားမှာ [illegible]ခံမိပါတယ်။

"လမင်း မေးတာ ဖြေလေ"

"ကိုကြီး လမင်းကို ခင်ပါတယ်ကွာ၊ ကိုယ့်ညီမလေးတစ်ယောက်လိုရော မိတ်ဆွေအပေါင်းအသင်း တစ်ယောက်လိုပါ ခင်မင်မိတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ..."

ကျွန်တော့်ရှေ့ဆက်စကားကို လမင်းက ရုတ်တရက် ပြောင်ဖြတ်လိုက်တယ်။

"လမင်းလည်း ကိုကြီးကို ဝန်ခံရဦးမယ်၊ ကိုကြီးကို ဘတ်(စ်)ကားပေါ်မှာ စတွေ့ကတည်းက တကယ်ခင်သွား

www.burmeseclassic.com

www.burmeseclassic.com



တာ သိလား၊ အဲဒီနေ့က ကိုကြီးခြေထောက်ကို လမင်းတက်နင်းထားတာလေ”

အပူအပင်ကင်းကင်းနဲ့ ပြောချင်ရာတွေ လျှောက်ပြောနေတဲ့ သူမကို ကျွန်တော် စိတ်မသက်မသာနဲ့ပဲ လှမ်းကြည့်နေမိတယ်။

ဆုံတွေ့ခွင့်ကို ဖန်ဆင်းပေးခဲ့တဲ့ ကံကြမ္မာကိုပဲ ကြဲဖန်အပြစ်တင်ရမလား မဆိုနိုင်တော့ပါ။

လမင်းက ကျွန်တော့်ကိုတင်မကဘဲ မေမေ့ကိုပါ တရင်းတနှီးနဲ့ ခင်မင်သိကျွမ်းလာခဲ့ပါတယ်။

“အန်တီရယ် ... လမင်းက သူ့ကို ခုချိန်ထိ တစိုက်မတ်မတ် အားပေးလာခဲ့တဲ့ အမာခံပရိသတ်လေ၊ သူနဲ့သိကျွမ်းခွင့်ရလို့ သူများတွေကိုတောင် လျှောက်ကြွားထားတာ ဒါကို သူက မာနကြီးတစ်ခွဲသားနဲ့ အတင်းနင်ထုတ်နေတယ်၊ တကယ့်ကလေ့ရှင် စာရေးဆရာကြီး”

ဘာမှ အကြောင်းမသိတဲ့ မေမေကတော့ လမင်းဘက်တော်သား ဖြစ်မှန်းမသိ ဖြစ်သွားခဲ့တယ်။





“ဟုတ်တာပဲ သားကလည်း၊ သမီးလေးက ဒီလောက်ချစ်စရာကောင်းပြီး ခင်မင်ရင်းနှီးချင်စရာ ကောင်းတဲ့ဟာ၊ ဒီမှာ သမီး၊ သားမခေါ်လည်း အန်တီက အမြဲတမ်း ကြိုဆိုလျက်ပါ၊ နောက်လည်း ဝင်ထွက်သွားလာနိုင်ပါတယ်၊ ဘာမှအားနာစရာ မလိုဘူးနော်”

မေမေက လမင်းကို မြင်မြင်ချင်း ချစ်ခင်သွားတဲ့ပုံနဲ့ လောကွတ်တွေ ပိုနေပါတော့တယ်။ ကျွန်တော့်မှာတော့ သက်ပြင်းတွေ အခါခါချရင်း စိတ်ထဲမှာ ဘာကိုမှန်းမသိ မောနေခဲ့ရတယ်။

ကျွန်တော့်နားထဲမှာ တစ်ခုခုကို အချက်ပေးသလို သတိပေး တားမြစ်သံတွေ တစ်စတစ်စ ကြားယောင်နေမိသလိုပဲ။

“ကိုကြီး ဘာလို့ ဒီလောက်ငိုင်နေတာလဲ”

“ဟင်”

“လမင်း ကြည့်နေတာ ကြာပြီ၊ ဘာလဲ ... ကိုကြီး စိတ်အနှောင့်အယှက် ဖြစ်နေလားဟင်၊ လမင်း လာလို့ ကိုကြီး စိတ်ညစ်နေတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဟုတ် ... မဟုတ်ပါဘူးကွာ"

ကျွန်တော့်လက်မောင်းကို ဖျတ်ခနဲ ကိုင်လှုပ်မေးလာတဲ့ မေးခွန်းကို မဖြေခင် ကျွန်တော့်ရင်ထဲ လှပ်ခနဲ အေးသွားရတယ်။

ကျွန်တော်က ရင်ခုန်သံ ဆိုတာကို ကိုယ်ရေးတဲ့ ဝတ္ထုတွေထဲမှာပဲ လှပအသက်ဝင်အောင် ထိထိမိမိ ပုံဖော်ညွှန်းဆိုခဲ့တာပါ။ ကိုယ်တိုင်ကိုယ်ကျ ခံစားတွေ့ရှိလိုက်ရတဲ့ ရင်ခုန်သံ အသစ်အဆန်းတစ်မျိုးကတော့ ကျွန်တော့်နှလုံးသားကို ရှိန်းမြည့်သက်စွာ ယစ်မူးသွားစေခဲ့ပါတယ်။

ကောင်မလေးကတော့ သာမန်အမူအရာမျိုးနဲ့ပဲ ကျွန်တော့်မျက်နှာကို ငေးစိုက်ကြည့်နေခဲ့တယ်။ သူ့မျက်ဝန်းတွေထဲမှာ ကျွန်တော့်အပေါ် ခင်တွယ်မှု အငွေ့အသက်တချို့ ပမာဏများစွာ ပေါ်လွင်ထင်ဟပ်လို့။

"ဒါဆို နောက်လည်း လမင်း လာလည်ဦးမယ်နော်။ ကိုကြီး စိတ်အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ထပ်လာခွင့်ပေးပါလို့ တောင်းဆိုပါရစေ"





"ကိုကြီးဘက်က ပြဿနာမရှိပါဘူး လမင်းရယ်၊ မင်းဘက်ကိုသာ ငဲ့ပြီးပြောတာပါ၊ ဒါပေမဲ့ တစ်ခုတော့ ကတိပေးရမယ်"

"ဘာလဲဟင်၊ ဘာကတိပေးရမှာလဲ"

"တစ်ယောက်တည်း ဘတ်(စ်)ကား လျှောက်မစီးပါဘူး ဆိုတဲ့ ကတိ"

လမင်းက ကျွန်တော့်အပြောကြောင့် ခွက်ထိုးခွက်လန် ရယ်မောရင်း ခေါင်းတညိတ်ညိတ်နဲ့ ...

"အဟားဟား ... စိတ်ချပါ ကိုကြီးရဲ့၊ လမင်း ဘယ်တော့မှ မစီးတော့ပါဘူး၊ ကိုကြီးကို သေချာပေါက် ကတိပေးတယ်"

အဲဒီနေ့က ညနေစောင်းတဲ့အထိ လမင်း ကျွန်တော့်အိမ်မှာပဲ ထမင်းစား၊ တစ်ဝကြီးနေပြီး ပြန်သွားပါတယ်။ ကျွန်တော်လည်း အစပြုဖို့ ကြိုးစားဆဲတန်းလန်း စာမူကို အေးချိတ်ပြီး ညှိညှိတွေနပ်အောင် အစွမ်းကုန် ညှဲ့ဝတ်ကျေရတယ်။ အချိန်တိုလေး အတွင်းမှာ ခင်မင်ရင်းနှီးမှု အတိုင်းအတာပမာဏ များကြီးမားလွန်ကဲသွားခဲ့တာ၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်တည်း ထူးဆန်းအံ့အားသင့်နေခဲ့ပါတယ်။



www.burmeseclassic.com

ကျွန်တော့်ဆန္ဒကို လိုက်လျောတဲ့အနေနဲ့ လမင်းက သူ့အိမ်ကို ဖုန်းဆက်ပြီး ကားအကြိုလွှတ်ဖို့ ခေါ်လိုက်ပါတယ်။

လမင်း ကားလေး ခြံဝင်းထဲက ပျောက်ကွယ်သွားတဲ့အထိ မျက်စိတဆုံး ငေးမောကြည့်နေတဲ့ ကျွန်တော့်နောက်ပါးမှာ မေမေက ရုတ်တရက် လာရပ်ရင်း ...

"ဆန္ဒဆိုတာ တစ်ခါတစ်ရံမှာ မြေမြှုပ်သိမ်းဆည်းပစ်လိုက်တဲ့ အရာတစ်ခု ဖြစ်သွားတတ်တယ် သား၊ သူ့ကိုရှေ့တန်းမတင်သင့်တဲ့ အနေအထားမျိုးတွေနဲ့ မလွဲမသွေ ကြုံဆုံလာတဲ့ အချိန်ကျရင်ပေါ့ ...

မေမေ ဘာဆိုလိုလဲဆိုတာ သား သဘောပေါက်မှာပါ"

ကျွန်တော် မေမေ့ကို မလှုံမလဲ လှမ်းကြည့်လိုက်မိတယ်။ စာရေးဆရာတစ်ယောက်ရဲ့ မိခင်ပီသစွာပဲ မေမေ့စကားလုံးတွေက ထိမိပြောင်မြောက်မှုတွေနဲ့ အဓိပ္ပာယ်ပြည့်ဝနေခဲ့တယ်။ မေမေ့မျက်ဝန်းထဲမှာ ကျွန်တော်နဲ့ လမင်းအတွက် အရာရာကို သိမြင်နေလို့ သတိပေးတားမြစ်ချင်တဲ့ အရိပ်အယောင်တွေ အထင်းသား ပေါ်လွင်နေသလိုပါပဲ။



မေမေ့ရဲ့ စူးစမ်းအကဲခတ်လာတဲ့ အကြည့်ဒဏ်ကို ကျွန်တော် အံတုရင်ဆိုင်နိုင်စွမ်း မရှိခဲ့ဘူး။ ကျွန်တော့်ရင်ထဲက ခံစားချက် အစစ်အမှန်ကို မေမေက ကွက်တိ ဒက်ထိ ဘာသာပြန်ဆက်နေခဲ့ပါတယ်။

"သားတစ်သက်လုံး ထိန်းသိမ်းဖက်တွယ်လာခဲ့တဲ့ သိက္ခာနဲ့ မာနတရားအတွက် ချွတ်ချော်တိမ်းစောင်းမှု မရှိအောင် ကိုယ့်ကိုယ်ကိုယ် အနေခေါင်းဆုံး ပြန်အကာအကွယ်ပေးနိုင်ရမယ်ဆိုတာ သားခေါင်းထဲ ထည့်ထားဖို့လိုမယ်နော် ...

လမင်းလေးကို မြင်မြင်ချင်း ချမ်းမြေ့သမီးရင်းတစ်ယောက်လို ချစ်ခင်တွယ်တာသွားမိတာ မေမေလည်း ဝန်ခံပါတယ်၊ ဒါပေမဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းဆိုတာ ထည့်မတွက်လို့ မရတဲ့ အကြီးမားဆုံး အတားအဆီးကြီးတစ်ခုပဲ သား"

မေမေ့စကားတွေဟာ အတိုင်းအတာ တစ်ခုထိရောက်အောင် တည်သွားနေခဲ့တယ်။ ကျွန်တော်ကတော့ သက်ပြင်းလေးကို အသာချရင်း ... ❦ ◈ ❦

www.burmeseclassic.com



"စိတ်ချပါ မေမေ၊ တကယ်တော့ လမင်းရဲ့ဖေဖေ ဦးခန့်မော်ဟာ သားရဲ့လက်ရှိထုတ်ဝေသူပါ၊ တစ်နည်းပြောရရင် ကျေးဇူးရှင်လို့လည်း ကျွန်တော့်စိတ်ထဲမှာ မှတ်ယူထားပါတယ်၊ ကျေးဇူးရှင်ကို ကျေးဇူးဖွပ်တတ်တဲ့ စိတ်ထားမျိုး ဒေါ်တင်မေမျိုးရဲ့သားဆီမှာ မပိုင်ဆိုင်ထားပါဘူး"

မေမေက ကျွန်တော့်စကားအတွက် အစွမ်းကုန်ကျေနပ်သွားပုံနဲ့ ကြည်နူးပီတိဖြစ်စွာ ပြုံးနေခဲ့ပါတယ်။

တကယ်တမ်းမှာ ပုထုဇဉ် လူသားတစ်ယောက်အတွက် "အချစ်"ဆိုတဲ့ နှံ့ထဲကနေ လွတ်မြောက်အောင် ကြိုးစားရုန်းထွက်နိုင်ဖို့ဆိုတာ ကြီးမားခက်ခဲဆုံး လုပ်ရပ်တစ်ခုဖြစ်ကြောင်းကိုတော့ မေမေ့ကို အထူးတလည် မရှင်းပြချင်တော့ပါဘူး။

ဒါပေမဲ့ ကျွန်တော် ကမ္ဘာကျော်ပြဇာတ် စာရေးဆရာကြီး ရှိတ်စပီးယားကို ခုချိန်မှာ နည်းနည်းတော့ မကျေမနပ်ဖြစ်မိတယ်။ ဘာကြောင့်လဲဆိုတော့ ရိုမီယိုနဲ့ ဂျူးလီယက်ကို ကျွန်တော်နဲ့လမင်းလို ဇာတ်ကောင်စရိုက်မျိုး ဖန်တီးပေးခဲ့လို့ပေါ့။

❣ ◆ ❣



တရွေ့ရွေ့ လည်ပတ်နေတဲ့ အချိန်ယန္တရားကြီးရဲ့ ...ကွင်းထဲမှာ ကျွန်တော်တို့အားလုံး စီးမျောလိုက်ပါရင်း တစ်...မှာ ကျွန်တော် မမျှော်လင့်ထားတဲ့ ဖြစ်ရပ်တစ်ခုကို ကံကြမ္မာ... ဆိုက်ဆိုက်မြိုက်မြိုက် ဖန်တီးပေးခဲ့ပါတယ်။

အဲဒီနေ့က ဦးခန့်မော်နဲ့ စာချုပ်ချုပ်ထားတဲ့ လုံး...ခင်းငါးအုပ်မှာ နောက်ဆုံး ငါးအုပ်မြောက်စာအုပ် ထုတ်ဝေပြီးစီး...နေ့ပါ။

"အရေးကြီးကိစ္စ ပြောစရာရှိတယ်"လို့ ဆိုလာတဲ့ ...ခန့်မော်ရဲ့ ချိန်းဆိုမှုကြောင့် ကျွန်တော် သူ့ရုံးခန်းရှိရာ လမင်းဖြူ...ဆီကို ရောက်လာခဲ့ရတယ်။

www.burmeseclassic.com



သူ့ရဲ့တစ်ဦးတည်းသောသမီး လမင်းဖြူ နာမည်နဲ့ ဆောက်လုပ်ရေးကုမ္ပဏီထောင်ထားတဲ့ ဦးခန့်မော်ရဲ့ တစ်ဖက်တစ်လမ်း စီးပွားရေးတွေကလည်း အံ့သြစရာ ကောင်းလောက်အောင် ထွန်းပေါက် အောင်မြင်နေခဲ့ပါတယ်။

ဦးခန့်မော်က ကွန်ပျူတာစားပွဲပေါ်မှာ အေးအေးလူလူ အလုပ်လုပ်နေရင်း ကျွန်တော်, ဝင်လာတာကိုမြင်တော့ မေးတစ်ချက်ဆတ်ပြပြီး ကြိုဆိုတယ်။

"အေး ... လာကွာ လင်းသုခ၊ မင်းကို မျှော်နေတာ"

ခုချိန်ထိ သူ့ရဲ့ဦးတည်ချက်ကို ကျွန်တော် တိတိကျကျ မသိရသေး။ ဦးခန့်မော်နဲ့ကျွန်တော် စာချုပ် ချုပ်ပြီးကတည်းက ကြားထဲမှာ မှတ်မှတ်ရရ သုံးကြိမ်လောက်သာ ထပ်ဆုံတွေ့ခွင့်ရခဲ့တာမို့ တော်တော်ကြီးကို အလှမ်းဝေးလွန်းခဲ့ပါတယ်။ ဦးခန့်မော်က စာအုပ်လုပ်ငန်းကို မန်နေဂျာတစ်ယောက်နဲ့ လွှဲထားပြီး တခြားစီးပွားရေးတွေဘက်ကို ဦးစားပေးခဲ့သူပါ။

"ဦး ကျွန်တော့်ကိုခေါ်တာ အရေးကြီးကိစ္စ ရှိလို့လားခင်ဗျာ"



သူက စားပွဲပေါ် လက်နှစ်ဖက်ထောက်ရင်း မျက်နှာကိုင်းကို တစ်ချက်ပင့်တင်ပြီး ကျွန်တော့်ကို အဓိပ္ပာယ်ဖော်ရခက်တဲ့ အကြည့်နဲ့ စိုက်ကြည့်လာပါတယ်။ သူ့အကြည့်ကြောင့် ကျွန်တော့်စိတ်ထဲ ထင့်ခနဲဖြစ်သွားတာတော့ အမှန်ပါ။

"ငါ့အတွက်ကတော့ အရေးကြီးကိစ္စတစ်ခုလို့ သတ်မှတ်လို့ရတာပေါ့ကွာ"

ကျွန်တော် ဦးခန့်မော်ဆီက နောက်ဆက်တွဲ ထွက်လာမယ့် စကားတွေကို ငြိမ်သက်စွာ ငံ့လင့်စောင့်စားနေမိပါတယ်။

သူက လည်ချောင်းတစ်ချက်ရှင်းပြီး ဆက်ပြောတယ်။

"ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ မင်းနဲ့ငါ တွဲလုပ်ထားတဲ့ အလုပ်ကိစ္စနဲ့လည်း ဘာမှမပတ်သက်ဘူး၊ အလုပ်ကိစ္စပိုင်းမှာ မင်းကတော်တယ်၊ အရည်အချင်းရှိတယ်၊ ကိုယ့်ထုတ်ဝေသူအပေါ်မှာ သစ္စာရှိတယ်၊ ဒီအချက်တွေအားလုံးက မင်းဘဝကို အရောင်တောက်စေတဲ့ အဓိကအချက်တွေပေါ့

www.burmeseclassic.com



အခု မင်းကို ပြောပြမယ့် အကြောင်းအရာက မင်းရော ငါရော နှစ်ယောက်လုံးနဲ့ သက်ဆိုင်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုပါ"

ကျွန်တော့်ခေါင်းထဲ ဒိန်းခနဲ တစ်ချက်ခုန်ဆောင့်သွားပါတယ်။ ဒါတွေဟာ အနှ ရာယ်အချက်ပေး ခေါင်းလောင်းသံတွေများလား။ နောက်ပြီး တစ်ခုခုကိုလည်း ရိပ်မိသိရှိသွားသလိုပဲ။ ကျွန်တော့် အတွေးမဆုံးခင်မှာပဲ ဦးခန့်မော်က စကားဆက်ဆိုလာတယ်။

"ငါ အဓိက ပြောချင်တာ သမီးလေးနဲ့ ပတ်သက်တဲ့ အကြောင်းပါ လင်းသုခ"

ရုတ်တရက် စိုက်ကျလာတဲ့ စူးရှတောက်ပတဲ့ မျက်ဝန်းတစ်စုံက ကျွန်တော့်ကို ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်လာခဲ့တယ်။ ကျွန်တော့် ရင်ခုန်သံတွေ အရှိန်အဟုန်ပြင်းစွာ ချည်ပေါက်ကွဲလာရပါတယ်။

"မင်းဟာ သိက္ခာရှိပြီး လေးနက်တည်ကြည်တဲ့ ယောကျ်ားကောင်းတစ်ယောက်လို့ ငါ ရာနှုန်းပြည့် ယုံကြည်ထားတယ်





လင်းသုခ။ သမီးလေးက ငါ့ရဲ့ တစ်ခုတည်းသော ကမ္ဘာပါ၊ မိတဆိုးဘဝနဲ့ ရှင်သန်ကြီးပြင်းလာခဲ့ရတဲ့ ငါ့သမီးလေးကို အကောင်းဆုံးတွေချည်းပဲ ပိုင်ဆိုင်စေချင်တဲ့ဆန္ဒ ဖခင်တစ်ယောက်ရဲ့အတွက်ကို မင်း သဘောပေါက်လိမ့်မယ်လို့ ယူဆပါတယ် ...

သမီးလေးကို နောက်လထဲမှာ အမေရိကားပို့ပြီး ကျောင်းတက်နိုင်းဖို့ စီစဉ်ထားတယ်၊ ဒါပေမဲ့ တစ်ခုထူးဆန်းစရာ ဖြစ်နေတာက ငါ့စီစဉ်ညွှန်ကြားမှု တော်တော်များများကို တစ်လျှောက်လုံး ခေါင်းညိတ် လက်ခံခဲ့တဲ့ သမီးဟာ အခု ဒီကိစ္စကို အကြောက်အကန် ငြင်းဆန်နေတယ် ...

သမီးရဲ့ကိစ္စအားလုံးကို ငါ့တပည့်တွေ လွှတ်ပြီး နောက်ယောင်ခံလိုက်ခိုင်းထားတဲ့ အချက်တွေကို ခြုံငုံသုံးသပ်ကြည့်လိုက်တယ် ...

အဲဒီမှာ ငါမထင်မှတ်ထားတဲ့ အဖြေတစ်ခု ထွက်လာခဲ့တယ် လင်းသုခ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဦးခန့်မော် စကားတွေကို ခေါင်းငုံ့ပြီး
သက်စွာ နားထောင်နေခဲ့မိတယ်။ လောလောဆယ် ကျွန်တော်
မှာ တုံ့ပြန်စရာ အဖြေလုံလုံလောက်လောက် မရှိတာတော့ ကျိန်
သေပါတယ်။ တစ်စုံတစ်ရာက ကျွန်တော့်နှုတ်တွေကို ပိတ်ဆို့တား
ဆီးထားခဲ့တယ်။

"တစ်နေ့ တစ်နေ့ သမီး ဘယ်သွားတယ်၊ ဘာလုပ်တယ်
ဘယ်သူတွေနဲ့ တွေ့ကြုံပတ်သက်နေတယ် ဆိုတာတွေ
ငါက သတင်းအတိအကျ ရထားပြီးသားလေ၊ ငါ့သမီးလေ
ရဲ့ အနာဂတ်ကို ငါကိုယ်တိုင်ပဲ ထုဆစ်ပုံဖော်ပေးချင်တယ်

သမီးက မနေ့တစ်နေ့ကမှ ဘွဲ့ရထားပြီးတယ် ဆို
ပေမယ့် ခုထိ ကလေးဆန်နေတုန်းပဲ၊ သူ့စိတ်ထဲမှာ အမှား
အမှန်ကို ဝေဖန်ပိုင်းဖြတ်နိုင်တဲ့ အသိဉာဏ်မျိုး အပြည့်အဝ
မပိုင်ဆိုင်နိုင်သေးဘူး၊ တစ်နည်းပြောရရင် စိတ်ကစားနေတဲ့
အရွယ်ပေါ့ကွာ"

ဦးခန့်မော်က ပြောလက်စ စကားကို ရုတ်တရက်
ရပ်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာနေပါတယ်။ ကျွန်





ဘော့ ရင်ထဲမှာတော့ တဆစ်ဆစ် နာကျင်လာတဲ့ ပူလောင်ပြင်းပြမှု
အားချက်နဲ့အတူ အံတင်းတင်းကြိတ်လိုက်မိတယ်။

မိနစ်ကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ဒါဟာ
အမဦးဆုံးအကြိမ် ကျွန်တော့်မာနကို အိမ့်ယှောနည်းသုံးပြီး စော်ကား
နေရခြင်းပါ။ ဦးခန့်မော်ရဲ့ သွေးအေးအေးနဲ့ ပညာသားပါပါထိုးနှက်
ချက်တွေကို ခေါင်းငုံ့ ခံယူနေရင်းကပဲ အပြစ်ကင်းစင်တဲ့ မျက်နှာ
လေးတစ်ခုက ကျွန်တော့်အာရုံထဲ လွှမ်းမိုးဝင်ရောက်လာခဲ့တယ်။

ကျွန်တော် ဘာဆက်လုပ်ရမလဲ။ ဘယ်လိုခွန်းတုံ့ပြန်
ရမလဲ။ ကျွန်တော့်အတွက် စကားလုံးတွေ ထူးထူးခြားခြား
ရှာက်ဆုံးနေခဲ့တာ ခံရခက်လှပါဘိ။ နောက်ဆုံးတော့ အောင့်
သက်သက် ခံစားချက်တချို့နဲ့ပဲ မျက်စိစုံမှိတ် မေးချလိုက်တယ်။

"ဦး ဘာဖြစ်ချင်တယ်ဆိုတာကို ပွင့်ပွင့်လင်းလင်း ပြော
ပေးပါလား"

ကျွန်တော့်လေသံက လိုတာထက် ပိုမာသွားမယ်
လို့ ထင်မိပေမယ့် မတတ်နိုင်။ ခုချိန်မှာ ကျွန်တော် တစ်ခုခု
အတွက် ပေါက်ကွဲနာကျင်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် ဦးခန့်မော်ရှေ့မှာ တစ်စက္ကန့်လေးတောင် ဆက်နေချင်စိတ် မရှိတော့ပါ။

"ငါ့ရင်ထဲက ဖြစ်စေချင်တဲ့ ဆန္ဒတစ်ခုကို မင်း လိုက်လျေ ပေးနိုင်မယ်လို့ ယုံကြည်တယ် လင်းသုခ၊ အဓိကပြောချင် တာကတော့ သမီးလေးက ခုချိန်မှာ မင်းကို သိပ်ခင်တွယ် နေတယ်၊ ငါက သမီးဘေးမှာ အချိန်ပြည့် ရှိမနေနိုင်ေ မယ့် ခိုင်လုံတဲ့ သတင်းအချက်အလက်တွေကိုတော့ တိတ် ကျကျ ရထားပြီးသားပါ ...

အဲဒီတော့ မင်းဘက်က သူ့ကို ခပ်စိမ်းစိမ်းနေ လိုက်ရင် သူလည်း သဘောတရားတစ်ခုကို နားလည်သွ မယ်၊ သူ့ရဲ့ဖြစ်တည်မှု အစစ်အမှန်ကိုလည်း လက်ခံသော ပေါက်သွားမယ်၊ မင်းဆီမှာ ငါ အကူအညီတောင်းတာပ လင်းသုခ၊ ငါက သမီးအတွက် အကောင်းဆုံးတွေချည်း ဖြစ်စေချင်တဲ့ ဖခင်မျိုးပါ"

ကျွန်တော့် မျက်နှာက မာနကြောင့် အရောင် တောက်သွားမယ် ထင်တယ်။ လောကမှာ သားသမီးအတွ





အကောင်းဆုံးတွေ မပိုင်ဆိုင်စေချင်တဲ့မိဘ ဘယ်မှာများ ရှိသေးလို့ သဲ။ ကျွန်တော် ဦးခန့်မော်ကို ခပ်ရဲရဲ ရင်ဆိုင်စိုက်ကြည့်ရင်း ...

"ဦးရဲ့ အဓိကရည်ရွယ်ချက်က ကျွန်တော်နဲ့ လမင်းကို အဆက်အသွယ် ပြတ်တောက်စေချင်တဲ့ ရည်ရွယ်ချက်ပေါ့"

"ရိုက်(တ်) ... ဒါပေမဲ့ ဒီအကြောင်းနဲ့ ပတ်သက်လို့ မင်း နဲ့ငါ အစပျိုးထားတဲ့ အလုပ်ကိစ္စကတော့ လမ်းကြောင်း ပြောင်းသွားမှာ မဟုတ်ဘူးနော်၊ အရင်ကအတိုင်း ပုံမှန် ရှိနေမှာပဲ၊ အဲဒါကိုတော့ မင်း လက်ခံပေးပါ"

ကျွန်တော့်ရင်ထဲ အတိုင်းအဆမရှိ နာကျင်အောင့် သွားရတယ်။ လွတ်လပ်ငြိမ်းချမ်းတဲ့ လူငယ်နှစ်ယောက်ရဲ့ မှန်နွေးထွေးမှု အချစ်စစ်တစ်ခုကို ဘာ့ကြောင့်များ ပစ်ပစ်ခါခါ ဆီးပစ်ချင်ကြပါလိမ့်။ ကျွန်တော် ပစ္စုပ္ပန်လက်ဆန်လှတဲ့ လောက ကြီးကို အမှန်ပင် နားမလည်နိုင်တော့ပါ။

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံပါရစေ ဦး၊ လမင်း ကို ကျွန်တော် မြတ်မြတ်နိုးနိုးချစ်တယ်၊ ဒါပေမဲ့ ကျွန်တော့် အချစ်က အဖြူထည်သန့်သန့်လေးပါ၊ ဘယ်လိုအရောင်



www.burmeseclassic.com

www.burmeseclassic.com



စွန်းထင်းမှုမျိုးမှ မပါဝင်ဘူး၊ သူဌေးဦးခန့်မော်ရဲ့သမီးတင်ယောက် ဖြစ်နေခြင်းဆိုတဲ့ အဟန့်အတားမျိုးသာ မရှိခဲ့ရင် ကျွန်တော် လမင်းကို အစောကြီးကတည်းက ချစ်ခွင့်ပန်နိမိမှာပါ ...

တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ကြိုသိနေခဲ့လို့ ကျွန်တော့်ဆန္ဒကို ဖုံးကွယ်မျိုသိပ်ရင်း ခုချိန်ထိ သူ့အပေါ်မှာ ရိုးသားစွာ ဆက်ဆံခဲ့ပါတယ်၊ ဒါ ဦးကို ကျွန်တော် ဟန်ဆောင်မှုကင်းစွာ ထုတ်ဖော်ဖွင့်ဟလိုက်တာပါ"

ဦးခန့်မော်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"မင်းစိတ်ဓာတ်ကို ငါ ယုံကြည်ပြီးသားပါ လင်းသူ အမှိက ပြောချင်တာကတော့ကွာ မင်းကို သမီးနဲ့အဝေးဆုံးမှာ ရှိနေပေးဖို့ပဲ၊ မင်း သူ့ကို ရှောင်ဖယ်ဖယ်လုပ်လာတာ ကြာရင် သူ့ဟာသူ အလိုလို နားလည်သွားပါလိမ့်မယ် ...

အဲဒီအတွက် မင်း မနစ်နာစေရပါဘူးလို့ ငါ ကတိပေးပါတယ်"





ဦးခန့်မော်ရဲ့ နောက်ဆုံး အဆိုပြုချက်က ကျွန်တော့်ဆီကို ခပ်ပြင်းပြင်း ရိုက်ခတ်သွားတယ်။ တစ်ဆက်တည်းမှာပဲ သိမသာ ငုံ့လျှိုးနေတဲ့ ကျွန်တော့်မာနက ဗြုန်းခနဲ ခေါင်းထောင်လာပါတယ်။

"တစ်ဆိတ်လောက်၊ ဦးပြောတာကို ကျွန်တော် သိပ်နားမရှင်းဘူး"

ကျွန်တော့်စကားကြောင့် ဦးခန့်မော် မျက်နှာ ပြုံးဆောင်သမ်းသွားကာ ...

"လောကကြီးမှာ အပေးအယူဆိုတာ ရှိတယ် လင်းသူ၊ ငါက မင်းဆီက အကူအညီတစ်ခု တောင်းတယ်၊ မင်းကပြန်ပေးနိုင်တယ်ဆိုရင် ငါက အယူသမားသက်သက် ဖြစ်သွားပြီ၊ အဲဒီအတွက် ထိုက်တန်တဲ့ အပေးတစ်ခုကိုတော့ မင်းအတွက် အလျော်ပြန်ပေးသင့်တယ်လို့ ငါထင်တယ်"

ကျွန်တော် နားကျင်အောင်ကွဲစွာ ခပ်ရင့်ရင့် ပြုံးလိုက်မိတယ်။ ပြစ်ချက်ကင်းတဲ့ နှလုံးသားတစ်ခုရဲ့ တန်ဖိုးကြီးမြတ်မှုအတွက် ဦးခန့်မော်ရဲ့ ထိုက်တန်တဲ့ အလျော်အစားက ဘာများပါလိမ့်။ ကျွန်တော် လှောင်တွေး,တွေးနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက် ဦးရဲ့နစ်နာကြေးက ဘာလဲဆိုတာ
ကျွန်တော် သိချင်ပါတယ်"

ကျွန်တော့်ရဲ့ သွေးတိုးစမ်း မေးခွန်းကို ဦးခန့်မော်
အပြုံးမပျက်ဘဲ တုံ့ပြန်လာတယ်။

"အဲဒီမေးခွန်းကို မင်းကို ပြန်မေးတာ ပိုပြီးအဆင်ပြေမယ်
ထင်တယ်၊ မင်း ဖြစ်စေချင်တဲ့ ဆန္ဒတစ်ခုကိုသာ ပြောပါ
ငါလိုက်လျောပေးဖို့ အသင့်ပါ"

ရင်ထဲ တဖွားဖွား ပေါ်ပေါက်လာတဲ့ မခံချင်စိတ်
တွေကို မျိုသိပ် ချိုးနှိမ်ရင်း ကျွန်တော် သူ့ကို ချက်လုံးမှေး
ကြည့်လိုက်တယ်။ လူတစ်ယောက်လုံးရဲ့ စိတ်ဓာတ်ကို ငွေပုံမှ
သတ်ချင်တဲ့ အတ္တကြီးကြီး ရည်ရွယ်ချက်မျိုး သူ့မျက်နှာပေါ်
အထင်းသား ပေါ်လွင်နေတယ်။

"ကျွန်တော် တောင်းဆိုမယ့် အရာကို ဦး လွယ်လွယ်ကူကူ
ပေးနိုင်မှာပါ"

"ပြောပါ မောင်ရင်"

ကျွန်တော် တံတွေးတစ်ချက် မျိုချလိုက်ရင်း —





"ဦးနဲ့ စာချုပ် ချုပ်ဆိုထားတဲ့ လုံးချင်းငါးအုပ်လည်း
ကိစ္စပြီးပြတ်ပြီဆိုတော့ ရှေ့လျှောက် လက်တွဲအလုပ်မလုပ်
တော့ဘူးလို့ ဆုံးဖြတ်ထားပါတယ်။ စာအုပ်ထုတ်ဝေရေး
လုပ်ငန်းကလည်း ဦးအတွက် တခြားစီးပွားရေးလုပ်ငန်းတွေ
နဲ့ နှိုင်းစာရင် တစ်စိတ်တစ်ဒေသလောက်ပဲ ရှိနေမှာပါ၊
အဲဒီတော့ ကျွန်တော်တို့ ကိုယ့်လမ်းကိုယ် လျှောက်ကြရ
အောင်ပါ"

ကျွန်တော့်စကားအဆုံးမှာ ဦးခန့်မော် မျက်နှာတစ်
ချက်ပြောင်းသွားတာ သတိထားမိလိုက်ပါတယ်။

ချက်ချင်းပဲ ကျွန်တော့်ကို လှောင်ပြုံးလို့ ယူဆရတဲ့
အပြုံးမျိုးနဲ့ စိုက်ကြည့်လာတယ်။

"မင်းရဲ့တိကျပြတ်သားမှုကိုတော့ ငါ တကယ်ချီးကျူးတယ်
ကွာ၊ ငါနဲ့ရှေ့လျှောက် အလုပ်ဆက်တွဲလုပ်နေရင် သမီးနဲ့
လည်း တစ်နည်းမဟုတ်တစ်နည်း ဆုံတွေ့နေရဦးမှာပဲ၊
ဒါပေမဲ့ မင်း ဆုံးဖြတ်ချက်ကို မင်းကိုယ်တိုင် Choice
လုပ်တာနော် ...

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ၊ မင်းသဘောအတိုင်းပဲ ဖြစ်စေရမယ် ... ဟုတ်ပြီလား၊ ငါကြားဖူးတာတစ်ခုက သွေးပူတုန်း ဆုံးဖြတ်တဲ့ကိစ္စ တော်တော်များများဟာ နောင်တအဖြစ် အသွင်ပြောင်းသွားတတ်တယ်တဲ့၊ မင်း အချိန်ယူပြီး စဉ်းစားလိုက်ပါဦး ...

မြတ်သူကလည်း သူ နိုင်ငံခြားမသွားခင် ငါ့ကို လုံးစေ့ပတ်စေ့ ပြောပြထားလို့ပါ၊ ခင်းရဲ့အရည်အချင်းတွေ အကြောင်းပေါ့"

"ကျွန်တော့်ဘဝမှာ နောင်တဆိုတာ မရှိသလောက်ကို ရှားပါတယ် ဦး၊ အချိန်ယူပြီး ထပ်စဉ်းစားစရာ မလိုပါဘူး၊ ဒီသဘောတရား တစ်ခုတည်းပါပဲ"

"အိုကေ ... ကောင်းပြီ၊ မင်းနဲ့ငါ အခုတွေ့ဆုံခြင်းဟာ နောက်ဆုံးတွေ့ဆုံခြင်းလို့ပဲ မှတ်ယူလိုက်တာပေါ့"

ကျွန်တော် ခပ်ပြတ်ပြတ် နှုတ်ဆက်ပြီး သူ့ရုံးခန်းထဲက ထွက်လာခဲ့တယ်။ ကျွန်တော့်ခြေလှမ်းတွေထဲမှာ နာကျင်ပြင်းရှခြင်း တွန်းအားတချို့ ပေါင်းစပ်ပါဝင်လို့။



"မတရားမှု"ဆိုတာ တကယ်ရှိနေပါလားလို့ ကျွန် ...တော် စိတ်နာနာနဲ့ တွေးလိုက်မိတယ်။ အချစ်နဲ့ မာနတရား အား ...ပြိုင်မှု ဖြစ်လာရင် ကျွန်တော်က မာနတရားဘက်ကိုပဲ အလေးသာ ...ယ် လူစားမျိုးပါ။

ဒါပေမဲ့ ကျွန်တော် အသည်းကွဲတဲ့ ဒဏ်ပိခြင်းကို ...တော့ အလူးအလိမ့် ခံစားရဦးမယ်။

❣ ✦ ❣

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အရင်က "အရက်" ဆိုတဲ့ စာလုံးနှစ်လုံးကို သာမန်ကာလျှံကာပဲ သိထားခဲ့တယ်။ အရက်သောက်ရင် မူးတယ်။ မူးတာများရင် ဘာမှမသိတော့ဘဲ မှောက်သွားတတ်တယ်လို့ လူတော်တော်များများရဲ့ အဆိုပြုချက်ကို တစွန်းတစ နားလည်ခဲ့ရတယ်။

ဘာမှမသိတဲ့ ခံစားချက်ကို ထူးထူးဆန်းဆန်း ခံစားဖူးချင်စိတ်နဲ့ ကျွန်တော် အရက်မသောက်စဖူး စမ်းသောက်ကြည့်တတ်လာတယ်။ ပထမတော့ လက်ဖက်ရည်ပန်းကန်တစ်လုံးစာ၊ နောက်ကျတော့ နည်းနည်းထပ်တိုးပြီး ဖန်ခွက်တစ်ခွက်စာ၊ နောက်ဆုံး ပုလင်းလိုက် မော့ယူရတဲ့အဆင့်ထိ အရည်အချင်းတွေ တိုးတက်မြင့်မားလာခဲ့တယ်။





ကျွန်တော့်ရဲ့ မရှုမလှဖြစ်အင်ကို မေမေက စိတ်မကောင်းသာစွာနဲ့ လက်ပိုက်ကြည့်နေရင်း တစ်နေ့မှာတော့ မနေနိုင် ထိုင်နိုင် ဝင်ပြောလာပါတယ်။

"သား ... မင်းမှာ အမေတစ်ယောက်လုံး ရှိသေးတယ်ဆိုတာ သတိထားဦးနော်၊ မတတ်သာလို့ ဘေးကစောင့်ကြည့်နေရတာ၊ သားလုပ်ပုံတွေ လုံးဝနည်းလမ်းမကျဘူး"

မေမေ့ရဲ့ မျက်ဝန်းတွေက ညှိုးငယ်ပူဆွေးရိပ်တွေနဲ့ မှိုင်းပျော့နေတယ်။ ကျွန်တော် တစ်သက်နဲ့ တစ်ကိုယ် မလုပ်စဖူး မေမေ့ရင်ခွင်ထဲကို ကလေးတစ်ယောက်လို ခေါင်းတိုးဝင်လိုက်တယ်။ အနုပညာသမားတစ်ယောက် ပီသစွာ ကျွန်တော့်နှလုံးသားက သာမန်ထက် ထူးခြားပြီး နူးညံ့ပျော့ပျောင်းလွန်းတာကိုယ့်ကိုယ်ကိုယ်လည်း ရိပ်မိတယ်။

"မေမေ လူနှစ်ယောက်ရဲ့ ရိုးသားစစ်မှန်တဲ့ ချစ်ခြင်းကို အပြစ်တစ်ခုလို့ ယူဆသတ်မှတ်လို့ ရမလား၊ ကျွန်တော့်ကို ဖြေပေးပါဗျာ"

မေမေက ကျွန်တော့်ဆံပင်တွေကို အသာဖွဖွ ပွတ်သပ်ပေးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါက သတ်မှတ်တဲ့ လူအပေါ်မှာပဲ မူတည်တယ် သားရဲ့၊ သူ့ဟာသူ အေးအေးချမ်းချမ်းရှိနေတဲ့ အချစ်ကို ရှုထောင့်မျိုးစုံကနေ ပြစ်ချက်တစ်ခုမဟုတ်တစ်ခု ဆွဲထုတ်ချင်နေကြတဲ့ လူတွေအတွက်တော့ အချစ်ဟာ အပြစ်ဖြစ်ကောင်း ဖြစ်သွားနိုင်တယ်"

"သား မမှန်းသင့်တဲ့ အရာတစ်ခုကို ရူးရူးမူးမူး မှန်းလိုက်မိတဲ့အတွက် အပြစ်ရှိသူတစ်ယောက် ဖြစ်သွားပြီလား မေမေ၊ ဂုဏ်တံတိုင်း ခြားနားခြင်း ဆိုတာ ဘာဖြစ်လို့ အချစ်ထက်ပိုပြီး အင်အားကြီးနေရတာလဲ၊ ကျွန်တော်နားမလည်နိုင်ဘူး"

မေမေက သက်ပြင်းတစ်ချက် ခပ်ကျယ်ကျယ်ချရင်း ကျွန်တော့်ကို စိတ်မသက်မသာ လှမ်းကြည့်လာတယ်။ မေမေ့နှုတ်က ထွက်ကျလာမယ့် အဖြေကို ခွန်အားတစ်ခုအဖြစ်နဲ့ ကျွန်တော် ငံ့လင့်စောင့်စားနေမိပါတယ်။

"သားကို မေမေ အစတည်းက အကျိုးအကြောင်း ထောက်ပြပြီး သတိပေးခဲ့ဖူးတာ သား မမေ့လောက်သေးဘူးထင်





တယ်၊ မေမေလည်း လမင်းကို သမီးလေးအရင်းတစ်ယောက်လို ချစ်ပါတယ်၊ ဒါပေမဲ့ ရေရှည်မှာ မမျှော်လင့်တာတွေ ဖြစ်လာနိုင်တယ်လေ ...

အကောင်းဆုံးကတော့ သား သူ့ကို မေ့ပစ်လိုက်ပါတော့ကွယ်၊ သူ့အဖေဆီမှာ သားပေးခဲ့တဲ့ ကတိကိုလည်း တည်နိုင်အောင် ကြိုးစားပါ၊ အချစ်ဆိုတာ တစ်ခါတလေမှာ ဒီလိုပါပဲ၊ မျိုးသိပ်ထိန်းချုပ်မှုအဖြစ်လည်း အသွင်ပြောင်းသွားတတ်တယ်"

"သား သူ့ကို ဖွင့်ပြောမယ်ကြံတိုင်း တစ်စုံတစ်ရာရဲ့ဟန့်တားမှုကြောင့် အလိုလိုနေရင်း နှုတ်ဆိတ်သွားရတယ် မေမေ၊ အမိက,ကတော့ သူဟာ ဦးခန့်မော်ရဲ့သမီး ဖြစ်နေခြင်းဆိုတဲ့ အသိက ကျွန်တော့်ဆန္ဒတွေကို ရှေ့ဆက်မတိုးရဲအောင် တားဆီးထားတယ် ...

ဒါပေမဲ့ လမင်းရဲ့မျက်လုံးတွေထဲမှာ ကျွန်တော့်လိုပဲ ထပ်တူညီမျှတဲ့ အချစ်တွေကို ကျွန်တော် ရှာဖွေတွေ့ရှိရတယ် မေမေ၊ လမင်းလည်း သားဆီက ဖွင့်ဟဝန်ခံချက်



www.burmeseclassic.com

www.burmeseclassic.com



ကို ချော်လဲ့တကြီး စောင့်စားနေတယ်၊ ကျွန်တော် အလို လိုနေ့ရင်း သိနေတယ်"

ပြောရင်းနဲ့ ကျွန်တော့်ရင်တွေ မောကျပ်လာပါတယ်။

ခုဆို လမင်း ကျွန်တော့်ဆီ မလာတာ နှစ်ပတ်ကျော် ရှိပြီ။ ကျွန်တော်နဲ့ ဦးခန့်မော် နောက်ဆုံးတွေ့ပြီးတဲ့ နေ့ကတည်းက ခုချိန်ထိ လမင်း ကျွန်တော့်ကို အဆက်အသွယ် ဖြတ်သွားခဲ့တယ်။ သေချာတာကတော့ သူ့အဖေရဲ့ စနက်ကြောင့်ပဲဆိုတာ တွေးကြည့်ရုံနဲ့ သိသာပါတယ်။

"သားက ခုဆို သာမန်ယောကျ်ားတစ်ယောက်ဆိုတဲ့ဘောင် ထဲကို ဝင်သွားပြီ၊ အချစ်ကြောင့် စိတ်ညစ်ပြီး အရက်သောက် တယ်ဆိုတာ ယောကျ်ားတော်တော်များများရဲ့ မိုက်မဲတဲ့ စိတ်ဖြေမှုတစ်မျိုးပဲလေ၊ မေမေကတော့ လုံးဝအဓိပ္ပာယ်မရှိ ဘူးလို့ ယူဆတယ်၊ မေမေ့သားကိုလည်း ဖြစ်နိုင်ရင် အချစ် ရဲ့ လွဲချော်တိမ်းစောင်းသွားတဲ့ အဆင်မပြေမှုတွေအတွက် အကျိုးရှိတဲ့ နည်းလမ်းတစ်ခုနဲ့ပဲ ရင်ဆိုင်ဖြေရှင်းစေချင် တယ်"



ရီဝေယစ်မူးနေတဲ့ အသိအာရုံထဲမှာ မေမေ့ရဲ့နည်း ကျကျ ညွှန်ကြားမှုတွေက ဝင်လာလိုက် ပျောက်သွားလိုက်။ ကျွန်တော် ဘယ်အရာကိုမှ ဆွဲယူဖမ်းဆုပ်နိုင်စွမ်း မရှိခဲ့ဘူး။

ကျွန်တော့်ရင်ထဲမှာ လမင်းကို ပြင်းပြင်းပြပြ သတိ ရစိတ်တွေပဲ ကြီးစိုးလွှမ်းမိုးနေခဲ့တယ်။ ကျွန်တော် ချစ်တတ် တဲ့ နှလုံးသားတစ်ခုကို ပိုင်ဆိုင်ခွင့်မရခဲ့ရင် သိပ်ကောင်းမှာပဲလို့ ဦးခေါင်းခေါက်ရှာ ဖွတ်မိုက်တွေးနေမိတယ်။

ကျွန်တော် မေမေ့ကိုချစ်တယ်။ စာအုပ်တွေကို ချစ် တယ်။ အနုပညာတစ်ခုကို ဖန်တီးခွင့်ရနေတဲ့ "စာရေးဆရာတစ် ယောက်" ဆိုတဲ့ဂုဏ်ကို ချစ်တယ်။

အဲဒီ အချစ်တွေက ကျွန်တော့်အတွက် အဆိပ် အတောက် မဖြစ်စေခဲ့ဘူး။

ဒါပေမဲ့ လမင်းကို ပထမဦးဆုံး ချစ်မိသွားတဲ့ ကျွန်တော့်နှလုံးသားပေါ်ကို ဘာကြောင့်များ အဆိပ်ရည်တွေ သွန်း လောင်းချခြင်း ခံခဲ့ရတာလဲ။

❦ ✦ ❦

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့နေ့ရက်တွေကို အမိပွာယ်မဲ့စွာ ကုန်လွ
ဖြတ်သန်းလာရင်းနဲ့ပဲ မမျှော်လင့်တဲ့ တစ်နေ့မှာ လမင်း ကျွန်တော
ရှေ့မှောက်ကို ဖြုန်းစားကြီး ရောက်ရှိလာခဲ့ပါတယ်။ အဲဒီနေ့
ထူးထူးခြားခြား မိုးတွေ သဲကြီးမဲကြီး ရွာနေခဲ့တယ်။

ထုံးစံအတိုင်း ဝီစကီတစ်ပိုင်းနဲ့ ဘောပင်(န်)တစ
ချောင်းကို ခပ်ပျင်းပျင်း အဖော်ပြုရင်း မဂ္ဂဇင်းတိုက်တစ်ခု
တောင်းထားတဲ့ စာမူအတွက် ဝတ်ကျေတန်းကျေ ရေးပေးနေ
မှာပဲ ရုတ်တရက် မြဲထဲဝင်လာတဲ့ လင့်ခရူစာကားကြီးကြော
ကျွန်တော် ခေါင်းထောင်သွားရပါတယ်။

ကျွန်တော့်ရင်ခုန်သံတွေ တစ်မုဟုတ်ချင်း ပေါက်
လွင့်စဉ်သွားတယ်။ ခပ်ကြမ်းကြမ်း ဆင့်ထွက်လာတဲ့ ဦးနှောက်





အချက်ပေးသံတွေကို မသိကျိုးကျွန်ပြုရင်း ချစ်သူရဲ့မျက်ဝန်း
တွေကို ရင်ဆိုင်စိုက်ကြည့်လိုက်ပါတယ်။

"ကို ... ကြီး"

တိုးဖျော့ဖျော့ခေါ်သံလေးက ကျွန်တော့်နားထဲ ချိန်
တိုက်စုံးတစ်လုံး ပေါက်ကွဲသွားသလို အရှိန်ပြင်းစွာ တုန်လှုပ်မြည်
ဟည်းသွားစေခဲ့တယ်။ ကျွန်တော်တို့နှစ်ယောက်လုံး တစ်ယောက်
ကိုတစ်ယောက် ပျောက်သွားမှာ စိုးတဲ့အလား မျက်တောင်မခတ်
တမ်းရှုးစိုက်ကြည့်နေမိခဲ့ကြတယ်။ စကားလုံးတွေကတော့ လည်
ချောင်းဝမှာ တစ်ဆို့နေဆဲပဲ။

ခဏကြာတော့ ကြောက်စရာကောင်းလှတဲ့ တိတ်
ဆိတ်မှုကြီးကို လမင်းက စတင်ဖြိုခွင်းလိုက်တယ်။

"ကိုကြီး ... လမင်းကို အဲလို သူစိမ်းဆန်တဲ့အကြည့်နဲ့
မကြည့်ပါနဲ့"

နဂိုတည်းက ကိုယ်ခံအားမကောင်းတဲ့ ကျွန်တော့်
နှလုံးသားကို "အချစ်"ဆိုတဲ့ ဗိုင်းရပ်(စ်)ပိုးတစ်မျိုး တရိရိဖြို
ဖျက်တာ ခံလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အာရုံထဲ ထင်ဟပ်လာတဲ့ ဦးခန့်မောင်ရဲ့ မျက်နှာကြီးကို မြင်ယောင်လာမိတဲ့ ခဏမှာ ကျွန်တော့်သွေးတွေ ပွက်ပွက်ဆူလာရပြီး နိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခုက ကျွန်တော့် ကို တွန်းအားပေးနေခဲ့ပါတယ်။

ကျွန်တော် လမင်းကို မျက်နှာလွှဲလိုက်ပြီး တိုးညှင်း အက်ကွဲတဲ့ လေသံနဲ့ ဆိုမိတယ်။

"မင်း ဒီကို ဘာလာလုပ်တာလဲ လမင်း၊ ငါ မင်းနဲ့မပတ် သက်ချင်ဘူးနော်၊ ကိုယ့်ကို အလိုမရှိတဲ့ လူတစ်ယော ဆီကို မင်း မျက်နှာပြောင်ပြောင်နဲ့ မလာသင့်ဘူး"

လမင်းဆီက ရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာတယ် ကျွန်တော် အံတင်းတင်း ကြိတ်လိုက်မိပါတယ်။ ကျွန်တော့်ရင် ထဲက ပြင်းထန်တဲ့ မိုးခြိမ်းသံတစ်ခု ထွက်ပေါ်လာတဲ့အချိန် ကိုယ့်ကိုယ်ကိုယ် သိလိုက်တာ တစ်ခုက နှလုံးသားတိမ်စိုင် ပြိုကျသွားပြီ ဆိုတာပါပဲ။ ဟုတ်တယ် … ကျွန်တော့်နှလုံးသာ ငိုချင်းချနေခဲ့ပြီပဲ။

လမင်းက ကျွန်တော့်အင်္ကျီစလေးကို မရဲတရဲလှ ဆွဲရင်း ရေရွတ်လာပြန်တယ်။



"ကိုကြီး ဘာလို့ ကိုယ့်ကိုယ်ကိုယ် အပင်ပန်းခံပြီး လိမ် နေရတာလဲ၊ ကိုကြီး နောက်ဆုံးထွက်ထားတဲ့ စာအုပ်ထဲ မှာ ကိုကြီးပြောထားတဲ့ စကားလေးတစ်ခွန်း သတိရသေး ရဲ့လား …

ချစ်သူကို ချစ်တယ်လို့ သစ္စာရှိရှိ ဖြောင့်ချက်မပေး နိုင်သူကို အချစ်ဆိုတဲ့ အသိုင်းအဝိုင်းကြီးက ခါးခါးသီးသီး ပစ်ပယ်ထားတတ်ကြတယ်တဲ့၊ အဲဒါ ဘာသဘောလဲ ကိုကြီး၊ ဘယ်သူ့ကို ဦးတည်ရည်ညွှန်းထားတာလဲ၊ လမင်း ကို ပွင့်ပွင့်လင်းလင်း ပြောပါ၊ ကိုကြီး မလိမ်တတ်ဘဲ လိမ်နေတာ ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူး"

လက်ဆီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ကျွန်တော် လမင်းကို ဆို့နင့်နာကျင်စွာ ငေးစိုက်ကြည့်နေမိပါ တယ်။ ရင်ထဲက ခံစားချက် အစုစ်အမှန်တွေကို ကောင်မလေး သိနားလည်နေတာကိုက ကျွန်တော့်အတွက် ဆုပ်လည်းရှူး၊ စား ည်းရှူး အကျပ်အတည်းမျိုးထဲ မရောက်ရောက်အောင် တွန်းပို့ နေသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါ။ ကျွန်တော် တစ်သက်လုံး နှံမင်ဖ
တွယ်လာခဲ့တဲ့ မာနတရားအတွက် အချစ်နဲ့ နေရာပေး လဲလှယ်
လိုက်ဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။

"ကိုကြီး … နောက်အပတ်ထဲမှာ လမင်း အမေရိကားသွား
ရတော့မယ်၊ ကိုကြီးဆီက ရိုးသားတဲ့ ဝန်ခံချက်တစ်ခုက်
လမင်း နားနဲ့ဆတ်ဆတ် ကြားသွားပါရစေ၊ ဒီအခွင့်အရေး
လေးတစ်ခုတော့ လမင်းကို နောက်ဆုံးပေးပါ ကိုကြီးရယ်"

ထိန်းချုပ်မှုကင်းမဲ့စွာ ရှိုက်ကြီးတငင် ငိုကြွေးနေတဲ့
ချစ်သူလေးကို ရီဝေဝေ စိုက်ကြည့်ရင်း ကျွန်တော့်နှလုံးသားရဲ့
လှုပ်ရှားအောက်မှာ မရှုမလှ အောင့်အည်းမျိုသိပ်နေခဲ့ရပါတယ်။

ရုတ်တရက် ကြားယောင်လိုက်မိတဲ့ ဦးခန့်မော်ရဲ့
သတိပေး စကားမြစ်သံတွေက ကျွန်တော့်အာရုံထဲမှာ ဟိုတစ်
ဒီတစ်စနဲ့ မိုးမွှန်အောင် ပရမ်းပတာလို့။

"လမင်း … မင်း ထင်ထားတာတွေ မှားနေပြီ၊ မင်းကို ငါ
ဘယ်တုန်းကမှ ချစ်ဖို့မစဉ်းစားခဲ့ဘူး၊ မင်းမှာ ငါ့ချစ်သူ
ဖြစ်ထိုက်တဲ့ အရည်အချင်းမျိုး ဘာတစ်ခုမှ မရှိဘူး"





ဒီစကား ပြောနေချိန်မှာ ကျွန်တော့်ရင်တစ်ခုလုံး
…စိတ်အမြှာမြှာ ကွဲကြေလွင့်စဉ်သွားခဲ့ပါတယ်။ ကျွန်တော်
…ကြောင့် ပရိယာယ်ကြွယ်ဝစွာ ဟန်မဆောင်နိုင်တာပါလိမ့်။
…သိုတစ်ဆုပ်လို မညီးညိုပြုံမှိုင်းနေတဲ့ ကိုယ့်မျက်နှာအနေအထား
… လမင်း ကောင်းကောင်းကြီး ရိပ်မိသိရှိနိုင်လောက်မှာပါ။

လမင်းက ကျွန်တော့်လက်မောင်းနှစ်ဖက်ကို သူ့
… ခပ်ကြမ်းကြမ်း ဆွဲလှည့်ပြီး ကျွန်တော့်မျက်လုံးတွေထဲကို
…တည့်တည့်စိုက်ကြည့်လာပါတယ်။ ကျွန်တော် ခံနိုင်ရည်မရှိစွာ
…လွှာချဖို့ ကြိုးစားနေမိတုန်းမှာပဲ …

"ဘာလို့ လမင်း မျက်နှာကို တည့်တည့်မကြည့်ရဲတာလဲ၊
မျက်နှာကို သေချာစိုက်ကြည့်ပြီး ပြတ်ပြတ်သားသား
ပြောလိုက်လေ၊ ကိုကြီး လမင်းကို သိပ်မုန်းပါတယ်လို့၊
လမင်းကို ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူးလို့ ပြောလိုက်စမ်း
ပါ …

ကိုကြီး လမင်းမျက်နှာကို ရင်ဆိုင်မကြည့်ရဲတာ
ကိုယ့်နှလုံးသားကို ကိုယ်ပြန်ညာနေလို့၊ ကိုယ့်အချစ်ကို
ပြန်ဖုံးကွယ်နေတာ …



www.burmeseclassic.com

www.burmeseclassic.com



လမင်းကတော့ ပြတ်သားတယ်၊ ကိုကြီးကို လမင်း
ချစ်တယ်၊ ကိုကြီး အနားမှာသာ နေခွင့်ရရင် လမင်း
အရာရာကို စွန့်လွှတ်ရဲတယ်၊ ကိုကြီးနဲ့အတူ လုပတဲ့အ
တစ်ခုကို တည်ဆောက်ရဲတဲ့ သတ္တိတွေရှိတယ်၊ လမင်း
ချစ်ရက်နဲ့ မညာပါနဲ့တော့ ကိုကြီးရယ်"

ရှိုက်သံတစ်ဝက်စွက်ပြီး ဗလုံးဗထွေး ရေရွတ်လာ
လမင်း အသွင်ကိုကြည့်ပြီး ကျွန်တော် စိတ်ပေါက်ကွဲစွာ အေ
ဟစ်ပစ်လိုက်ချင်ပါတယ်။ ကြိတ်မှိတ်မျိုသိပ်ရတဲ့ ဒုက္ခဆို
အတော်လေးကို ခက်ခဲပင်ပန်းပါလားလို့ ကျွန်တော် တိတိကျ
လက်သင့်ခံလိုက်ရတယ်။

ကောင်မလေးကို အကျိုးအကြောင်း နားလည်အော
ဘယ်လိုနှစ်သိမ့်ဖျောင်းဖျရမလဲဆိုတာ ကျွန်တော် အပြေအလျ
စဉ်းစားလိုက်ပါတယ်။ လမင်းက နဂိုတည်းက စိတ်ထင်တိုင်း
တတ်တဲ့ ခေါင်းမာမာ လူစားမျိုးပါ။ အခုလည်း သူ လုပ်ချင်
ကို ရှေ့နောက်မစဉ်းစားဘဲ ဇွတ်တိုးလုပ်ချင်တဲ့မာန်တွေ အ
သား ပေါ်လွင်နေတယ်။





ကျွန်တော့်ပခုံးထက်မှာ မျက်နှာအပ်ပြီး တသိမ့်သိမ့်
ရှိုက်ငိုနေတဲ့ လမင်းရဲ့ခေါင်းလေးကို အသာဖွဖွ အုပ်ကိုင်ရင်း ...

"ကလေး ... ကိုကြီးတို့ ဒီနေ့ကစပြီး ကိုယ့်လမ်း ကိုယ်
လျှောက်ကြရအောင်နော်၊ ဒါဟာ နှစ်ဦးနှစ်ဖက်ပြေလည်
ဖို့ ရွေးချယ်လိုက်တဲ့ အကောင်းဆုံးလမ်းပါ၊ ကိုကြီးစကား
ကို နားထောင်နော်"

လမင်းဆီက တုံ့ပြန်သံမကြားရ။ ကျွန်တော့်လိုပဲ
ဆိတ်တူ နာကျင်ခံစားနေရမယ်ဆိုတာ ကိုယ်ချင်းစာပေးလို့ ရပါ
တယ်။

"ကိုကြီး ... လမင်းတို့နှစ်ယောက်က ဘာကြောင့် အချစ်
တွေကို စတေးပစ်ကြရမှာလဲဟင်၊ ကိုယ့်ချစ်သူနားမှာ
နီးနီးနေခွင့်လေး မရကြဘာ၊ ဘယ်လိုတွန်းအားမျိုးတွေက
တားဆီးထားလို့လဲဟင်"

ကျွန်တော့်မျက်နှာကို မျက်ရည်တွေကြားထဲက မော့
ကြည့်ဆိုလာတဲ့ လမင်းကို ကျွန်တော် နာကျင်ဆို့နင့်စွာ စိုက်ကြည့်
ရင်း မချိတင်ကဲ ရေရွတ်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ လမင်း လိုက်မမီသေးတဲ့ အရာတွေ အများကြီးရှိတယ်၊ အချိန်တန်ရင်တော့ လမင်း အားလုံးကို မွေသွားမှာပါ၊ အချစ်ဆိုတာလည်း ပစ်ပစ်ခါခါ ဥပေက္ခာ ပြုသင့်တဲ့ အရာတွေထဲက တစ်ခုအပါအဝင်ပဲ"

"ဒါပေမဲ့ ကိုကြီးရယ်"

လမင်းက တိုးဖျော့ဖျော့လေး ရေရွတ်ရင်း ကျွန်တော့်ကို ငေးရီစိုက်ကြည့်နေစဉ်မှာပဲ ခြံထဲ ကွေ့ဝင်လာတဲ့ ကားထစ်စီးကြောင့် ကျွန်တော့်ခန္ဓာကိုယ် ရုတ်ခြည်း တောင့်မတ်သွားရပါတယ်။

သွားပြီ။ အကြီးမားဆုံး ပြဿနာတစ်ခုတော့ ကျွန်တော့်ဆီ တိုက်ရိုက်ဝင်ရောက်မွှေနှောက်လာတော့မယ်။

သက်ပြင်းတစ်ချက်ချရင်း ကျွန်တော့်ကို ဖက်တွယ်ထားတဲ့ လမင်းလက်ဖျားလေးတွေကို အသာတွန်းဖယ်ပစ်လိုက်တယ်။ အရာရာကို ရင်ဆိုင်ဖို့ အသင့်အနေအထားနဲ့ ကျွန်တော် ဦးခန့်မော်ကို စူးစိုက်ကြည့်လိုက်ပါတယ်။

"ဟင် ... ဖေဖေ"





လွှတ်ခနဲ ထွက်သွားတဲ့ လမင်းရဲ့ အာမေဍိတ်သံအဆုံးမှာ ဦးခန့်မော်က လှို့ဝှက်နက်နဲတဲ့ အပြုံးတစ်ချက်ပြုံးရင်း ...

"ဖေဖေ အိမ်ရောက်တော့ သမီးကိုမတွေ့လို့ လိုက်ရှာနေတာ၊ လက်စသတ်တော့ သမီးက မောင်လင်းသုခဆီ ရောက်နေတာကိုး၊ အဲဒါပဲကြည့်တော့ လင်းသုခရေ၊ သမီးက တစ်ခါတလေ ဖွတ်တရွတ်နဲ့ လုပ်ချင်ရာတွေ လျှောက်လုပ်တတ်တယ်"

"ဖေဖေ ... သမီးလေ ... ဟို ..."

"အေးပါ၊ ဖေဖေ နားလည်ပါတယ်၊ သမီးက နောက်အပတ်ထဲ သွားရတော့မယ်ဆိုတော့ မိတ်ဆွေအပေါင်းအသင်းတွေကို လိုက်နှုတ်ဆက်ချင်မှာပေါ့၊ ဒီလောက်တော့ ဖေဖေ သဘောပေါက်ပါတယ်"

"မဟုတ်ဘူး ဖေဖေ၊ သမီး ..."

ကျွန်တော် အောက်နှုတ်ခမ်းတစ်ခုလုံး ပြတ်ထွက်သွားမတတ် ခါးသီးနာကျင်စွာ အံခဲထားမိတယ်။ ဦးခန့်မော်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သရော်တော်တော် အကြည့်တွေ ကျွန်တော့်ဆီ လွင့်ဝဲရောက်ရှိလာ
ချိန်မှာ ကျွန်တော့်သွေးတွေ တစ်မုဟုတ်ချင်း ပွက်ပွက်ဆူလာရ
တယ်။

ဒါဟာ ကျွန်တော်တို့နှစ်ယောက်လုံးကို ပညာသ
ပါပါ ညှဉ်းပန်းနှိပ်စက်နေတာ။ ဘာမှမဖြစ်သလို အမူအရ
သွေးအေးအေး တုံ့ပြန်ပုံက ထိမိ ပြောင်မြောက်လွန်းလှ
တယ်။

"ဖေဖေ ... သမီးပြောတာကို တစ်ဆိတ်လောက် နားထော
ပေးပါ၊ သမီး အရိုးသားဆုံး ဖွင့်ဟဝန်ခံပါရစေ"

ဦးခန့်မော်က လက်နှစ်ဖက်ပိုက်ရင်း လမင်
စူးစိုက်ကြည့်လာတယ်။ သူ့ပုံစံက တစ်စုံတစ်ရာအတွက် မနေ
ကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေပုံမျိုး။ ခပ်ပေါ့ပေါ့ အသ
သဏ္ဍာန်မျိုး အထင်းသား ပေါ်လွင်နေပါတယ်။

"ကဲ ... သမီးက ဘာတွေများ အရေးတကြီး ဖွင့်ဟ
စရာ ရှိနေလို့လဲ၊ ဆိုပါဦး"

"သမီး ... သမီး ... ကိုကြီးကို ချစ်တယ် ဖေဖေ"



လမင်းရဲ့စကားအဆုံးမှာ ဦးခန့်မော်က လက်တစ်
ကာပြရင်း ...

"Don't speak သမီး၊ အဲဒီအရေးမပါတဲ့ကိစ္စ ပြောဖို့ဆို
ဖေဖေ အချိန်မပေးနိုင်ဘူး၊ အခု သမီးကို ဖေဖေ အိမ်ပြန်ဖို့
လာခေါ်တာ၊ ဖေဖေ ကုမ္ပဏီကို တစ်ခေါက်ပြန်သွားရဦး
မယ်၊ ဖေဖေ့မှာ အချိန်က ရွှေထက်ပိုရှားတယ်၊ အကျိုးမရှိ
တဲ့ အရှည်မရ အဖတ်မရ အကြောင်းအရာတွေအတွက်
အလကားသက်သက် အချိန်ကုန်မခံနိုင်ဘူး၊ ကဲ ... သွား
ကြမယ်"

ဦးခန့်မော်က လမင်း လက်မောင်းကို ခပ်ကြမ်းကြမ်း
ချိုင်ရင်း တရကြမ်း ဆွဲခေါ်သွားပါတယ်။ ကျွန်တော့်ဘက်ကို
မထီမဲ့မြင် အကြည့်နဲ့ မျက်လုံးမှေးစင်းကြည့်ပြီး ...
"မောင်ရင် ... မင်းနဲ့ ငါ နောက်တစ်ကြိမ် ထပ်တွေ့ဖို့
တော့ လိုပြီထင်တယ်နော်"

ကျွန်တော် သူ့ကို စူးစူးရှားရှား စိုက်ကြည့်လိုက်မိ
တာလိပ်လိမ် ထိုးတက်လာတဲ့ ဒေါသတရားတွေက ကျွန်
တစ်ကိုယ်လုံးကို ဖိစီးနှိပ်စက်နေခဲ့ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ထပ်တွေ့စရာအကြောင်း တာမှမရှိတော့ဘူး ဦးခန့်မော်ခင်ဗျား ပြောလာမယ့် စကားတွေကို ဦးနှောက်ထဲသွင်းဖို့ ကျွန်တော့်မှာ နေရာမရှိဘူး"

"သြော် ... ဟော် ... ဒီလိုလား၊ ရတယ်လေ ကိစ္စမရှိဘူး ဒါပေမဲ့ တစ်ခုတော့ မှာခဲ့မယ်၊ ယောက်ျားဆိုတာ ပေးထားတဲ့ကတိတစ်လုံးကို အသက်ထက်ပိုပြီး တန်ဖိုးထား ထိန်းသိမ်းရတယ်ကွ၊ မင်းက မာနကို ရှေ့တန်းတင်တတ်တဲ့ လူစားမျိုးဆိုတော့ ငါပြောတဲ့ အမိန့်ကို ကောင်းကောင်းကြီး သဘောပေါက်မှာပါ"

ဖအေဖြစ်သူ ခေါ်ဆောင်ရာနောက် ယက်ကန်ယက်ကန် လိုက်ပါသွားတဲ့ လမင်းကို မျက်စိတဆုံး စိုက်ကြည့်ရင်း ကျွန်တော် တောက်တစ်ချက်ကို စပ်ပြင်းပြင်း ခေါက်လိုက်မိပါတယ်။

ကျွန်တော်က အချစ်ဝတ္ထုရေးတဲ့ စာရေးဆရာတစ်ယောက် ဖြစ်သလို ကိုယ်တိုင်ဖန်တီးတဲ့ ဇာတ်ကောင်တွေရဲ့ အချစ်ကို အနုအရွ အလှအပလေးတွေနဲ့ ခံစားရေးဖွဲ့ပြီး အဆက်သွင်း ပုံဖော်ခဲ့တာချည်းပါပဲ။



အပြင်လက်တွေ့မှာ ကိုယ်တိုင် နမ်းတွေ့ ဒူးတွေ့ကြုံရတဲ့ အချစ်ကတော့ ခါးသီးနာကျင်ခြင်း၊ ဒဏ်ရာဗရပွနဲ့ ကျွန်တော့်နှလုံးသားကို တစ်ပိုင်းတစ်စစီဖြစ်အောင် ဆုပ်ချေဖျက်ဆီးပစ်ခဲ့ပါတယ်။

"သံယောဇဉ်"ဆိုတဲ့ ကြိုးတစ်ချောင်းကိုသာ ဖြတ်တောက်နိုင်စွမ်း ရှိခဲ့ရင် ကျွန်တော်တို့နှစ်ယောက်ရဲ့ အချိန်ကာလအတော်ကြာကြာ ဖွဲ့နှောင်ရစ်ပတ်ခဲ့တဲ့ သံယောဇဉ်ကို ကျွန်တော်နှုတ်မိုတ်ဖြတ်တောက်ချင်ပါတယ်။

ပထမဆုံး ပွဲဦးထွက်အချစ်မှာ အလဲလဲ အပြိုပြိုအားလိုက်ရချိန်မှာပဲ ကျွန်တော့်နှလုံးသားကို ထိတ်လန့်တကြားဆန်းစစ်အဖြေရှာကြည့်မိတယ်။

နှလုံးသားက ကျွန်တော့်ကို ခပ်တိုးတိုး အဖြေပေးတယ်။

"အချစ်က ဉာဏ်ရည်မမီနိုင်လောက်အောင် လျှို့ဝှက်နက်နဲတယ်"တဲ့။ ကျွန်တော် နာကျင်ခါးသီးစွာ အေးစက်စက်ပြုံးလိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နှလုံးသားရပ်ဝန်းထဲ ပထမဆုံး ရစ်ဝဲပျံသန်းလာတဲ့ တောင်ပံတစ်စုံထဲမှာ "သံယောဇဉ်"ဆိုတဲ့ ခွန်အားတချို့ ရောနှောပျော်ဝင်နေခဲ့တယ်။ ဒါပေမဲ့ အသိုင်းအဝိုင်းဆိုတဲ့ တံတိုင်းကြီးတစ်ခုအောက်မှာ အတုံးအရုံး ဝပ်စင်းကျဆုံးခဲ့ရတဲ့ ကျွန်တော့်ရဲ့ တောင်ပံလေးအတွက် အချိန်နဲ့အမျှ လွမ်းဆွတ်တမ်းတနေတော့မှာပါပဲ။

❣ ✦ ❣

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၀၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



## "နားလည်မှု"ဆိုတဲ့ တောင်ပံတစ်စုံနဲ့ ကျွန်တော်

တစ်နှစ်ဆိုတဲ့ အချိန်အတိုင်းအတာဟာ လူတစ်ယောက်ရဲ့ နှလုံးသားဒဏ်ရာကို အရှင်းပျောက်အောင် ကုသပေးနိုင်စွမ်း ရှိခဲ့ပါတယ်။

ကျွန်တော့်ရဲ့ ကိုယ်ပိုင်အစွမ်းအစနဲ့ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတစ်ခုကို ခိုင်ခိုင်မာမာ တည်ထောင်ပြီးခဲ့ချိန်မှာ ...င်းသုခ ဆိုတဲ့ နာမည်တစ်လုံးဟာ တစ်စတစ်စနဲ့ ပိုဖြိုးအသက်... တောက်ပလာခဲ့တယ်။

အဲဒီနာမည်ကို ရေရှည်တည်တံ့ဖို့အတွက် နဂိုရှိပြီး... မာနတရားကို မလွှတ်တမ်း လက်ကိုင်ဆွဲရင်း တစ်နေ့ခြား

www.burmeseclassic.com



ကျောက်ရုပ်ဖြစ်မှန်းမသိ ဖြစ်လာတဲ့ ကျွန်တော့်ကို မေမေကတောင် ကြားဝင်ဖျောင်းဖျပေးရတဲ့ အဖြစ်တွေလည်း ခုနဲ့ဒေးပါပဲ။

"သားရယ် ... ကိုယ့်ရဲ့စာပေအသိုင်းအဝိုင်းအပေါ် လိုတာ ထက်ပိုပြီး မစိမ်းကားသင့်ဘူးလို့ မေမေ ထင်တယ်၊ သား က စာရေးဆရာတွေထဲမှာ ဘဝင်မြင့်၊ မာနကြီးလွန်း လူစားမျိုးဆိုပြီး သတင်းလွှင့်နေကြတာ၊ သားလည်းအ ဆုံးဖြစ်မှာပါ၊ ပရိသတ်တွေက ကိုယ့်ကို ခင်မင်လို့ တ တက မိတ်ဆက်စာ ရေးကြတာကိုလည်း အလျဉ်းသင့် သင့်သလို ပြန်ပေးသင့်တယ်လို့ မေမေ အကြံပေးချ တယ်"

ကျွန်တော်က မေမေ့သဘောတရားကို အဆုံး အထိ နားလည်ပေမယ့် ပြုံးရုံသာ ပြုံးနေခဲ့ပါတယ်။ တကယ်တော့ ကျွန်တော့်ဒဏ်ရာဟောင်းရဲ့ ရိုက်ခတ်မှုကြောင့်သာ ပတ်ဝန်းကျ နဲ့ သီးခြားဆန့်ကျင်ပြီး စိမ်းစိမ်းကြီး နေခဲ့ပေမယ့် ကျွန်တော် တဲ့ စာပေအသိုင်းအဝိုင်းကြီးကိုတော့ လုံးဝလျစ်လျူရှုထားတာ မရှိခဲ့ပါဘူး။



ကျွန်တော့် နှလုံးသားတွေ တစ်နေ့တခြား အေးစက် ကျောလာတာလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိပေမယ့် ထူးတာလည်း ပြင်ဆင်ဖို့တော့ မေ့လျော့နေမိတယ်။

ဒါပေမဲ့ ကျွန်တော် ကံကြမ္မာကိုတော့ ဖက်ပြိုင် ယှဉ်နိုင်စွမ်း မရှိခဲ့ဘူး။ အပြီးအပိုင် သော့ခတ်သိမ်းဆည်းထား ကျွန်တော့်နှလုံးသားတံခါးချပ်ကို ထူးဆန်းအံ့သြဖွယ် သော့တ ချောင်းနဲ့ မိုးဖွင့်ဝင်ရောက်ပြီး နေရာယူလာတဲ့ ဒုတိယမြောက် တောင်ပံတစ်စုံကို ကျွန်တော် ဟန့်တားပိတ်ဆို့နိုင်ဖို့ ခွန်အားတွေ ယုတ် ကုန်ခမ်းခဲ့ရတယ်။

အဲဒီတောင်ပံလေးနဲ့ ဆုံတွေ့ခဲ့ပုံက သမားရိုးကျမ သဲ့ အနည်းငယ် ထူးခြားဆန်းသစ်ခဲ့ပါတယ်။

❦ ✦ ❦

www.burmeseclassic.com

www.burmeseclassic.com



ယက်ကနာရီကို အမှတ်တမဲ့ ကြည့်မိတော့ ည[illegible]
ဆယ့်တစ်နာရီတိတိ။ ဒီနေ့ စာပေအပေါင်းအသင်းတချို့နဲ့ ဗိုလ်[illegible]
တော်တော်ကောင်းခဲ့တာမို့ အရှိန်ကနည်းနည်း ခပ်ထွေထွေနဲ့ ကျွန်တော်
အပြန်ခရီးလမ်းကို စမ်းတဝါးဝါး ခရီးနှင်ခဲ့ချိန်မှာ လမ်းချိုးအကွေ့
က ဘွားခနဲ ပေါ်လာတဲ့ အရိပ်သဏ္ဌာန်လေးကြောင့် ရုတ်တရက်
ဘရိတ်ကို အားကုန်ဖိနင်းချလိုက်ချိန်မှာပဲ ...

"ကျွီ ..."

ကျွန်တော် မူးနောက်ရီဝေနေတဲ့ အာရုံတွေ ကြက်
ပျောက် ငှက်ပျောက် လွင့်စဉ်ပျောက်ကွယ်သွားခဲ့ချိန်မှာ သေချာ
သိလိုက်တာတစ်ခုက လူတစ်ယောက်ကို ကားနဲ့တိုက်မိလိုက်ပြီ
ဆိုတာပါပဲ။





လမ်းမီးအလင်းရောင် အားနည်းတဲ့ မှောင်မည်းမည်း
[illegible]ကြီးမှာ ခွေးတစ်ကောင်၊ ကြောင်တမြီးတောင် တွေ့ဖို့ခဲယဉ်း
[illegible]ခန်းကျင်တစ်ခွင်လုံး ကြောက်ခမန်းလိလိ ခြောက်ကပ်တိတ်
[illegible]နေခဲ့ပါတယ်။

ကျွန်တော် ကားစက်သတ်ပြီး လဲကျနေသူထံ ကမူး
[illegible] ပြေးသွားကြည့်မိတယ်။ ဘုရား သိကြားမလို့ ဘာမှမဖြစ်
[illegible]နဲ့။

စိုးထိတ်ပူပန်မှုကြီးစွာနဲ့ ကိုယ့်ကားနဲ့ တိုက်မိသူကို
[illegible]တကြား ငုံ့ကြည့်မိတော့ ...

"ဟင်"

ကျွန်တော် အကြီးအကျယ် မျက်လုံးပြူးသွားရတယ်။
[illegible]တော့်ကားနဲ့ ပွတ်မိတာ ကျွန်တော်နဲ့ ရွယ်တူလောက်ရှိမယ်
[illegible] ခန့်မှန်းရတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေပါပေါ့လား။
[illegible]အင်း ညည်းညူနေတဲ့ သူမကိုကြည့်ရင်း ခြေမကိုင်မိ
[illegible]ကိုင်မိ တုန်လှုပ်နေမိရင်းကပဲ အရဲစွန့် ခေါ်လိုက်မိတယ်။

"ဒီမှာ ... ဒီမှာ ... ကျွန်တော် ခေါ်တာ ကြားလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းဆို အခြေအနေက သိပ်ဟန်မည့်ပုံမပေါ်ပါ။ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ခပ်ပြတ်ပြတ်ချရင်း သူမကို ဆွဲယူပွေ့ချီပြီး ကားပေါ်တင်လိုက်တယ်။

နီးရာ အထူးကုဆေးခန်းတစ်ခုဆီ အရှိန်မြှင့်မောင်းလာရင်း ကျွန်တော့်ရင်တစ်ခုလုံး နိမ့်ချည်မြင့်ချည်နဲ့ ဗလောင်ဆူနေခဲ့ပါတယ်။

ကပိုကရို ဆံနွယ်ရှည်တွေ အုပ်စင်းဖြာကျနေတဲ့ အခြယ်အသကင်းကင်း မျက်နှာလေးကို အမှတ်တမဲ့ လှမ်းကြည့်ရင်း ကျွန်တော့်ရင်ထဲ မသိမသာ ဂယက်လှိုင်းလေးတစ်ချက် ထသွားတာ သတိပြုမိလိုက်တယ်။

ဟာကွာ ... ဒီအခြေအနေမျိုးမှာ ဒါမျိုးမဖြစ်သင့်ပါ။ ကျွန်တော် ခပ်ပြင်းပြင်း ခေါင်းခါယမ်းရင်း အစီအစဉ်မကျတဲ့ အတွေးတွေကို ခပ်ဝေးဝေး မောင်းထုတ်ပစ်လိုက်ပါတယ်။

ခုချိန်မှာ သူမရဲ့အသက်အန္တရာယ် စိုးရိမ်စရာမရှိစေဖို့သာ ခေါင်းထဲ မှတ်ထည့်ထားရမယ်လို့ ကျွန်တော် နှလုံးသွင်းလိုက်မိတယ်။





အင့်ခနဲ တစ်ချက် ညည်းညူလိုက်သံကြောင့် ကျွန်တော် မျက်ခနဲ လှမ်းကြည့်လိုက်ပြီး ကားကို ဒီ့ထက် အရှိန်ပိုမြှင့်မောင်းလာပါတယ်။ သိပ်မကြာခင်မှာပဲ အထူးကုဆေးခန်းကြီးတစ်ခုဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့တယ်။

အရေးပေါ်ဌာနမှာ လိုအပ်တာတွေ အချိန်မီပြုလုပ်ပြီးစီးချိန်မှာတော့ ကျွန်တော့်တစ်ကိုယ်လုံး မောပန်းနွမ်းနယ်မှုအပြည့်နဲ့ အင်အားဆုတ်ယုတ်နေခဲ့ပါတယ်။ ဆရာဝန်ကြီးက အလွန်အမင်း စိုးရိမ်ပူပန်နေပုံရတဲ့ ကျွန်တော့်ကို အေးအေးသက်သာကြည့်ပြီး ...

"ဘာမှစိုးရိမ်စရာမရှိတော့ပါဘူး ကောင်လေး၊ သူ အလန့်လွန်ပြီး သတိလစ်သွားတာပါ၊ လက်နဲ့ ခြေထောက်တွေမှာ နည်းနည်းပါးပါး ထိခိုက်ပွန်းပဲ့မိတာကလွဲလို့ အခြေအနေအားလုံး ကောင်းပါတယ်၊ မင်းကြည့်ရတာ တော်တော်တုန်လှုပ်နေပုံပဲ"

ဆရာဝန်ကြီးစကားကြောင့် ကျွန်တော် ခပ်သဲ့သဲ့ပြုံးလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမူအရာက အတော်လေးကို သိသာထင်ရှားလွန်းနေပြီလား မသိ။ ခုတင်ပေါ်မှာ ခပ်ဖျော့ဖျော့လေး အိပ်မော်ကျနေကဲ့ သူမကို မသိမသာ လှမ်းကြည့်ရင်း ...

"ကျွန်တော့်က သူ့ တစ်ခုခု ဖြစ်သွားမှာ စိုးရိမ်လို့ပါ ဒေါက်တာ၊ အခု ဒေါက်တာ့အပြောကြောင့် စိတ်သက်သာရရသွားပါပြီ၊ ဒဏ်ရာ ကြီးကြီးမားမား မရလို့ ကံကောင်းတယ် ဆိုရမှာပေါ့"

"တို့ဘက်ကလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ကိုင်ပေးထားပါတယ်ကွာ၊ ကဲ ... ကောင်လေး၊ ဘာမှစိတ်မပူနဲ့တော့နော်၊ လိုတာရှိရင် ဒီကဆရာမတွေကို အကူအညီ တောင်း၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဆရာဝန်ကြီး ထွက်သွားတော့ ကျွန်တော် ခုတင်ဘေးက ထိုင်ခုံပုလေးပေါ် ငြိမ်သက်စွာထိုင်ရင်း သူမကို မမှိတ်မသုန် ငေးစိုက်ကြည့်နေမိတယ်။ အဲဒီအချိန်မှာပဲ ရုတ်တရက် ထမြည်လာတဲ့ ဖုန်းသံကြောင့် နံပါတ်ကြည့်လိုက်တော့ မေမေ



"ဟယ်လို ... မေမေ၊ သား အခု ဆေးခန်းရောက်နေတယ်"

"ဟင် ... ဘာဖြစ်လို့လဲ သား"

ဖုန်းထဲကနေ ကြားနေရတဲ့ မေမေ့ရဲ့ စိုးရိမ်ပူပန်သံကြောင့် ကျွန်တော် ဟက်ခနဲ တစ်ချက် ရယ်လိုက်မိပါတယ်။

"ဘာမှမဖြစ်ပါဘူး မေမေရဲ့ မစိုးရိမ်ပါနဲ့၊ လမ်းမှာ လူတစ်ယောက်ကို ကားနဲ့ပွတ်မိလို့ ဆေးခန်းလိုက်ပို့ပေးတာပါ၊ လူနာက စိုးရိမ်စရာတော့ မရှိပါဘူး၊ နည်းနည်းပါးပါး ထိခိုက်ပွန်းပဲ့တာလောက်ပဲ ရှိပါတယ်၊ မေမေ စိတ်မပူနဲ့နော်"

"မေမေက သား အရမ်းနောက်ကျနေလို့ စိတ်ပူပြီး ဆက်တာပါကွယ်၊ အဲဒါဆိုလည်း လူနာအတွက် လိုအပ်တာတွေ ပြည့်ပြည့်စုံစုံ လုပ်ပေးလိုက်နော်၊ စိတ်မပူရဘူးဆိုလည်း ပြီးတာပါပဲ"

"စိတ်ချပါ မေမေ၊ ဒါပဲနော်"

ဖုန်းချပြီး သူမကို အမှတ်တမဲ့ လှမ်းကြည့်လိုက် မသိမသာ လှုပ်ခတ်လာတဲ့ မျက်ခွံလေးတွေကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အာရုံတွေ နိုးကြားသွားရတယ်။ သူမ သတိရလာပြီ။ ဒီအသိကြောင့်ပဲ ကျွန်တော် အများကြီး စိတ်သက်သာရာ ရသွား ပါတယ်။ သူမက နှုတ်ခမ်းလေးကို အသာဖွဖွ လှုပ်ရှပြီး ညည်း တွားလာခဲ့တယ်။

"မေမေ ... မေ ... မေမေ"

တိုးညင်းပျော့တော့တဲ့ လေသံထဲမှာ တစ်စုံတစ်ရာကို ငံ့လင့်တောင့်တတဲ့ အရိပ်အမြွက်တချို့ နှစ်မျှောပါဝင်နေခဲ့တယ်။

တဖြည်းဖြည်းနဲ့ ပွင့်အာလာတဲ့ မျက်ဝန်းနက်နက် တွေက လက်ရှိရောက်နေတဲ့ ပတ်ဝန်းကျင်ကို ဇဝေဇဝါအကဲခတ် နေတာ ကျွန်တော် သတိပြုလိုက်မိပါတယ်။

ကျွန်တော် သူမနားကို အသာဖွဖွတိုးကပ်ပြီး မေး တယ်။

"မင်း သတိရလာပြီလား"

ကျွန်တော့်ကို ထိတ်လန့်တကြား မော့ကြည့်နေတဲ့ မျက်ဝန်းလေးတွေထဲမှာ တစ်စုံတစ်ရာအတွက် အသည်းအသန် ကြောက်ရွံ့နေဟန်တွေ အထင်းသား ပေါ်လွင်နေပါတယ်။





ကျွန်တော် သူမကို နှစ်သိမ့်ပြုံးပြလိုက်တယ်။

"ဘာမှ မစိုးရိမ်ပါနဲ့၊ မင်း ဆေးခန်းရောက်နေတာပါ၊ ကိုယ့်ကားနဲ့ ပွတ်တိုက်မိသလို ဖြစ်သွားတယ်လေ၊ ဒါပေမဲ့ ဘာမှ စိုးရိမ်စရာ အခြေအနေ မရှိပါဘူး"

သူမက ရုတ်တရက် ကျွန်တော် နားမလည်နိုင်တဲ့ အမူအရာတစ်မျိုးနဲ့ တုံ့ပြန်လာပါတယ်။ အဲဒါကတော့ ကျွန်တော်နဲ့ ရာကို ခပ်ဖြည်းဖြည်း ရွှေ့သွားပြီး မသိမသာ နှာခေါင်းရှုံ့လိုက် ပါပဲ။

ဪ ... သိပြီ။ လက်စသတ်တော့ ညနေက ဝိုင်း င်းခဲ့တဲ့ ဘီယာနံ့တထောင်းထောင်းကြောင့်ပဲ ထင်ပါရဲ့။ န်တော် အားနာနာနဲ့ ပါးစပ်ကို လက်နဲ့အသာအုပ်ရင်း ...

"အဟဲ ... ဆောရီးကွာ၊ မင်း စိတ်အနှောင့်အယှက် ဖြစ် သွားရင် တောင်းပန်ပါတယ်၊ ဒါပေမဲ့ ကိုယ့်ကို မိကောင်း ဖခင်သားသမီးတစ်ယောက်အဖြစ်တော့ ယုံကြည်လက်ခံ ပေးပါ"

သူမက ကျွန်တော့်ကို မဝံ့မရဲဟန်လေးနဲ့ လှမ်းကြည့်

www.burmeseclassic.com



"ကျွန်မကို အဆောင်ပြန်လိုက်ပို့ပေးပါ"

လို့ဆိုတယ်။

သူမအသံက လိုအပ်တာထက် ပိုပြီးတိုးညင်းဖျော့တော့နေတယ်။ ပျော့ညံ့သလောက် ခေါင်းမာတတ်မယ့်ပုံပါပဲ။ ကျွန်တော် သက်ပြင်းတစ်ချက်ချရင်း ...

"ဆရာဝန်ကြီးက မှာသွားတယ်၊ ဒီညတစ်ညတော့ ဆေးခန်းမှာ ကောင်းကောင်းအနားယူပြီး မနက်ဖြန်ကျမှ ပြန်ပါတဲ့၊ ဒါ ကိုယ်ပြောတာ မဟုတ်ဘူးနော်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ပယောဂလည်း ပါတဲ့အတွက် အရှင်းပျောက်ကင်းသွားမှ ပြန်စေချင်တယ်၊ ကိုယ့်စေတနာကို အသိအမှတ်ပြုတယ်ဆိုရင် ကိုယ့်ဆန္ဒကို လိုက်လျောပေးပါ ပန်းမိုမို"

မထင်မှတ်ဘဲ ရှာဖွေတွေ့ရှိလိုက်ရတဲ့ မှတ်ပုံတင်ထဲက နာမည်ကို ပြောင်ပြောင်တင်းတင်း ခေါ်ချလိုက်တာမို့ သူမက ဆတ်ခနဲ မော့ကြည့်လာပါတယ်။ သူမ အကြည့်တွေက စောစောတုန်းကလောက် သူစိမ်းမဆန်တော့ဘဲ အနည်းငယ် နွေးထွေးမှု ရှိလာသလိုပဲလို့ ခံစားသိရှိလိုက်မိတယ်။





ကျွန်တော်က ကားတိုက်တုန်းက တစ်စစီလွင့်ကျဲသွားတဲ့ သူမရဲ့ပစ္စည်းပစ္စယတွေ စုပုံထည့်ထားပေးတဲ့ အိတ်တစ်လုံးကို လှမ်းပေးရင်း ...

"ဒီမှာ ... မင်းရဲ့ပစ္စည်းတွေအားလုံး ကိုယ် သိမ်းပေးထားတယ်၊ စုံမစုံ စစ်ကြည့်လိုက်ပါဦး"

ကျွန်တော့်စကားကြောင့် သူမက ကျွန်တော့် မာနအရေးကို နားလည်သွားပုံနဲ့ ယုံကြည်သက်ဝင်စွာ အိတ်လေးကို သိမ်းယူလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ် ကို ..."

"ကိုယ့်နာမည် လင်းသုခပါ"

"ရှင် ... ဒါဆို"

သူမက မျက်လုံးဝိုင်းနက်နက်လေးနဲ့ တအံ့တဩ ကြည့်လာတယ်။ နာမည်ရင်းကို ကလောင်နာမည် ပြန်သုံးထားတဲ့ နာမည်ကြီး စာရေးဆရာတစ်ယောက်ကို သူမ မလွဲမသွေ သိမှာ ကျိန်းသေပါတယ်။

"ရှင် ... ရှင်ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ပန်းမိုမို၊ ကိုယ် စာရေးဆရာ လင်းသုခပါ"

ကျွန်တော့်ကို ငေးမောကြည့်နေတဲ့ ခင်မင်နှစ်လို ဖွယ် အကြည့်တွေကို မသိကျိုးကျွန်ပြုရင်း ကျွန်တော် ဟိုလိုလို ဒီလိုလိုနဲ့ မျက်နှာလွှဲနေမိတယ်။ တစ်အောင့်လောက်ကြာမှ သူမ က အစီအစဉ်မရှိဘဲ တစ်ချက်ပြုံးလိုက်ပြီး ...

"ထူးဆန်းတယ်နော်၊ ကျွန်မ စာရေးဆရာတစ်ယောက်ရဲ့ ကားနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် လာတိုက်မိရတယ်လို့၊ ရှင် နဲ့သိကျွမ်းခွင့်ရတာ ဝမ်းသာပါတယ် ကိုလင်းသုခ"

"ကိုယ့်ကို အဲဒီအရှိန်အဝါမျိုးကြီးနဲ့တော့ ခင်မင်မှု မပေး ပါနဲ့ကွာ၊ ကိုယ်လည်း ပုံမှန်အသက်ရှူသံနဲ့ ရှင်သန်ခွင့် ရနေတဲ့ သာမန်လူသားတစ်ယောက်ပါ"

"ကျွန်မ ရှင့်အကြောင်း ရေးထားတဲ့ ဂျာနယ်တော်တော် များများကို ဖတ်ဖူးပါတယ်၊ ရှင်က စာရေးဆရာတွေထဲ မှာ မာနအကြီးဆုံး၊ အင်တာဗျူးတွေနဲ့ မျက်နှာချင်းမဆိုင် ဆုံး၊ ခွတီးခွကျ စာရေးဆရာတစ်ယောက်တဲ့၊ အဲဒါ ဟုတ် လား"





ကျွန်တော်က သူမစကားကြောင့် ခပ်ယောင်ယောင် ပြုံးလိုက်မိပါတယ်။ သူမ ပြောနေတာတွေက အမှန်တွေ ည်းပဲမို့ ခေါင်းငုံ့ပြီးသာ ငြိမ်ခံလိုက်ရတယ်။ တစ်စိတ်ကို တစ် တ်လုပ်ပြီး ချဲ့ကားရေးသားကြတဲ့ စာနယ်ဇင်းသမားတွေနဲ့လည်း ပြိုင်ပြောဆိုလိုခြင်း မရှိပါ။

သူတို့ ရေးသားတင်ပြသမျှဟာလည်း အမှန်တရား သာ ဖြစ်နေခဲ့တာမို့ ကျွန်တော်က အထူးတလည် ဖြေရှင်းချင် လည်း မရှိခဲ့ပါ။

"ရှင်က အချစ်ဝတ္ထုရေးတဲ့ စာရေးဆရာ ဆိုပေမယ့် အချစ်ကို ခါးခါးသီးသီး မုန်းတီးနေတဲ့ လူတစ်ယောက်လို့ တစ်ခါက မဂ္ဂဇင်းတစ်အုပ်မှာ မထိတထိ ရေးထားတာ ဖတ်လိုက်ရဖူးတယ်၊ ကျွန်မကို တစ်မျိုးမထင်ပါနဲ့နော်၊ ရှင့် ကိုယ်ရေးကိုယ်တာကို မဆီမဆိုင် ဝင်စွက်မိတဲ့အတွက် လေ"

ကျွန်တော် သူမကို နားလည်မှုရှိစွာ ပြုံးကြည့်လိုက် တယ်။

www.burmeseclassic.com

www.burmeseclassic.com



လမင်းနဲ့ ပတ်သက်ခဲ့သမျှ အတိတ်က အဖြစ်အပျက်တွေ အားလုံးကို ပြည်ဖုံးကားချထားခဲ့ပြီးပြီမို့ ဂယက်လှိုင်းတွေရဲ့ဒဏ်ကိုလည်း အရေထူလောက်အောင် ခံနိုင်ရည်ရှိခဲ့ပြီဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် တပ်အပ်သိနေခဲ့ပြီးသားပါ။

ပန်းမိုမိုက ကျွန်တော့်ကို မျက်လွှာတစ်ချက် ပင့်ကြည့်ပြီး ...

"ခုလို ကျွန်မကို ဂရုတစိုက် ဆောင်ရွက်ပေးခဲ့တာအတွက် ကိုလင်းသုခကို ကျေးဇူးအများကြီး တင်ပါတယ်၊ မနက်ဖြန်ဆိုရင် ကျွန်မ အဆောင်ပြန်လို့ ရပြီပေါ့နော်"

ကျွန်တော့်အကြောင်း ဦးတည်ရာကနေ လမ်းကြောင်းပြောင်းသွားတဲ့ သူမအကြောင်းက စိတ်ဝင်စားစရာအပြည့်နဲ့ ကျွန်တော့်အာရုံထဲ ဝင်ရောက်နေရာယူလာတယ်။

စာရေးဆရာမျက်စိနဲ့ သုံးသပ်ကြည့်ရှုမယ်ဆိုရင် သူမက ကျွန်တော့်အတွက် ဇာတ်ကောင်အသစ်တစ်မျိုးလည်း ဖြစ်စေခဲ့ပါတယ်။

"ပန်းမိုမိုက အဆောင်မှာ နေတာလား"





ကျွန်တော့်မေးခွန်းကို သူမက သက်ပြင်းလေးတစ်ချက်နဲ့ ဦးစွာတုံ့ပြန်လာတယ်။ မသိမသာ ညှိုးငယ်ရိပ်ဆင်သွားတဲ့ သူမ မျက်ဝန်းညိုညိုတွေကို ကျွန်တော် အဓိပ္ပာယ်မဲ့ ငေးစိုက်ကြည့်နေမိတယ်။ သူမ လျှောက်လှမ်းခဲ့ရတဲ့ ခရီးလမ်းဟာ အနည်းနဲ့အများတော့ ခက်ခဲကြမ်းတမ်းနေမှာ အသေအချာဖြစ်ကြောင်း အရွယ်နဲ့မမျှတဲ့ အိုမင်းရင့်ရော်ရိပ်တွေက အကောင်းဆုံး သက်သေပြနေခဲ့ပါတယ်။

သူမက ကျွန်တော့်ကို မရဲတရဲ မော့ကြည့်ပြီး ...

"ဟုတ်ပါတယ် ကိုလင်းသုခ၊ ကျွန်မ နယ်ကလာတာပါ၊ လှည်းတန်းမှာ အဆောင်နေတယ်၊ ကျောင်းပြီးကတည်းက ဆယ်တန်းကလေးတွေကို ဂိုက်သင်ရင်း တစ်ဖက်က လိုအပ်တဲ့သင်တန်းတွေ လိုက်တက်နေပါတယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ဘဝကို ရိုးရိုးရှင်းရှင်း ဖြတ်သန်းနေသူ တစ်ယောက်ပေါ့"

သူမက ပြောရင်း မောသွားဟန်နဲ့ ခဏနားပြီး [illegible] ဖြတ်လိုက်ပါတယ်။

www.burmeseclassic.com



မမျှော်လင့်တဲ့ အချိန်ပိုင်းလေး အတွင်းမှာ တ
ယောက်ကိုတစ်ယောက် ယုံကြည်နားလည်သွားတာကို ထူးဆ
ဆန်းဆန်း ခံစားသိရှိလိုက်ရတဲ့ ခဏမှာ ကျွန်တော့်ရင်ထဲ ပြီးပြည့်
စုံတဲ့ နွေးထွေးမှုတစ်ခု ဖြတ်သန်းစီးဆင်းသွားခဲ့တယ်။

မွန်းမိုမိုက သဘာမန်မိန်းကလေးတွေနဲ့ မတူတာတော့
အမှန်ပါ။ တည်ငြိမ်အေးချမ်းတဲ့ သူမအသွင်သဏ္ဍာန်က တခြာ
လူအတွက် ပျော်ညှို့တယ်လို့ ယူဆကောင်း ယူဆနိုင်ပေမယ်
ကျွန်တော့်အတွက်တော့ အဖိုးတန်တဲ့ ဂုဏ်ရေးကြီးမှုတစ်ရပ်အဖြ
စံတင်လောက်စရာပါပဲ။

"ကဲ ... ပန်းမိုမို၊ ကိုယ်လည်း မင်း ကိုယ်ရေးကိုယ်တာ
တွေကို ရင်စွက်သလို ဖြစ်သွားပြန်ပြီ၊ မင်း ကောင်းကောင်း
အနားယူလိုက်ပါ၊ မနက်ကျမှ မင်း အဆောင်ကို ကိုယ်
ပြန်လိုက်ပို့ပေးမယ်၊ ဟုတ်ပြီလား ...

ဒီမှာ ဆရာမတွေရှိတယ်၊ မင်း လိုအပ်တာတွေ
သူတို့ဆီမှာ အကူအညီ တောင်းလို့ရတယ်၊ ဒီညတော့
အိပ်ရေးဝအောင် အိပ်လိုက်နော်၊ ကိုယ် သွားပြီ"



ညဥ့်အတော်နက်နေပြီမို့ မေမေ စိတ်ပူနေမှာကို
တွေးရင်း ကျွန်တော် ပြန်ဖို့ဟန်ပြင်လိုက်ပါတယ်။ သူမက
တော့်ကို ကလေးတစ်ယောက်လို မော့ကြည့်ရင်း ...

"ဟို ... အစ်ကို့ကို ကျွန်မ ကျေးဇူးတင်ပါတယ်"

လို့ တိုးတိုးလေး ပြောတယ်။

ရုတ်တရက် ပြောင်းလဲသွားတဲ့ နာမ်စားတစ်ခု
ကြောင့် ကျွန်တော့်ရင်ထဲ ကြည်နူးလှိုက်မောမှုလေးတစ်ခု ရုပ်ပြေး
ဆင်းသွားပါတယ်။ သူမကို အမှတ်တမဲ့ လှည့်ကြည့်လိုက်တော့
ထူးခြားခြား လှုပ်ခတ်သွားခြင်း မရှိဘဲ ကျွန်တော့်ကို အေးအေး
ဆေး ပြန်ကြည့်နေတာ တွေ့ရတယ်။

ကျွန်တော့်ရင်ထဲမှာ မသိမသာ ကျိတ်ပြုံးလိုက်မိ
တယ်။ အပြင်ပန်းမှာတော့ သူမကို ပုံမှန်အနေအထားမျိုးနဲ့
ခြင်းတစ်ချက် ဆတ်ပြပြီး ...

"မလိုပါဘူးကွာ၊ မင်းသာ နေကောင်းအောင်နေပါ၊ မနက်
ဖြန် ကိုယ်လာတဲ့အထိ စောင့်နော်၊ အိပ်မက်လှလှ မက်ပါ
စေလို့ ကိုယ် ဆုတောင်းပေးလိုက်ပါတယ်၊ ဂွတ်နိုက်(တ်)
ပန်းမိုမို"

“ဝွတ်နိက်(တ်)ပါ အစ်ကို၊ ဩော် ... အစ်ကို ...”

ကျွန်တော် ဖျတ်ခနဲ လှည့်ကြည့်လိုက်တယ်၊ သူမ က စိုးရိမ်ပူပန်တဲ့ မျက်ဝန်းအစုံနဲ့ ကျွန်တော့်ကို ပြုံးကြည့်ပြီး

“အစ်ကို ကားကို ဂရုစိုက်မောင်းဦးနော်၊ ဟိုလေ ...”

“ဘာလဲ ... အရက်သောက်ထားတယ် ပြောမလို့ မဟုတ် လား”

ကျွန်တော့်ရဲ့ တဲ့တိုးစကားကို သူမက ခပ်လွင်လွင် လေး ရယ်ရင်း တုံ့ပြန်လာပါတယ်။

“အန္တရာယ်များလို့ ပြောတာပါ အစ်ကို”

“ကျေးဇူးအများကြီး ပြန်တင်ပါတယ်ကွာ၊ မင်းစကား ကိုယ် နားထောင်မှာပါ၊ ကဲ ... ကိုယ်လစ်ပြီနော်”

သူမကို နောက်ဆံငင်ငင်နဲ့ နှုတ်ဆက်ရင်း အပြ ခရီးနှင်လာခဲ့တဲ့ ကျွန်တော့် အာရုံထဲမှာ သူ့မပုံရိပ်က ထက်ကြ မကွာ စိုးမိုးငြိတွယ်လာခဲ့ပါတယ်။

ထူးဆန်းတာ တစ်ခုက ကိုယ့်အဖြစ်ကိုယ် ကြ ဖန်ဖန် ကြည်နူးပီတိဖြာနေမိတာပါပဲ။



အဲဒီကြည်နူးမှုက လမင်းနဲ့တုန်းကလိုပဲ ရင်ခုန်ခြင်း ချက်ကို အရှိန်မြင့်လာစေတယ်။

ဒါပေမဲ့ ဒုတိယ ရင်ခုန်သံဟာ ပထမရင်ခုန်သံ တော့ ပိုပြီးလေးနက်တည်ငြိမ်နေခဲ့ပါတယ်။

❣ ✦ ❣

www.burmeseclassic.com



ပန်းမိုမိုနဲ့ အမှတ်မထင် တွေ့ဆုံခဲ့ပြီးတဲ့ နော
ပိုင်းမှာ ကျွန်တော် နောက်ဆုံး အစပျိုးခဲ့တဲ့ "ရှင်ခုနှ်သံအသင်
နားနိုရာ" လုံးချင်းဝတ္ထုကို ဓာတ်လမ်း၊ ဓာတ်ကွက် ပိုင်ပိုင်နိုင်
နဲ့ ထိမိပြောင်မြောက်အောင် လက်စသတ်နိုင်ခဲ့ပါတယ်။

ကျွန်တော့်ကို မျက်စိဒေါက်ထောက် စောင့်ကြ
နေကြတဲ့ တချို့ဂျာနယ်တွေမှာတော့ ထုံးစံအတိုင်း "လူပျို
စာရေးဆရာတစ်ယောက်တော့ သာမန်အရပ်သူလေးတစ်ယော
နဲ့ မကြာခင် ငြိတော့မယ် ဆိုလား" စတဲ့ သတင်းအစအန
ကို အားမနာ လျှာမကျိုး ထုတ်ဖော်ရေးသားကြတဲ့ ပြဿနာ
လည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ နာမည်ကြီးလာတာနဲ့အ
ပြဿနာကလည်း တစ်စထက်တစ်စ ပိုပြီးကြီးထွားလာခဲ့တ





ဆို ကျွန်တော့်မှာ လေလည်တာတောင် အရပ်လေးမျက်နှာ ပြည့် လည်နေရတဲ့အဖြစ်ပါ။

ကျွန်တော့်အပေါ် မိတ်ဆွေကောင်း တစ်ယောက်၊ သူငယ်ချင်းကောင်းတစ်ယောက်လို နားလည်ပေးနိုင်စွမ်းရှိတဲ့ ပန်းမိုကတော့ သိုးသိုးသဲ့သဲ့ သတင်းတွေကြားတိုင်း မသိမသာ မျက်နှာပျက် ယွင်းသွားတတ်ပြီး ကျွန်တော့်ကိုလည်း အားတုံ့အားနာ ဖြစ်နေပုံနဲ့ ...

"ပန်းအတွက်နဲ့ အစ်ကို ဒီလိုရှိသဲ့သဲ့ ဖော်ပြခံရတာ ပန်း စိတ်မကောင်းပါဘူး အစ်ကို၊ အစ်ကို့လို အနုပညာသမား တစ်ယောက်အတွက် ဒီလို တိုက်ခိုက်ခံရတာ ပန်းပယောဂ လည်း မကင်းဘူး၊ ပန်းတို့ရဲ့ ရိုးရိုးသားသား ခင်မင်မှုကို ဘာလို့ အရောင်အမျိုးမျိုး ဆိုးချင်ကြတာလဲ မသိဘူးနော်"

"စာနယ်ဇင်းလောကမှာ ဒါတွေက အထူးအဆန်း မဟုတ်တော့ပါဘူး ပန်း၊ ကိုယ်က ပန်းကိုတောင်ပြန်ပြီး တောင်းပန်ရမှာပါ၊ ပန်းရဲ့ သိက္ခာအတွက် ကိုယ် သူတို့နဲ့ ထိပ်တိုက် ဖြေရှင်းခွင့်ရရင် သိပ်ကောင်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မဟုတ်တာ အစ်ကိုကလည်း၊ ပန်းလို သာမန် မိန်းကလေးတစ်ယောက်ထက်စာရင် အစ်ကိုလို ပြည့်သူ တဲ့ အနုပညာရှင်တစ်ယောက်အတွက် ပိုပြီး စဉ်းစားရမှာ ပါ၊ ပန်းဘက်ကို မငဲ့ကွက်ပါနဲ့ အစ်ကို"

ကျွန်တော် မျက်စိုးပင့်တက်သွားရလောက်အောင် ပန်းရဲ့ပြည့်ပြည့်ဝဝ နားလည်ပေးနိုင်မှု စွမ်းအားက တုန္နိုင်းမဲ့စွာ ကြီး မားမြင့်မြတ်လွန်းပါတယ်။

ကျွန်တော့်ဘဝမှာ ကျွန်တော့်အပေါ် အစွမ်းကုန် နားလည်ပေးနိုင်ဆုံး မိန်းမနှစ်ယောက်မှာ တစ်ယောက်က မေမေ ဖြစ်ပြီး နောက်တစ်ယောက်ကတော့ ပန်းလို့ပဲ တစ်ထစ်ချမှတ် ယူရမှာပါပဲ။

ပန်းနဲ့ ခင်မင်သိကျွမ်းပြီး နောက်မှာ ကျွန်တော် တစ်စတစ်စ သိလာရတာ တစ်ခုက ပန်းဟာ အလွန်လျှို့ဝှက် နက်နဲသူတစ်ယောက်၊ နားလည်ရခက်သူ တစ်ယောက်အဖြစ် တဖြည်းဖြည်း ပုံပေါ်လာတာပါပဲ။

ဟုတ်တယ်။ အချိန်ကြာလာတာနဲ့အမျှ ပန်းကို ကျွန်တော် နားမလည်နိုင် ဖြစ်နေခဲ့ရတယ်။





အထူးသဖြင့် ပန်းအကြောင်းကို ဒီ့ထက် ပိုပြီးစုံစုံ လင်လင် သိချင်စိတ်နဲ့ ကျွန်တော်မေးတဲ့ မေးခွန်းတွေကို ပန်း ပြန်ဖြေခဲ့တဲ့ အဖြေတွေက ထူးထူးဆန်းဆန်းတွေချည်းပါပဲ။

"ပန်းမိဘတွေကို သတိမရဘူးလားဟင်"

အဲဒီမေးခွန်းအဆုံးမှာ ပန်းက ကျွန်တော့်ကို ခဝတ် လှည့်ကြည့်ပြီး သိသိသာသာ သက်ပြင်းချလိုက်ရင်းက ...

"ဘာဖြစ်လို့ မေးတာလဲ အစ်ကို"

လို့ ပြန်မေးတယ်။

"ဘာမှမဖြစ်ပါဘူးကွာ၊ ပန်းက တစ်နှစ်နေလို့မှ တစ်ခါ တောင် နယ်မပြန်ဘူးဆိုတော့ မိဘတွေကို သတိမရလို့ လားလို့ မေးကြည့်တာပါ"

ပန်းက အချိန်အတော်ကြာအောင် နှုတ်ဆိတ်ငြိမ် သက်နေပြီးမှ ကျွန်တော် သိနားလည်ဖို့ ခဲယဉ်းတဲ့ အဖြေမျိုးနဲ့ ပြန်လာပါတယ်။

"ပန်းရဲ့အတိတ်ကာလ စာမျက်နှာတွေမှာ အစ်ကို မသိနိုင် တဲ့ သင်ခန်းစာတွေ အများကြီးရှိတယ် အစ်ကို၊ ပန်း လူတွေကို ကြောက်တယ်၊ နောက်ပြီး ... ဒုတိယဘူး



www.burmeseclassic.com

www.burmeseclassic.com



သခင်လို့ လူတွေဆိုစမှတ်ပြုကြတဲ့ ငွေကိုလည်း သေ
လောက် ကြောက်တယ်၊ ထပ်ပြီးချဲ့ပြောရရင်တော့ လော
ကြီးကိုပါ ကြောက်မိတယ်”

ပန်းစကားတွေက ကျွန်တော့် စိတ်ဝင်စားမှု
အရှိန်အဟုန် မြင့်သွားစေပါတယ်။ ဒီစကားတွေ ပြောနေချိန်
ပန်းမျက်ဝန်းတွေ နီရဲစွတ်စိုနေတာ ကျွန်တော် သတိထားမိလို
တယ်။ ဘာတွေလဲ။

ပန်းရဲ့အတိတ်ရာဇဝင်မှာ ဘယ်အရာတွေက ပန်း
ထိခိုက်နာကျင်စေခဲ့တာလဲ။ ကျွန်တော် ပြင်းပြင်းပြပြ သိချင်
မိပါတယ်။

“ကိုယ် သိခွင့်ရှိနိုင်မလားဟင်”

ကျွန်တော် အရဲစွန့် မေးလိုက်တဲ့ မေးခွန်းအတွ
ပန်းရဲ့မျက်နှာ မသိမသာ ပျက်ယွင်းသွားခဲ့တယ်။ ကျွန်တော်
စိတ်ထင် မိဝေး ဖဝေး တစ်ကောင်ကြွက်ဘဝနဲ့ ကိုယ့်ကိုယ်ကို
အနိုင်နိုင် ရပ်တည်နေရသူ ပန်းအတွက် ရင်ဖွင့်တိုင်ပင်ဖော်
ယောက် မရှိမသေ့ လိုအပ်လိမ့်မယ်ဆိုတာ ကိုယ်ချင်းစာကြ
လို့ ရပါတယ်။





ရှင်းရှင်းပြောရရင် ကျွန်တော် ပန်းရဲ့လမ်းပြကြယ်က
လေးတစ်ပွင့် လိုလိုလားလား ဖြစ်ချင်မိတာ အရိုးသားဆုံး ဝန်ခံ
ချင်ပါရဲ့။

“ကိုယ့်ကို စပ်စုတဲ့ သူတစ်ယောက်လို့တော့ အထင်မရောက်
စေချင်ဘူး၊ ကိုယ် ပန်းကို အားပေးချင်ရုံ သက်သက်ပါ။
ပန်းဘဝရဲ့ အခက်အခဲ အတားအဆီးတွေကို တစ်ဖက်
တစ်လမ်းက ကူညီဖြေရှင်းပေးချင်တဲ့ စေတနာ အစစ်
အမှန်နဲ့ မေးရတာပါ ...

ပန်း ကိုယ့်အပေါ် နားလည်မှု အပြည့်ရှိတယ်ဆို
ရင် ပန်း ရင်ဆိုင်နေရတဲ့ ပင်ပန်းဆင်းရဲခြင်းတွေ၊ ပျော်ရွှင်
ကြည်နူးမှုတွေအားလုံးကို ကိုယ်နဲ့အတူတူ မျှဝေခံစားခွင့်
ပြုပါ ...

ကိုယ် စိတ်ရင်းမှန်နဲ့ တောင်းဆိုတာပါ”

ကျွန်တော့်ကို မရဲတရဲ မော့ကြည့်လာတဲ့ မျက်ဝန်း
ညိုညိုတွေထဲမှာ ရင်နှီးကျွမ်းဝင်စွာ အားကိုးလိုခြင်း အရိပ်အရွေ
တွေ အထင်းသား ပေါ်လွင်ထင်ဟပ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းက ပထမတော့ ပြောသင့် မပြောသင့် စဉ်းစားချင် ချိန်နေသလို အချိန်အတော်ကြာအောင် ငြိမ်သက်တိတ်ဆိတ်နေပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပုံနဲ့ မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်ရင်း ဆိုလာတယ်။

"အစ်ကို့ကို ပန်း ယုံပါတယ်၊ ရန်ကုန်ဆိုတဲ့ မြို့ကြီးမှာ ပန်းအတွက် မိတ်ဆွေစစ် မိတ်ဆွေမှန်ဆိုတာ ရှေ့ထက်ရှား ပါတယ် အစ်ကို၊ ဒါပေမဲ့ ဘာကြောင့်လဲ မသိဘူး၊ ပန်း အစ်ကို့ကိုတော့ အကြွင်းမဲ့ယုံတယ်၊ အစ်ကိုဟာ ပန်းဘဝရဲ့ လိုအပ်ချိန်တိုင်းမှာ အမြဲအဆင်သင့်ရှိနေပေးမယ့် မိတ်ဆွေ ကောင်းတစ်ယောက်ပဲ ဆိုတာ အလိုလိုနေရင်း သိနေတယ်၊ အစ်ကို့ကို ပန်းဘဝရဲ့ဖြစ်ရပ်မှန်တွေအားလုံး ထုတ်ဖော်ပြော ပြပါ့မယ် ...

ပန်းမိဘတွေက ပြင်ဦးလွင်ကပါ၊ ပန်းမှာ ညီအစ်ကို မောင်နှမ မရှိဘူး၊ တစ်ဦးတည်းသောသမီးဘဝနဲ့ အချိန် တွေကို အထီးကျန်ဆန်စွာ ဖြတ်သန်းလာခဲ့ရတာပါ၊ ပွင့် ပွင့်လင်းလင်း ပြောရရင် ပန်းတို့က ပြင်ဦးလွင်မှာ အဆင်း





ရဲဆုံး မိသားစုတစ်စုလို့ ပြောလို့ရတယ်၊ ဖေဖေနဲ့ မေမေ က သူဌေးတစ်ယောက်ရဲ့ အိမ်အလုပ်၊ ခြံအလုပ်တွေကို လုပ်ရင်း မိသားစုသုံးယောက်ဘဝကို ပြေလည်အောင်ဖန်တီး နေကြရတာပါ၊ ဒါပေမဲ့ ပန်းမိဘတွေက ပန်းကိုတော့ ငယ်ငယ်လေးကတည်းက ပင်ပန်းမယ့်ကိစ္စဆို ဘာတစ်ခုမှ မခိုင်းခဲ့ကြဘူး ...

ပညာကိုပဲ တစိုက်မတ်မတ် သင်ယူလာခဲ့ပြီး မန္တလေး တက္ကသိုလ်ကနေ မြန်မာစာနဲ့ ဘွဲ့ရခဲ့တယ်၊ ပန်း ဘွဲ့ရပြီးတဲ့ နေ့မှာပဲ ဖေဖေက သူ အနှစ်နှစ်အလလက မျိုသိပ်ဖုံးကွယ် ထားတဲ့ ကိစ္စကြီးတစ်ခုကို ဖွင့်ပြောလာတယ် ...

အဲဒါကတော့ ဖေဖေတို့ အလုပ်ရှင် မြို့မျက်နှာဖုံး သူဌေး ဦးစိုင်းခမ်းက ပန်းပညာစုံလို့ အရွယ်ရောက်တဲ့တစ် နေ့ကျရင် လက်ထပ်ခွင့် တောင်းချင်ပါတယ်တဲ့၊ သူက ပြင်ဦးလွင်မြို့မှာချည်းပဲ ယူထားတဲ့မိန်းမက လေးယောက် လောက်ရှိပြီးနေပြီ၊ ဒါပေမဲ့ ကွဲတဲ့သူနဲ့ကွဲ၊ လက်ရှိပေါင်း နေတဲ့ မိန်းမလည်း ရှိနေခဲ့တယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



ငွေဆိုတဲ့ ထောင်ချောက်တစ်ခုနဲ့ ကြော့ကွင်းထော
ပြီး အရာရာကို စိုးမိုးခြယ်လှယ်ချင်တဲ့ ဦးစိုင်းခမ်းကို ပ
ဘယ်လိုလုပ် လက်ထပ်ချင်ပါ့မလဲ၊ အစ်ကို စဉ်းစားကြ
ပါ၊ ဖေဖေကတော့ ပန်းကို နောက်ဆုံးလက်နက်သုံးပြ
ဖျောင်းဖျပါတယ်၊ ဦးစိုင်းခမ်းဆီမှာ ဖေဖေတို့ ဆယ်သ
ဆပ်တောင် မကုန်နိုင်တဲ့ ငွေအကြွေးတွေ အများကြီးတ
နေတယ်တဲ့၊ ဦးစိုင်းခမ်းက ပန်းကိုသာ လက်ထပ်ခွင့်ရမ
ဆိုရင် အဲဒီငွေတွေအားလုံးကို သူ ပြန်ယူဖို့ မမျှော်လ
တော့ပါဘူးတဲ့ ...'

အစ်ကိုရယ် ... ပန်းဘဝက ငွေနဲ့လဲလှယ်ဖို့ က
ဖော်မြင်းခြင်းခံထားရတဲ့ ဘဝပါ"

ပန်းက စကားအဆုံးမှာ ရှိုက်ကြီးတငင် ငိုကြွေး
လိုက်ပါတယ်။ ကျွန်တော့်ရင်ထဲ မချိအောင် နာသွားရတယ်၊

တကယ်တော့ ပန်းလိုအဖြစ်မျိုးတွေက အခုခေ
ကာလမှာ အတော်ကြီးကို ရှားပါးတိမ်ကောနေပါပြီ။ ပန်းဘဝ
အတိတ်စာမျက်နှာဆိုးတွေက ကျွန်တော့်အတွက်တော့ ဒေါသ
နိုင်တွေအဖြစ် အသွင်ပြောင်းစေခဲ့တယ်။





ကျွန်တော် ပန်းကို သနားကရုဏာသက်စွာ ငေးမော
ကြည့်နေစဉ်မှာပဲ ဘယ်ဘက်ရင်အုံဆီက ထူးထူးဆန်းဆန်း
သံတချို့ ခုန်ဆင်းထွက်လာတယ်။

သေချာတယ်။ ကျွန်တော့် စာမျက်နှာတွေပေါ်မှာ
ကြိမ်ကြိမ် ချရေးပြခဲ့ဖူးတဲ့ ရင်ခုန်သံဆိုတာ ဒါကို ပြောတာပဲ
ရမယ်။

ဒါပေမဲ့ ကျွန်တော့်ရင်ခုန်သံဟာ ဒုတိယအကြိမ်
မြောက် မွေးဖွားလာတဲ့ ရင်ခုန်သံပါ။

ကျွန်တော် ပန်းအတွက် အစစအရာရာ ရင်ဆိုင်ဖြေ
ဆေးချင်တဲ့ သတ္တိတွေ ရှုထောင့်မျိုးစုံကနေ အသီးသီး ထွက်
လာခဲ့ပါပြီ။

"ပန်း မငိုပါနဲ့ကွာ၊ မင်းမျက်ရည်တွေကို မြင်ရတာ ကိုယ်
ရင်နာလွန်းလို့ပါ"

"ပန်း တွေးကြည့်လိုက်တိုင်း သိပ်ဝမ်းနည်းတယ် အစ်ကို၊
တကယ်တော့ ပန်းဟာ အိမ်ပြေးတစ်ယောက်ပါ၊ အစ်ကို
ခုနကမေးခဲ့သလို ပန်းမိဘတွေကို သတိမရဘူးလားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှလေ၊ မှန်း နေ့စဉ်နဲ့အမျှ သတိရတာပေါ့ အစ်ကို၊ ဒါပေ... ပန်း မြိုင်ဦးလွင်ကို လုံးဝမပြန်ရဲဘူး၊ အထူးသဖြင့် ဦး... ခမ်းကို လုံးဝမျက်နှာချင်း မဆိုင်ချင်ဘူး၊ ပန်း သူ့ကိုလ... မထပ်ချင်ဘူး အစ်ကိုရယ်”

ပန်းစကားတွေက တဖြည်းဖြည်းနဲ့ အစီအစဉ်မ... စွာ ဗလုံးဗထွေး ဖြစ်မှန်းမသိ ဖြစ်လာပါတယ်၊ ကျွန်တော် ... ကို ဘယ်လိုနည်းနဲ့ နှစ်သိမ့်ချော့မော့ရမလဲ။ အခြေအ... စဉ်းစားအဖြေရှာကြည့်လိုက်တယ်။

ကျွန်တော့်ရင်ထဲက ထိန်းချုပ်မရနိုင်တဲ့ စိတ်ခံစား... တွေနဲ့ တသိမ့်သိမ့် တုန်ခါနေတဲ့ ပန်း ပခုံးလေးကို အသာ... ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိပါတယ်။

“ပန်း ... ဒီနေ့ကစပြီး ဘာကိုမှ မကြောက်နဲ့တော့... အရာရာကို ပန်းစိတ်တိုင်းကျဖြစ်အောင် ကိုယ် အား... ဖြည့်ဆည်းပေးမယ်၊ ရှေ့ဆက် ဖြတ်သန်းရမယ့် ပန်း... နေ့ရက်သစ်တွေဟာ မျက်ရည်ခန်းတဲ့နေ့သစ်တွေပဲ ဖြစ်... ရမယ် ...





ကိုယ် ကျိန်းသေကတိပေးတယ်၊ ပန်းရှေ့က မားမား မတ်မတ် ရပ်တည်ရင်ဆိုင်ပေးမယ့် သူရဲကောင်းတစ်ယောက်ရဲ့ ဘဝကို ကိုယ်ပျော်ပျော်ကြီး ခံယူမယ် ပန်း၊ ကိုယ့်ကို ယုံတယ် မဟုတ်လား”

ပန်း မျက်ဝန်းတွေက မျက်ရည်တလက်လက် စိုစွတ်နေတဲ့ ကြားကပဲ ရုတ်ခြည်း အသက်ဝင် တောက်ပသွားပါတယ်။

တဒင်္ဂလေးအတွင်းမှာ ကျွန်တော်တို့ နှစ်ယောက်... တိတိပပ သိလိုက်တာတစ်ခုက တစ်ယောက်အပေါ် တစ်ယောက် ကြီးမြတ်လေးနက်စွာ နားလည်ယုံကြည်သွားကြခြင်းပဲ ဖြစ်ပါတယ်။ “နားလည်မှု”ဆိုတဲ့ ကြိုးတစ်ချောင်းရဲ့ ခိုင်မာမြဲမြံခြင်းက “အချစ်”ဆိုတဲ့ ဝေါဟာရထက် ပိုမိုနက်ရှိုင်းကျယ်ပြန့်ကြောင်း နှစ်ယောက်စလုံး လက်သင့်ခံလိုက်ကြတယ်။

သိပ်ကို ထူးဆန်းတယ်။ ကျွန်တော်က ချစ်တယ်လို့ မပြော၊ ကျွန်တော့်ကိုလည်း ချစ်တယ်လို့ တုံ့ပြန်အပ်နှင်းမှု မပေးခဲ့တဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ “နားလည်မှု”ဆိုတဲ့ ခေါင်းစဉ်အောက်မှာပဲ တစ်ယောက်နဲ့တစ်ယောက် မြတ်နိုးခုံမင်စွာ ရူးရူးမူးမူး ချစ်သွားမိကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရဲ့ကမ္ဘာထဲမှာ ပျော်ရွှင်ငြိမ်းချမ်းမှု အတိ
နဲ့ ချိုမြိန်တဲ့ အနှစ်သာရတွေကိုသာ ထည့်သွင်းမြုပ်နှံခဲ့ကြတယ်။
နေ့သစ်တိုင်းဟာ ကျွန်တော်တို့အတွက် အဓိပ္ပာယ်ရှိရှိနဲ့ အသက်ဝင်
တောက်ပလာခဲ့တော့တယ်။

❣ ✦ ❣

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ကန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





ကျွန်တော်တို့နှစ်ယောက်ရဲ့ ချစ်သူသက်တမ်းမှာ
ညစ် စိတ်ပျက်စရာဆိုတာ အစအနတောင် ရှာလို့မရနိုင်အောင်
းလွန်းခဲ့တယ်။ နှစ်ယောက်စလုံးက တည်ငြိမ်ရင့်ကျက်တဲ့
အသီးသီးကို ပိုင်ဆိုင်ထားတာမို့ ဆယ်ကျော်သက်စုံတွဲတွေလို
း စိတ်ကောက်လိုက်။ ချော့မော့ကျေအေးလိုက် အပြုအမူတွေ
င်းကင်းနဲ့ မှန်မှန်ကန်ကန် ဆန်းစစ်ဝေဖန်ပိုင်းဖြတ်ပြီး စိတ်
မ်းစရာ ချစ်သူဘဝကို ကျော်ဖြတ် လွန်မြောက်လာခဲ့ကြပါ

ဒါပေမဲ့ ကျွန်တော်တို့ ကံကြမ္မာဆိုတဲ့ အရာတစ်ခု
ခပ်တည်တည်ပဲ မျက်နှာလွှဲထားခဲ့ကြတယ်။ အထူးသဖြင့်
နဲ့ ပတ်သက်ပြီး ခံမှန်ဖူးတဲ့ စာသူငယ်တစ်ကောင်လို အသိ



www.burmeseclassic.com

www.burmeseclassic.com



နာခဲ့ရတဲ့ ကျွန်တော့်အတွက် ကံတရားဆိုတဲ့ ပန္နလက်က ကြေ
ကြီးကို ဦးနှောက်ထဲ ထည့်သွင်းထားရမှာ ဖြစ်ပေမယ့် ကျွန်တေ
က မျက်နှာပြောင်ပြောင်နဲ့ကို ဥပေက္ခာပြုထားခဲ့ပါတယ်။

အချစ်မှာ ချစ်နေရုံနဲ့မပြီးဘဲ အသိုင်းအဝိုင်းတွေ
ထိုးနှက်မှုကိုပါ နာကျင်ပြင်းပြစွာ ခံစားရတတ်ကြောင်း လ
ဖြူက အကောင်းဆုံး ဥပမာပြသွားခဲ့ဝေမယ့် ပန်းနဲ့ ချစ်သူဖြင်
ကာလများမှာတော့ ကျွန်တော်က အချစ်တစ်ခုတည်းကိုသာဦး
ပန်ဆင်ထားတတ်သူတစ်ယောက် ဖြစ်လာခဲ့ရပါတယ်။

ခုဆို ကျွန်တော် အရင်က ခါးခါးသီးသီး ရှောင်
ဖယ်ကျဉ်ခဲ့တဲ့ အင်တာဗျူးတွေ တော်တော်များများကိုလည်း
တက်ကြွစွာ ရင်ဆိုင်ဖြေဆိုတတ်ခဲ့ပြီ။

ကျွန်တော်နဲ့ ပန်းတို့သတင်းကို တစွန်းတစ ကြ
ထားကြတဲ့ တချို့သတင်းထောက်တွေက ပေါ်တင်မေးခွန်းမေ
ဝိုင်းချဲကြတာကိုလည်း ခံခဲ့ရဖူးပါတယ်။

"ကိုလင်းသုခ အခုမှ တကယ့်အချစ်စစ်ကို ရှာဖွေတွေ့ရှိ
တာလား"





"ကိုလင်းသုခ နောက်ဆုံးထွက်ထားတဲ့ 'အချစ်သစ်အတွက်
သီချင်းတစ်ပုဒ်'ဆိုတာ အခုလက်ရှိတွေ့ထားတဲ့ အချစ်ကို
ရည်ညွှန်းရေးဖွဲ့ထားတာလား"

"အရင်က သံယောဇဉ်နဲ့ ယိုင်နဲ့ပြိုလဲခဲ့တဲ့ ဗိမာန်လေးကို
အခု နားလည်မှုနဲ့ ပြန်လည်တည်ဆောက်မယ်ဆိုတဲ့ သတင်း
ဟာ အမှန်ပဲလား သိပါရစေ"

သိသိသာသာရော မသိမသာပါ ပြောင်မေးချလာတဲ့
ခွန်းတွေအတွက် ကျွန်တော် ကြည်နူးပီတိဖြစ်စွာ ပြုံးမိရင်း
သချာတဲ့ အဖြေတစ်ခုကို မဆိုင်းမတွ ပြန်ပေးနိုင်ခဲ့ပါတယ်။
တော့်အတွက် အဖြေက အဆင်သင့် ပေါက်ဖွားရှင်သန်နေခဲ့
သားလေ။

"ဟုတ်ပါတယ်၊ ပန်းဟာ ကျွန်တော့်အတွက် အချစ်ဦးမဖြစ်ခဲ့
ရပေမယ့် အချစ်ဆုံးချစ်သူတစ်ယောက်အဖြစ်တော့ ထာဝရ
ရပ်တည်သွားမှာပါ၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ နားလည်မှု
နဲ့ တည်ဆောက်ထားတဲ့ ဗိမာန်လေးဟာ ဘယ်လိုမုန်တိုင်း
မျိုးတွေနဲ့ပဲတွေ့တွေ့ မပြိုကွဲ မယိုင်လဲဘဲ ထာဝရတည်တံ့
ခိုင်မြဲနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အင်တာဗျူးက စာမျက်နှာတွေပေါ်... သူ့ထက်ငါ အလုအယက် ပလုပျံနေအောင် လွှမ်းမိုးနေရသူ... တယ်။

တစ်ခါတုန်းကတော့ ဂျာနယ်တစ်ခုမှာ ကျွန်တော်... နှစ်ယောက်ရဲ့ပုံကို စာမျက်နှာတစ်ခုလုံးနီးပါးအပြည့် အကြော... အရာမျိုးနဲ့ အတူတကွ အကျယ်တဝင့် ရေးသားတင်ပြထား... တွေ့ရပါတယ်။

ကျွန်တော်က မင်းသားမဟုတ်ပေမယ့် မင်းသား... ယောက်ယောက်နီးနီး သန့်ခန့်ပြေပြစ်တဲ့ ဥပဓိရုပ်ကို ပိုင်ဆိုင်... ပြီး ရောင်းတမ်းဝင် စာရေးဆရာတစ်ယောက် ဖြစ်နေတဲ့အ... ကျွန်တော့်အင်တာဗျူးတွေ တော်တော်များများ အတွေ့စိပ်လာ... ကျွန်တော့်အင်တာဗျူးပါတဲ့ ဂျာနယ်တွေ ရောင်းမလောက်ဖြ... ရခြင်းကလည်း သိပ်တော့မဆန်းလှပါ။

ဒါပေမဲ့ ပန်းကတော့ သူ့ပုံပါလာတဲ့ ဂျာန... ဖတ်ကြည့်ပြီး မသိမသာ မျက်နှာပျက်ယွင်းသွားတာကို ကျွန်... သတိထားမိလိုက်ပါတယ်။





"ကိုရယ် ... ကိုအကြောင်းတွေ ပါလာတာတော့ ပန်း ဝမ်းသာပါတယ်၊ ဒါပေမဲ့ ပန်းပုံကို ရှင်းရှင်းလင်းလင်းကြီး ဖော်ပြထားတာတော့ သိပ်ဘဝင်မကျဘူး၊ ပန်းက ဖြစ်နိုင်ရင် လူမသိသူမသိဘဲ နေချင်တာ"

ထူးထူးဆန်းဆန်း မျက်မှောင်ကုတ်ပြီး ဆိုလာတဲ့ ...ချစ်သူ့စကားကြောင့် ကျွန်တော် ရုတ်တရက် ဘာပြန်ပြောရမှန်း ...သိအောင် ကြက်သေသေသွားမိပါတယ်။

ပန်းမျက်နှာပေါ်မှာ ရှားရှားပါးပါးတွေ့ရခဲ့တဲ့ စိတ် ညစ်ညူးခြင်း အရိပ်အယောင်တချို့ ရှပ်ပြေးထင်ဟပ်နေသလိုပဲ။ ...သားအေးဆေးပြီး ကူမြွေကြီးမားတဲ့ ပန်းရဲ့ နဂိုစရိုက်ကို ခရေ ...တွင်းကျ သိထားခဲ့ပြီးသူ ကျွန်တော့်အတွက် အတတ်နိုင်ဆုံး ...ချောင်းဖျနှစ်သိမ့်ပေးဖို့သာ အာရုံစိုက်လိုက်မိတယ်။

"ကိုယ် တောင်းပန်ပါတယ်ကွာ၊ ဘယ်သကောင့်သားက ကိုယ်တို့နှစ်ယောက် လျှောက်လည်တုန်း ခိုးရိုက်သွားလဲ မသိပါဘူး၊ ကိုယ်လည်း ပြန်မရှင်းချင်တော့တာနဲ့ ဒီတိုင်း ထားလိုက်တာ၊ ဒါပေမဲ့ ကိုယ်နဲ့ပန်းက မလွဲမသွေ...ထပ်

www.burmeseclassic.com

www.burmeseclassic.com



ကြမယ့်သူတွေလေ၊ အင်တာဗျူးတွေမှာ အမှန်အတိုင်းဖြေ မိတာ ကိုယ့်အလွန်မရှိပါဘူးနော်”

ပန်းက ကျွန်တော့်ကို စိတ်မသက်မသာနဲ့ လှမ်း ကြည့်ပြီး ...

“ပန်း ကိုကို အပြစ်ဆိုတာ မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ပန်းက အိမ်က ထွက်ပြေးလာတဲ့ သူတစ်ယောက်ပါ၊ ပန်း ဘယ်ရောက်လို့ ဘာတွေလုပ်နေမှန်း သူတို့မသိနိုင်ကြပေ မယ့် ခုလို ဂျာနယ်တွေမှာ မမျှော်လင့်တဲ့ ပါလာတာတွေ သိသွားကြရင် သူတို့အတွက် သဲလွန်စပေးသလို ဖြစ်သွား နိုင်တယ်လေ ...

ဦးစိုင်းခမ်းကတော့ သူ့ရည်ရွယ်ချက် မအောင်မြင် မချင်း ပန်းကို မြေလှန်ရှာနေဦးမှာပဲ”

ပန်းရဲ့ ကျိုးကြောင်းဆီလျော်တဲ့ တုံ့ပြန်ချက်က ကျွန်တော့်ရင်တစ်ခုလုံးကို တင်းကျပ်လေးလံစွာ ဖိစီးနှိပ်စက်သွားပါ တယ်။ ဟုတ်သားပဲ။ ကျွန်တော် ဒီအချက်ကို ထည့်သွင်းစဉ်းစားဖို့ သတိတစ်ချက် လွတ်သွားခဲ့တာပဲ။





ကျွန်တော်က ပန်းကို ချစ်တာတစ်ခုတည်းပဲ သိထား တဲ့အတွက် အဘက်ဘက်က ဝင်ရောက်နှောင့်ယှက်လာမယ့် အဟန့်အတားတွေအားလုံးကို သတိလက်လွတ် မေ့မျောက်ထားခဲ့ ခြင်းပါ။

“ကို ... ပန်းပြောတာ စိတ်အနှောင့်အယှက် ဖြစ်သွားလား ဟင်”

ကျွန်တော့်လက်မောင်းတစ်ဖက်ကို ခပ်ဖွဖွကိုင်လှုပ် လာတဲ့ ပန်းကိုကြည့်ပြီး ကျွန်တော် ဖြည်းဖြည်းချင်း ခေါင်း ခါပြလိုက်မိတယ်။

“ကိုယ် ပန်းကို အဆုံးစွန်အထိ နားလည်တယ်၊ တကယ် တော့ ကိုယ့်ဘက်က လိုသွားတာပါ၊ ပန်းအတွက် မငဲ့ဘဲ ကိုယ့်ချစ်သူကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ အမှန်တရားတွေ ကို ထုတ်ဖော်ဝန်ခံလိုက်မိတာ ကိုယ်မှားသွားတယ်ကွာ”

“အို ... အဲဒီလိုလည်း တစ်ဖက်သတ်ကြီး ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ပါနဲ့ ကိုရယ်၊ နာမည်ကြီးတဲ့ လူတစ်ယောက် ကို ချစ်သူတော်ရတဲ့အတွက် ဒီလိုဖြစ်ရပ်မျိုးတွေ အနည်းနဲ့ အများ ကြုံတွေ့ရမယ်ဆိုတာ ပန်း နားလည်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ပန်းပြောတာက သိသာသိစေ၊ မမြင်စေနဲ့ဆိုတဲ့ စကားအတိုင်း ပန်းတို့ သိုသိုသိပ်သိပ် ပိပိရိရိနေ သွားကြ အောင်လို့ ပြောတာပါ၊ အစ်ကို့က ပန်းအတွက်နဲ့ ကို့ဂုဏ် သိက္ခာ ထိခိုက်ပွန်းပဲ့မှာ စိုးရိမ်လို့ပါ"

ကျွန်တော့်အပေါ် စိတ်သဘောထားပြည့်ဝစွာနဲ့ နား လည်ပေးနိုင်စွမ်းကြီးမားတဲ့ ပန်းရဲ့ စကားလုံးလေးတွေက ကျွန်တော့် ရင်တစ်ခုလုံးကို ရှိန်းမြန့်ေတွေးသွားစေခဲ့ပါတယ်။ ဘယ်င အကြောင်းကြောင်းတွေနဲ့ပဲဖြစ်ဖြစ် ပန်းရှေ့က မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးချင်တဲ့ ခွန်အားသတ္တိတွေ ကျွန်တော့်နှလုံး ထဲ တစ်မုဟုတ်ချင်း ပျံ့နှံ့စီးဆင်းသွားခဲ့တယ်။

ကျွန်တော် ပန်းပခုံးလေးကို အသာဖွဖွဖက်ထားရင်း ပန်းမျက်နှာကို ချစ်မြတ်နိုးခြင်းကြီးစွာနဲ့ တစိမ့်စိမ့် ငေးစိုက်ကြည့် နေမိတော့တယ်။

"ပန်း ... ကိုယ် မေမေ့ကို အားလုံးဖွင့်ပြောပြီးပြီ၊ ကိုယ်တို့ လက်ထပ်ပွဲကို အမြန်ဆုံး ကျင်းပနိုင်အောင် အကောင် အထည် ဖော်ရမယ်လို့၊ ပန်းသဘောတူရဲ့လားဟင်"





ပန်းက ကျွန်တော့်ရင်ခွင်ထဲကို ခေါင်းလေးတိုးဝှေ့ ဝင်လာရင်း ကလေးတစ်ယောက်လို ချစ်စဖွယ် ဆိုလာတယ်။

"ပန်းလည်း ကို့လို ထပ်တူဆန္ဒရှိပါတယ်၊ ပန်းလေ တစ် ခါတလေ စဉ်းစားမိတာတစ်ခုရှိတယ်၊ ဦးစိုင်းခမ်းနေရာမှာ ပန်းချစ်တဲ့ ကိုသာဖြစ်ရင် သိပ်ကောင်းမှာပဲလို့၊ ပန်း ကို့ ကို ယုံပေမယ့် ကံကြမ္မာကို မယုံရဲဘူး ကိုရယ်"

ပန်းရဲ့ စိုးရိမ်သောကတွေက ကျွန်တော့်နှလုံးသား ဆီကိုပါ ကူးစက်ပျံ့နှံ့လာသလို ပူဆောင်တင်းကျပ်သွားရပါတယ်။ ကျွန်တော် တမင်တကာကို မေ့လျော့ပစ်ပယ်ထားခဲ့တဲ့ ကံတရား ဆိုတာကြီးကို ပန်းက သတ္တိရှိရှိနဲ့ မီးမောင်းထိုးပြနေခဲ့ပြီ။

ကျွန်တော် သက်ပြင်းမောကို အခါခါရှိုက်ရင်း အချိန်တော်တော်ကြာအောင် နှုတ်ဆိတ် ငြိမ်သက်နေမိတယ်။ ကျွန်တော့်နှုတ်တွေကို တစ်စုံတစ်ရာက တားဆီးပိတ်ဆို့ထားသလို ပဲ။ ပြောစရာစကားတွေ လည်ချောင်းဝမှာပင် တစ်ဆို့ပျောက်ကွယ် တုန်ကြတယ်။

"ကို ... ပန်းတို့ အကောင်းဆုံးတွေပဲ ဖြစ်လာပါစေလို့ ဆုတောင်းကြရအောင်နော်"



www.burmeseclassic.com

ပန်းရဲ့ နှစ်သိမ့်ဖျောင်းဖျသံက အင်အားကင်းမဲ့စွာ ဖျော့တော့နွမ်းလျလျက်။ ဒီလိုပါပဲ။ ကျွန်တော့်ရဲ့ အသံတိတ်တဲ့ပြန်မှုအဆုံးမှာ အသက်မဲ့ခြင်းတွေ ရာနှုန်းပြည့်ပါဝင်နေခဲ့ပါတယ်။

ကျွန်တော် ကံကြမ္မာကို စီရင်ချက်ချနိုင်ရင် သိပ်ကောင်းမှာပဲလို့ မိုက်မိုက်မဲမဲတွေးနေမိတာလည်း အကြိမ်ကြိမ်အခါခါပါပဲ။ ဒါပေမဲ့ အဲဒီအတွေးဟာ တကယ့်လက်တွေ့နဲ့ ဘာမှမဆိုင်တဲ့ ပြက်လုံးအဆင့်မျှသာပါပဲ။

အမှန်ဆိုရင် ကံကြမ္မာကပဲ ကျွန်တော်တို့ လူတွေအပါအဝင် လောကကြီးတစ်ခုလုံးအပေါ် ကြိုးကိုင်စီရင်ချက်ချနိုင်တာ မဟုတ်လား။

❣ ✦ ❣



ကျွန်တော်တို့နှစ်ယောက်လုံး ကံကြမ္မာဆိုတာကြီးကို ဆွေးမြေ့ဖျောက်ထားခဲ့ပြီး အချိန်ကာလကြီးရဲ့ ခေါင်းဆောင်မှုနောက်ကို အလိုက်သင့် စီးမျောလိုက်ပါခဲ့ကြတယ်။

ကျွန်တော်တို့ဘဝမှာ နားလည်မှုဆိုတဲ့ ကြိုးလေးတစ်ချောင်းနဲ့တင် အရာရာပြည့်စုံကုံလုံအောင် ချည်နှောင်ရစ်ပတ်ပြီးသားဖြစ်နေခဲ့ပြီ။

တစ်ခါတလေမှာတော့ ပန်းက ကျွန်တော့်ကို ထူးထူးဆန်းဆန်း မေးခွန်းတွေ မေးလာတတ်ပါတယ်။

"ကိုနဲ့ လမင်းဖြူ ဆိုတဲ့ကောင်မလေးကိုသာ ဦးခန့်မော်က သဘောတူ ကြည်ဖြူခဲ့ရင် ပန်းနဲ့ ခုလို ထပ်တွေ့စရာအကြောင်း ဘယ်ရှိမလဲနော်"

www.burmeseclassic.com



ကျွန်တော်က လမင်း အကြောင်းကိုလည်း ပန်းကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံထားခဲ့တဲ့အတွက် ဒီလိုမေးခွန်းမျိုး မေးလာရခြင်းပါ။

အဲလိုအမေးခံရရင် ကျွန်တော်က ထုံးစံအတိုင်း ပန်း နဖူးလေးကို လက်ညှိုးနဲ့ ချစ်စနိုးတောက်ပြီး ...

"ဘာတွေ အစပြန်ချီနေတာလဲ ဒေါ်ပန်းမိုမို၊ ဟိုချာတိတ်မလေးက အမေရိကားမှာ သူ့အခြေအနေနဲ့သူ နေသားကျပြီး မြန်မာပြည်ကိုတောင် မေ့နေလောက်ပြီ၊ ဦးခန့်မော်လည်း သူ့သမီးရှိရာ လိုက်သွားတယ်လို့ ကိုယ် သတင်းသဲ့သဲ့ကြားရတယ်၊ ခုတော့လည်း အရာအားလုံးက အိပ်မက်တစ်ခုလိုပါပဲကွာ"

"ဒါပေမဲ့ အချစ်ဦး ဆိုတော့ ကို လမင်းဖြူကို တော်တော် ချစ်ခဲ့မှာပဲနော်"

ပန်းက တွေးတွေးဆဆ ဟန်လေးနဲ့ မမေးဖူးတဲ့ မေးခွန်းတွေ မေးလာပါတယ်။ ကျွန်တော့်အာရုံထဲ လမင်းပုံရိပ်လေးက ဖျတ်ခနဲ ထင်ဟပ်ပေါ်လွင်လာတယ်။





ပန်း ထင်ကြေးပေးသလို ကျွန်တော် လမင်းကို ...ညီးနင့်အောင် ချစ်ခဲ့ဖူးတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် မညာ ...ဝန်ခံချင်ပါတယ်။ ဒါပေမဲ့ ဒီအဖြစ်အပျက်တွေအားလုံးက ...တိတ်ကာလ တစ်နေရာမှာ တရွေ့ရွေ့နဲ့ မျောလွင့်ကျန်ခဲ့တာ ...ပါပြီ။

သွေးအေးလွန်းတယ်ပဲဆိုဆို အနာကျက်ပြီးသား ...ရာတွေကို ကျွန်တော် ပြန်ပြီးမတူးဆွချင်တော့ပါ။

"ပန်း ... ဘာလို့ ကိုယ့်ကို ဒါတွေ မေးနေရတာလဲကွာ"

"တစ်မျိုးမထင်ပါနဲ့ ကိုရယ်၊ ဆယ်ကျော်သက်အရွယ် ချာတိတ်မလေးတစ်ယောက်ရဲ့ စစ်မှန်တဲ့အချစ်ကို ချီးကျူး ဂုဏ်ယူမိလို့ပါ၊ ရူးရူးမိုက်မိုက်အရွယ်ဆိုပေမဲ့ ကို့အပေါ် ချစ်တဲ့အချစ်က တော်တော်လေးကို သတ္တိပြောင်မြောက် တယ်လို့ ပန်း ထင်တယ်၊ တကယ်တော့ အသိုင်းအဝိုင်းဆို တဲ့ အတားအဆီးသာ မရှိခဲ့ရင် ကိုနဲ့ လမင်းဖြူက အချစ် နဲ့ ပြီးပြည့်စုံတဲ့ ဘဝတစ်ခုကို တည်ဆောက်နိုင်ကြမှာ နော်"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပန်းစကားတွေကို တုံ့ပြန်မှု အလျှဉ်းမရှိ
ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေခဲ့ပါတယ်။

ပန်း ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ပြောနေလဲ ကျွ
တော် သေချာမသိပါ။

"မိန်းမတွေရဲ့ချစ်ခြင်းဟာ ခိုင်မာမြဲမြံတဲ့ တောင်ပံတစ်စုံ
ခပ်ဆင်ဆင်တူတယ် ကို၊ သူတို့ချစ်တဲ့ ချစ်သူအတွ
အဆုံးစွန်အထိ ခရီးရောက်အောင် မမောတမ်းပျံသန်းနိုင
ငှက်တစ်ကောင်လို အစွမ်းသတ္တိမျိုးကို ထူးထူးကဲကဲ
ဆိုင်ထားကြတယ်၊ ချစ်သူကို ချစ်ရတဲ့အကြောင်းရင်းခံ
သာ ကွဲလွဲချင် ကွဲလွဲသွားမယ်၊ ချစ်ခြင်းရဲ့ သဘောတ
ဥပဒေတစ်ခုတည်းကိုတော့ သာတူညီမျှ ရဲရဲကြီးလက်
ဆုပ်ထားတတ်ကြတယ် ...

လမင်းဖြူ ကို့အပေါ်ချစ်တဲ့ အချစ်ကို ပန်း စာ
ပေးလို့ရတယ်၊ ဘာကြောင့်လဲဆိုတော့ သူ့ထက်မ
တဲ့ အချစ်တွေနဲ့ ပန်းက ကို့ကို မြတ်မြတ်နိုးနိုး ချစ်
တာကိုး"





ကျွန်တော် ပန်းရဲ့ ဒဿနတွေကို အံ့အားသင့်စွာ
နားထောင်နေခဲ့မိတယ်။ စာရေးဆရာတစ်ယောက် လိုက်မမီနိုင်
လောက်အောင် ပန်း ဖွင့်ဆိုချက်တွေက အမိပ္ပာယ်ထိမိပြောင်
မြောက်လွန်းပါတယ်။

ပန်း ထောက်ရှုပြသလိုပဲ တစ်ချိန်တုန်းက လမင်းရဲ့
အချစ်ကြီးခဲ့ပုံကို အမှတ်မထင် ပြန်စဉ်းစားမိရင်း မိန်းမတစ်ယောက်
ရဲ့အချစ်ကို ကျွန်တော် လက်သင့်ခံ စံထားမိလိုက်တယ်။ တကယ်
တည်း ကျွန်တော့်ဘဝမှာ ကြုံဆုံပတ်သက်ခဲ့ရဖူးတဲ့ မိန်းမနှစ်ယောက်
ဟာ ကျွန်တော့်နှလုံးသားကို မတူညီတဲ့ ကြိုးနှစ်ချောင်းနဲ့
အသီးသီး ရစ်ပတ်ချည်ငင်ပြီး တူညီတဲ့ အချစ်တစ်ခုစီကို အသီးသီး
ရှင်သန်ခွင့် ပေးခဲ့ကြပါတယ်။

"ကို့ရဲ့ နောက်ဆုံးအချိန် တစ်နေ့မှာပဲဖြစ်ဖြစ် ကို မေးခွန်း
တစ်ခုနဲ့ မလွဲမသွေ ရင်ဆိုင်ရလိမ့်မယ်၊ အဲဒါ ဘာလဲ
သိလား ကို"

ကျွန်တော် နားမလည်နိုင်စွာ ခေါင်းယမ်းပြလိုက်မိ
တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကို ဘယ်သူ့ကို အချစ်ဆုံးလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမယ့် မေးခွန်းမျိုးပေါ့"

ကျွန်တော်က ပန်း ထင်မြင်ချက်ကို ဘဝင်မကျစွာ မျက်မှောင်ကုတ် စဉ်းစားနေရင်း ...

"ဟာကွာ ... ပန်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ကိုယ်နဲ့ပန်းက မကြာခင် လက်ထပ်ကြတော့မှာပဲကွာ၊ ကိုယ့်အတွက် ပန်းကလွဲပြီး ဘယ်သူ့ကို အချစ်ဆုံးဖြစ်ရဦးမှာလဲ"

ပန်းက သက်ပြင်းတစ်ချက် ခပ်မျှင်းမျှင်းချပြီး လက်ချောင်းလေးတွေကို အချင်းချင်း လိမ်ချိုးနေရင်း ...

"ပန်း နားလည်ပါတယ် ကို၊ ဒါပေမဲ့ ပန်းတို့ အကြောင်းတစ်ခုခုကြောင့် ပေါင်းဖက်ခွင့်မရခဲ့ကြရင် ..."

ကျွန်တော် လက်တခါခါနဲ့ ခါးခါးသီးသီးငြင်းဖို့ ဟန်ပြင်လိုက်တယ်။ ပန်း တစ်ယောက်ဟာ ဘယ်လိုရှုထောင့်မျိုးစုံကနေ စိတ်ညစ်စိတ်ရှုပ်စရာ အတွေးတွေကို အစရှာဆွဲထုတ်နေပါလိမ့်။ ပန်းရဲ့ တောင်တောင်အီအီအတွေးတွေက ကျွန်တော့်အာရုံတွေကို နှောက်ကျိုမှုန်မှိုင်းသွားစေပါတယ်။





"ပန်းကလည်းကွာ ဘာတွေ ပေါက်တတ်ကရ လျှောက်တွေးနေတာလဲ၊ အဲဒီမဟုတ်ကဟုတ်က အတွေးတွေက ကိုယ့်စိတ်ကို ထိခိုက်ပင်ပန်းစေတယ်၊ ကိုယ်ကတော့ ခေါင်းထဲမှာ မှတ်ထားတာ တစ်ခုတည်းပဲရှိတယ်၊ သိပ်မကြာတော့မယ့် ကာလမှာ ကိုယ်နဲ့ပန်း လက်ထပ်ကြမယ်၊ သာယာပျော်ရွှင်တဲ့ အိမ်ထောင်တစ်ခုကို တည်ထောင်ကြမယ် ...

ဒါပဲ ... ကျန်တဲ့အရာတွေအားလုံးကို ဘေးဖယ်ထားတယ်"

ကျွန်တော်က အောင်မြင်စွာကြွားတဲ့လေသံနဲ့ ခိုင်ခိုင်[illegible]မာ ပြောလိုက်ပုံကို ပန်းက မျက်လုံးအဝိုင်းသား‌လေးနဲ့ အချိန်[illegible]တော်ကြာအောင် ငေးကြည့်နေခဲ့ပါတယ်။ ပန်းအကြည့်တွေထဲ[illegible] ကျွန်တော် နားလည်ဖို့ခဲယဉ်းတဲ့ အရိပ်အမြွက်တချို့ ရောစပ်ပါ[illegible]နေခဲ့တယ်။

ဒါပေမဲ့ ကျွန်တော့်အိပ်မက်တွေ လက်တွေ့မှာ အမှန်[illegible]တယ် ဖြစ်လာဖို့ဆိုတာ ထင်သလောက်လွယ်တဲ့ကိစ္စမဟုတ်မှန်း[illegible]ကြမှာက အကောင်းဆုံးသက် သေပြပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကျွန်တော်နဲ့ ပန်းတို့ရဲ့ နောက်လာ[illegible] မှာကျင်းပမယ့် မင်္ဂလာပွဲအတွက် လိုအပ်တာတွေ ဝယ်ခြမ်း[illegible] ကျွန်တော်တို့ နှစ်ယောက် ဗိုလ်ချုပ်ဈေးကို ထွက်လာခဲ့ကြ[illegible] တယ်။

ထူးဆန်းတာတစ်ခုက ကျွန်တော်တို့ကားနောက်[illegible] နေ ထက်ကြပ်မကွာ မျက်ခြည်မပြတ် လိုက်ပါလာတဲ့ မာ့(ဒ်)[illegible] ကားအဖြူလေးကို ဗိုလ်ချုပ်ဈေးနားရောက်ခါနီးကျမှ နှစ်ယော[illegible] သား သတိပြုမိလိုက်ခြင်းပါ။

ကျွန်တော့်စိတ်ထဲ ထင့်ခနဲ ဖြစ်သွားမိတယ်။ [illegible] လည်း ကျွန်တော်နဲ့ ထပ်တူ စိတ်ညစ်ညူးသွားမယ် ဆိုတာ [illegible] မျက်နှာခပ်ရှုံ့ရှုံ့လေးကို ကြည့်တာနဲ့ တပ်အပ်သိနိုင်ပါတယ်။





ကျွန်တော် ပန်းရဲ့အေးစက်စက် လက်ဖျားလေးကို [illegible]ကိုင်ထွေးပွေ့ပြီး အားပေးသလို ပြုံးကြည့်လိုက်တယ်။

"ပန်း စိတ်ညစ်နေလားဟင်၊ ကိုယ်တစ်ယောက်လုံးရှိတယ်၊ ဘာမှ အားမငယ်နဲ့နော်"

ပန်းက ကျွန်တော့်ကို မချိပြုံးလေးနဲ့ ခေါ်ယွဲ့ယွဲ့ တုံ့[illegible]လာတယ်။ ကျွန်တော်တို့နှစ်ယောက် ဗိုလ်ချုပ်ဈေး မိန်းလမ်းမ[illegible]ပေါ် လျှောက်လာစဉ်မှာ မသိမသာ နောက်လှည့်ကြည့်မိတော့ [illegible]ရေကျောကင် အနက်ရောင်ဝတ်ပြီး နေကာမျက်မှန်နက်တပ်[illegible]တဲ့ လူသုံးယောက် ကျွန်တော်တို့ရဲ့ သုံးကိုက်လောက်အလို[illegible] မယောင်မလည် လိုက်ပါလာတာတွေ့ရပါတယ်။

ကျွန်တော် ပန်းလက်ကို ပိုပြီး ခပ်တင်းတင်းဆုပ်[illegible]ထားလိုက်တယ်။ ပန်းက သွေးဆုတ်ဖြူရော်နေတဲ့ မျက်နှာ[illegible]နုမ်းလေးနဲ့ ကျွန်တော့်ကို မဝံ့မရဲမော့ကြည့်ပြီး နှစ်ကိုယ်ကြားရုံ[illegible]သံနဲ့ ...

"ကို ... ပန်း စိတ်ထဲမှာ သိနေတယ်၊ ပန်းတို့နောက်က လူသုံးယောက်ဟာ ပြင်ဦးလွင်က ဦးစိုင်းခမ်း လွှတ်လိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့တပည့်တွေပဲဖြစ်မယ်၊ ပန်းသတင်းကို သူတို့ ခြေရာ မိသွားပြီနဲ့တူတယ် ကိုရယ်”

ပန်းက မိုးပြိုမှာကြောက်တဲ့ ကလေးတစ်ယောက် နိုးရိမ်ပူပန်ကြီးမှုနဲ့ တုန်ယင်အက်ကွဲစွာ ဆိုလာပါတယ်။ ဘာ ဖြစ်ဖြစ် ကျွန်တော် ပန်းအတွက် အရာရာ ရင်ဆိုင်ဖြေရှင်းပေးမယ် လို့ ယတိပြတ် ဆုံးဖြတ်ချက်ချပြီး နောက်ကို ဖြုန်းခနဲလှည့်ကြည့် လိုက်မိတယ်။

အံ့သြစရာကောင်းတာ တစ်ခုက အဲလို တည့်တည့် ရင်ဆိုင်ကြည့်လိုက်ရင်တော့ သူတို့သုံးယောက်လုံး ဟိုဆိုင်ဝင် ဟိုပစ္စည်းကြည့်သလိုလို၊ ဒီဆိုင်ဝင် ဒီပစ္စည်းကြည့်သလိုလိုနဲ့ ရှဲ ဖယ်သွားကြတာပါပဲ။

ကျွန်တော် တဖြည်းဖြည်းနဲ့ ဒေါသထွက်လာမိ တယ်။ ပန်းလက်ကို မလွှတ်တမ်း ခပ်တင်းတင်း ဆုပ်ထားရင်း လျှောက်နေတဲ့ ခြေလှမ်းတွေကို အရှိန်မြှင့်လိုက်ပါတယ်။

ကျွန်တော်တို့ အရှိန်မြှင့်လိုက်ရင် သူတို့ကလည်း ကျွန်တော်တို့ထက် မလျော့တဲ့နှုန်းနဲ့ မျက်ခြည်ပြတ်လို့မရအောင်



လိုက်ပါနေဆဲပါပဲ။ ဗိုလ်ချုပ်ဈေးလယ်ကောင်ကြီးမှာ ပြေးတမ်း လိုက်တမ်းကစားနေရသလို ကြာတော့ ကျွန်တော်တို့နှစ်ယောက်လုံး အမောဆို့လာရတယ်။ လူမောတာထက် စိတ်မောတာက ပိုမယ် ထင်တယ်။

“ကို ... ပန်းတို့ ပြန်ကြရအောင်နော်”

ပန်းက စိုးရွံ့ထိတ်လန့်စွာ မော့ကြည့်ရင်း ခပ်တိုးတိုး လေး ဆိုလာပါတယ်။ ကျွန်တော် နောက်ကို မသိမသာလှည့်ကြည့် လိုက်တော့ ဟိုသုံးကောင် ကပ်ပါလာဆဲပဲ။

ကျွန်တော် ရှေ့နောက် မစဉ်းစားတော့ဘဲ သူတို့သုံး ယောက်ရှိရာဆီ တန်းတန်းမတ်မတ် လျှောက်သွားလိုက်ပါတယ်။

သူတို့က ကျွန်တော့်အပြုအမူကြောင့် အိုးတိုးအမ်း အမ်းဖြစ်သွားပုံနဲ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အချင်းချင်း လက်တို့အချက်ပြလိုက်တာ တွေ့ရတယ်။

ကျွန်တော်က လေသံခပ်အေးအေးနဲ့ပဲ ...

“အစ်ကိုတို့ ကျွန်တော်တို့နောက်ကိုလိုက်နေတာ အကြောင်း ကိစ္စတစ်စုံတစ်ရာများ ရှိလို့လား မသိဘူး”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ ဖြောင့်ဖွင့်မေးချလိုက်တဲ့ မေးခွန်းကြော သူတို့သုံးယောက် ကြောင်အ,သွားပြီး ဘာပြန်ပြောရမှန်းမသိအော နှုတ်ဆွံ့သွားပါတယ်။

သူတို့ထဲက လူမိုက်ပုံစံအပေါက်ဆုံး၊ ဗလအတော ဆုံး ကောင်တစ်ကောင်က နှုတ်ခမ်းမွေးတသပ်သပ်နဲ့ ကျွန်တော ကို မျက်လုံးမှေးစင်းကြည့်ပြီး မခိုးမခန့် ဆိုလာတယ်။

"ဟုတ်တယ်ကွ၊ အစ်ကိုတို့ မင်းနဲ့ မိတ်ဆက်ချင်လို့ မင်းက နာမည်ကြီး စာရေးဆရာ လင်းသုခ မဟု လား"

ကျွန်တော် မသိမသာ မျက်မှောင်ကုတ်ကြည့်လို တယ်။ သေချာပါပြီ။

ပန်း ထင်ကြေးပေးသလို သူတို့ဟာ ဦးစိုင်း လွှတ်လိုက်တဲ့ သူ့လူတွေဆိုတာ ရာနှုန်းပြည့်နီးပါး ကြောင်း နိုင်လုံသွားပါပြီ။

အဲဒီလူကပဲ ဂျာကင်အင်္ကျီအိတ်နှစ်ဖက်ထဲကို နှိုက်ပြီး ခပ်အေးအေးလေသံနဲ့ ဆက်ပြောလာပါတယ်။



"မင်းရေးတဲ့ ဝတ္ထုတွေကို အစ်ကိုတို့ သိပ်ကြိုက်တာကွဲ၊ မမျှော်လင့်ဘဲ မင်းနဲ့ ခုလို ဆုံတွေ့ခွင့်ရတာ ဝမ်းသာပါ တယ်၊ ကွန်ဖရက်ကျူလေးရှင်းပါ လင်းသုခ"

လက်တစ်ဖက်ကမ်းပေးလာတာကို ကျွန်တော် သွေး အေးနဲ့ လျစ်လျူရှုပြီး ပရိယာယ်တချို့ ကိန်းအောင်းပါဝင်နေ သူ့မျက်နှာကို တည့်တည့်စိုက်ကြည့်လိုက်ပါတယ်။

"ကျွန်တော့်ကို အားပေးတဲ့အတွက်တော့ ကျေးဇူးအများကြီး တင်ပါတယ်၊ ဒါပေမဲ့ ခုလို နောက်ကနေ တကောက်ကောက် လိုက်နေတာမျိုးကျတော့ ကျွန်တော်တို့ စိတ်အနှောင့်အယှက် ဖြစ်ရတယ်၊ ကိုယ့်လမ်းကိုယ်သွားရင် ပိုကောင်းလိမ့်မယ် လို့ ကျွန်တော် ထင်တယ်"

ကျွန်တော့်စကားကြောင့် အဲဒီလူက ခပ်မဲ့မဲ့တစ်ချက် လိုက်ရင်း ကျွန်တော့်နောက် မလှမ်းမကမ်းမှာ ရပ်စောင့်နေတဲ့ နဲ့ကို ကျော်ကြည့်လိုက်တယ်။

ကျွန်တော့်ရင်တွေ ဒိန်းခနဲ ခုန်ဆောင့်သွားရတယ်။ န်းလည်း ကျွန်တော့်လိုပဲ စိုးထိတ်သွားမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အပေါင်း ... ကောင်းပါပြီကွာ၊ စာရေးဆရာကြီးကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်တော့ပါဘူး၊ တို့တွေနောက်မှပဲ ထပ်ဆုံကြတာပေါ့၊ မဆိုးဘူး၊ မင်းကမာနကြီးတယ်လို့ သတင်းထွက်ထားပေမယ့် တကယ်တမ်းလက်တွေ့ကျတော့ ဖော်ရွေသားပဲကွ၊ ကဲ ... တို့သွားပြီ ကောင်လေး"

ကျွန်တော့်ကို မထီမဲ့မြင်စတိုင်နဲ့ ထငေါ့သွားတဲ့လူတွေကို ကြည့်ရင်း ဆွေ့ဆွေ့ခုန် ကျန်ခဲ့ရပါတယ်။ ဘယ်လိုဗရုတ်သုတ်ခတွေမှန်းကိုမသိ။

ပန်းက သူတို့ထွက်သွားတော့မှ ကျွန်တော့်နားကို ဖျတ်ခနဲရောက်လာပြီး လက်မောင်းတစ်ဖက်ကို ခပ်ဖွဖွဆွဲကိုင်လာရင်း ကတုန်ကယင်နဲ့ ဆိုလာတယ်။

"ကို ... ဘာတွေ သွားပြောလိုက်တာလဲဟင်၊ ပန်းကိုကြည့်သွားတဲ့ အကြည့်တွေကို ပန်း ကြောက်လိုက်တာ၊ သူတို့ဟာ ဦးစိုင်းခမ်း လွှတ်လိုက်တဲ့ လူတွေဆိုတာ ကျိန်းသေတယ်၊ ကိုရယ် ပန်း ရန်ကုန်မှာရှိနေတာ သူတို့ ခြေရာခံမိသွားကြပြီနဲ့တူတယ်၊ ဒုက္ခပါပဲ"



ဖျော့တော့ တုန်ယင်နေတဲ့ ပန်းလေသံ တိုးလျလျကြောင့် ကျွန်တော် ချက်ချင်း သတိဝင်လာရပြီး နှစ်သိမ့်အားပေးအကြည့်နဲ့ ပန်းကို ပြုံးကြည့်လိုက်ပါတယ်။

"ဘာမှ လျှောက်တွေးမနေနဲ့တော့ ပန်း၊ ဒီနေ့ကစပြီး ပန်း အဆောင်ထဲကနေ အပြင်ကို လုံးဝမထွက်နဲ့၊ ကျူရှင်သင်တဲ့ကိစ္စကိုလည်း ခဏနားလိုက်၊ မဖြစ်မနေ သွားသင်ရမယ်ဆိုရင် ကိုယ် လိုက်ပို့၊ လိုက်ကြိုပေးမယ်၊ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်မယ်ဆိုရင်လည်း ကိုယ့်ကို စာရင်းနဲ့ရေးပေးလိုက်၊ အဓိကပြောချင်တာ ပန်း အပြင်ကို တစ်ယောက်တည်း လုံးဝမထွက်ပါနဲ့၊ ကိုယ် ပန်းအတွက် စိုးရိမ်လို့ပါ ...

ကိုယ်တို့ မသိလိုက်တဲ့ လျှပ်တစ်ပြက်အတွင်းမှာ ပန်းနဲ့ကိုယ်တို့ရဲ့ဘဝကို ဘယ်နည်းနဲ့မှ အချုပ်ချော် အတိမ်းစောင်း မခံနိုင်ဘူး၊ ပန်း ကိုယ့်စကားကို သေချာနားထောင်နော်"

www.burmeseclassic.com



ပန်းက မျက်နှာငယ်ငယ်နဲ့ ကျွန်တော့်ကို အသာဖွဖွ ခေါင်းညိတ်ပြပါတယ်။ ကျွန်တော် ပန်းလက်လေးကို အားပေးသလို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်တယ်။

သချာတာ တစ်ခုကတော့ ကျွန်တော့် ရင်တွေလည်း အဆမတန် တင်းကျပ်လေးလံနေခဲ့တာပါပဲ။





ပန်းက ကျွန်တော့်စီစဉ်ညွှန်ကြားမှုအတိုင်း အဆောင်ထွင်းပုန်း ကုလားမလေးအဖြစ် နှစ်ပတ်တိတိ နေပြခဲ့ပါတယ်။ ကျွန်တော်တို့ သဲလွန်စကို ဂျာနယ်တွေဆီကတစ်ဆင့် အနံ့ခံမိတာလို့ ယူဆလိုက်မိတဲ့ အချိန်ကစပြီး ဟိုးအရင်ကလိုပဲ ကျွန်တော်အင်တာဗျူးတွေကို ပြန်ရှောင်ရှားခဲ့ရတယ်။

ပန်းကို လူမသိ သူမသိ ပုန်းဝှက်ထားနိုင်ပေမယ့် လူသိပြီးသား ကျွန်တော်ကတော့ ဦးစိုင်းခမ်း တပည့်တွေကို ရှိုးဘာယ်ကြွယ်ကြွယ် လှည့်စားရှောင်ဖယ်ရတာ အင်မတန်ကို တော်ခဲပင်ပန်းလွန်းပါတယ်။

ဒီလိုနဲ့ နေ့ရက်တော်တော်များများကို လိမ်ဖယ်သိမ်ဖယ် ဖြတ်သန်းလာခဲ့ရင်း တစ်နေ့မှာတော့ မမျှော်လင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်လေးတစ်ခုနဲ့ ကျွန်တော် ထိပ်တိုက်ပက်ပင်းတိုးခဲ့ရတယ်။

အဲဒီနေ့က ကျွန်တော်နဲ့ ဝါသနာပါရာလမ်းကို အတူတူ လျှောက်လှမ်းခဲ့ပြီး ကျွန်တော့်လိုပဲ စာပေလောကမှာ နေရာတစ်နေရာ ခိုင်ခိုင်မာမာရထားပြီးဖြစ်တဲ့ သူငယ်ချင်း ဟာသစာရေးဆရာနေဝန်းရဲ့ ပွဲတစ်ပွဲကို သွားရမယ့်နေ့ပါ။

နေဝန်းက သူ့ရဲ့ အုပ်ငါးဆယ်မြောက် အမှတ်တရပွဲအတွက် ကျွန်တော့်ကို ဖိုင်ရှိမီးမတတ် တောင်းပန်တိုးလျှိုးပြီး တက်ရောက်ဖို့ တိုက်တွန်းခဲ့ခြင်းပါ။

ပန်းကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်ကိုယ်၌ကိုက လူသူထူထူထဲ ဝင်ရောက်မရောနှောချင်တဲ့စိတ်နဲ့ ငြင်းမှယ်ခဲ့ပါသေးတယ်။ ဒါပေမဲ့ နေဝန်းရဲ့ တကျီကျီ ပူဆာမှုကြောင့် ကျွန်တော့်စိတ်တွေကို လျှော့ချပြီး သူငယ်ချင်းဆန္ဒကို လိုက်လျောဖို့ ဆုံးဖြတ်လိုက်ပါတယ်။

နေဝန်းရဲ့ပွဲက စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှင်များ၊ အရွယ်စုံ စာရေးဆရာများ၊ စာနယ်ဇင်းသမားများ၊ မဂ္ဂဇင်းအယ်ဒီတာများ စာပေအသိုင်းအဝိုင်းက ပညာရှင်မျိုးစုံနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့တာပါ။

ကျွန်တော်က နောက်ဆံငင်ငင်နဲ့ လာခဲ့ရတာမို့ ပွဲပြီးချိန်အထိ မစောင့်နိုင်ဘဲ ဖင်တကြွကြွနဲ့ ပြန်ဖို့ဟန်ပြင်နေတာကို နေဝန်းက အလိုက်မသိစွာ ဆွဲထားရင်း ...

"ဘယ်လိုဖြစ်တာလဲ သူရေ၊ အိမ်မှာ ကလေးနို့ဘူးတိုက်ရမှာ ကျနေတာပဲ၊ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးပေါ့၊ ဘာတွေ ဒီလောက်လောနေတာလဲ"

ကျွန်တော်က ကိုယ့်ဝမ်းနာ ကိုယ်သာသိသူမို့ သူငယ်ချင်းကို မချိပြုံးတစ်ချက်နဲ့သာ တုံ့ပြန်မိပါတယ်။

"အိမ်မှာ မေမေတစ်ယောက်တည်း ကျန်ခဲ့လို့ပါကွာ"

"ဟောကောင် ... အရင်ကလည်း အန်တီတစ်ယောက်တည်း နေနေကျပဲဟာ၊ မင်းနော် ... ကျူရှင်ဆရာမလေးနဲ့ ထပ်ငြိပြီး ကတည်းက အချိုးတွေ ပြောင်းနေတယ်၊ စကားမစပ်မေးရဦးမယ်၊ မင်းတို့ပွဲ ဘယ်တော့လဲ သူစ၊ စားရဖို့နီးနေပြီလား၊ မင်းက မြို့စိစိနဲ့ ပွင့်မှင့်လင်းလင်းကို မရှိဘူးကွ

www.burmeseclassic.com



ရုတ်တရက် ကျွန်တော့်အကြောင်း စကားထဲ ထည့်ပြောတဲ့ နေဝန်းကြောင့် ကျွန်တော် အားဘီဝဲယာကို အလန့်တကြား လှည့်ပတ်ကြည့်လိုက်ရင်း အသံခပ်အုပ်အုပ်နဲ့ တားမြစ်ဖို့ ကြိုးစား လိုက်ရပါတယ်။

“နေဝန်းရာ ... တိုးတိုးသာသာ ပြောစမ်းပါ၊ မင်းအသံကြီးနဲ့၊ ဒါ ငါတို့နှစ်ယောက်တည်း ဘီယာဆိုင်မှာ တွေ့နေတာ မဟုတ်ဘူးဆိုတာ နည်းနည်းလောက် သဘောပေါက်စမ်းပါ”

ကျွန်တော့်ရဲ့ ပြူးပြူးပြဲပြဲ စကားအဆုံးမှာ နေဝန်းက သဘောတကျနဲ့ ခွက်ထိုးခွက်လန် ရယ်မောနေပါတော့တယ်။

ဒီကောင် ဘာတွေများ ဒီလောက် အူမြူးနေပါလိမ့်။ ကျွန်တော် စိတ်တိုတိုနဲ့ သူ့လက်မောင်းကို ပိတ်ထိုးပစ်လိုက်တယ်။

“အား ... နာတယ် ခွေးကောင်ရ၊ ကဲပါကွာ ... မင်း မကြိုက်ရင်လည်း ငါ့စကားကို ပြန်ရုပ်သိမ်းပါတယ်၊ မင်းကို ငါ လူတချို့နဲ့ မိတ်ဆက်ပေးရဦးမယ်ကွ၊ အဲဒါပြီး ပြန်ချင်ရင်ပြန်ပေါ့၊ ဟုတ်ပြီလား”



“အေး ... ဆက်မှာဖြင့်လည်း မြန်မြန်ဆက်ကွာ၊ ငါ့မှာ အချိန်သိပ်မရဘူး”

“ဟော့ကောင် ... ဘိန်းစားချင်းအတူတူ တစ်ပြောင်းပိုမရှူချင်နဲ့၊ မင်းကို လူတစ်ယောက်တည်းနဲ့ပဲ မိတ်ဆက်ပေးမှာ၊ သဘောပေါက်ထား”

ကျွန်တော် နေဝန်း စကားကြောင့် မျက်ခုံးပင့်သွားတယ်။ သူ့စကားက ကျွန်တော့်အတွက် အထူးအဆန်း ဖြစ်နေပါတယ်။

“လူတစ်ယောက်တည်းနဲ့ မိတ်ဆက်ပေးမှာ ... ဟုတ်လား”

“အင်း ... ဟုတ်တယ်ကွ၊ သူက ငါ့ဦးလေးရဲ့မိန်းမဘက်က တော်တော်ကြီးကို သွေးဝေးတဲ့ ဆွေမျိုးတစ်ယောက်ပါ၊ ခုမှ ရန်ကုန်ကို အလည်လာတာ၊ ငါ့ကို သူက စာရေးဆရာ နေဝန်းမှန်းသိတော့ စာရေးဆရာ လင်းသုခကို သူ အရမ်းကြိုက်တဲ့အကြောင်း၊ လူချင်း ခင်မင်ခွင့်ရချင်ကြောင်း စကားကမ်းလှမ်းလာတာကွ ...

www.burmeseclassic.com



ငါတောင် ပထမ တော်တော်ကြောင်သွားတ

ခင်ဗျားက သူ့စာတွေ ဘယ်လောက်များများ ဖတ်ဖူးလဲ မေးကြည့်တော့ ထွက်သမျှဝတ္ထုတွေကို အစုံအစေ့ လို ဖတ်နိုင်သေမယ့် မင်းရဲ့အင်တာဗျူးပါတဲ့ ဂျာနယ်တိုင်း တော့ မဂျက်မကွက် ဝယ်ဖတ်တတ်တယ်တဲ့ကွ၊ သူ့ ရတာ မင်းကို တော်တော် စိတ်ဝင်စားပြီး ခရေစိဖြ ပုံပဲ”

နေဝန်းစကားက ကျွန်တော့်ရင်ထဲကို မတင် နဲ့ ဝင်ရောက်လာပါတယ်။ နေဝန်းက ခပ်တည်တည်နဲ့ ဆက်လာပြန်တယ်။

“ငါက မင်းနဲ့မိတ်ဆက်ပေးပါ့မယ်လို့ ကတိခံထားခဲ့ ဒီပွဲကို သူလည်းလာတယ်၊ လာကွာ ... သူ့ခ၊ ငါတို့ ဆီသွားရအောင်”

နေဝန်းက ကျွန်တော့်ကို လူသူကင်းရှင်းတဲ့ ကျကျစားပွဲဝိုင်းဆီ ဦးဆောင်ခေါ်သွားပါတယ်။ တစ်ဝိုင်းတည်း သီးသန့်ထိုင်နေတဲ့ လူတစ်ယောက်ရှေ့ အရောက်မှာတော့



“ကဲ ... သူခ၊ သူက မင်းနဲ့မိတ်ဆက်ပေးမယ့် အနက်ကယ်လ် ပဲ၊ မင်းကိုတော့ ကောင်းကောင်းသိပြီးသားပဲဆိုတော့ အထူးတလည် ပြောနေစရာ မလိုတော့ဘူးပေါ့”

နေဝန်းက ကျွန်တော်နဲ့ ညွှံသည်ကို နှစ်ယောက် ည်း စိတ်ချလက်ချထားပြီး ပြန်ထွက်သွားတယ်။ နှစ်ယောက် ည်းကျန်တော့မှ ကျွန်တော့်ရှေ့က လူကြီးမျက်နှာကို ကျွန်တော် စ်ချက် အကဲခတ်ကြည့်လိုက်တယ်။ အဓိပ္ပာယ်ဖော်ရခက်တဲ့ ရိပ်အယောင်တချို့ သူ့မျက်နှာပေါ် ဖမ်းယူတွေ့ရှိလိုက်ရချိန် ာ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီး လေးပင်စွာ ခံစားလိုက်ရပါတယ်။

သူ့အကြည့်တွေထဲမှာ တစ်ခုခု ဖုံးကွယ်သိုဂှက်ထား လိုပဲ။

လေးထောင့်ကျကျ မျက်နှာအနေအထားက အရွယ် မျှအောင် နုပျိုခန့်ညားနေပေမယ့် ပိရိသေသပ်တဲ့ နှုတ်ခမ်းတစ် ဆက်မှာ တပ်ဆင်ထားတဲ့ မဲ့ပြုံးခပ်နက်နက်ကိုတော့ မသတိ ကောင်းတယ်လို့ ကျွန်တော် ပျစ်ပျစ်နှစ်နှစ် ကောက်ချက် လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိ သူ့မျက်နှာကိုကြည့်ရင်း ကျွန် တော် အော်ဂလီဆန်လာမိပါတယ်။ ဒါပေမဲ့ နေဝန်းမျက်နှာ ထောက်ပြီးအသက်မပါတဲ့ အပြုံးနဲ့ ဝတ်ကျေတန်းကျေ တုံ့ပြန်ရင်း နှုတ်ဆက်လိုက်ရတယ်။

"ကျွန်တော် လင်းသုခပါ အန်ကယ်(လ်)"

သူက ရှေ့ကခုံကို လက်ညှိုးညွှန်ပြရင်း ကျွန်တော် ကိုထိုင်ဖို့ အသံတိတ် တိုက်တွန်းလာပါတယ်။ သူ့ပုံစံက ကျွ ကြီးကို ခါးစောင်းတင်ထားချင်တဲ့ ပုံစံမျိုး အထင်သား ပေါ်လွ နေခဲ့တယ်။

ကျွန်တော့်ရဲ့ နစိုရှိပြီးသား မာနတရားက ဖြန်းခ ခေါင်းထောင်ထလာပြီး သူ့ရဲ့ခပ်ကြောကြော အမူအရာကို မနှ မြို့စွာ လှမ်းကြည့်လိုက်တယ်။ သူကတော့ ဆင်မတန် သွေးအေ လှတဲ့အသံနဲ့ ကျွန်တော့်ကို စူးစူးရဲရဲ စိုက်ကြည့်ရင်း စကားေ လာပါတယ်။

"မင်းက ပရိသတ်အင်အားတောင့်တဲ့ နာမည်ကြီး စာေ [illegible] ဆရာတစ်ယောက်ပဲနော်"





"ကျွန်တော့်မှာ အချိန်မရှိဘူး အန်ကယ်(လ်)၊ အန်ကယ်(လ်) ကျွန်တော်နဲ့ သိကျွမ်းချင်ရခြင်းအကြောင်းကိုသာ တိုက်ရိုက် ပွင့်ပွင့်လင်းလင်း ပြောပါ၊ သေချာတာ တစ်ခုကတော့ အန်ကယ်(လ်)နဲ့ ကျွန်တော် ဘယ်တုန်းကမှ မသိကျွမ်း မရင်းနှီးခဲ့ဖူးတာပဲ"

သူက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ရှေ့မှာချထား ဲ့ ဝိုင်ခွက်ကို ဆွဲယူမော့သောက်ရင်း တစ်လုံးချင်း ရေရွတ်လာ ယ်။

"ပြောမှာပေါ့ကွာ ဖြည်းဖြည်းပေါ့၊ နာမည်လေးတော့ အရင်ပြောပြီးမိတ်ဆက်ပါရစေဦး၊ ငါ့နာမည် စိုင်းခမ်း"

ကျွန်တော့် ခေါင်းပေါ်တည့်တည့် မိုးကြိုးပစ်ချလိုက် သို ခန္ဓာကိုယ်ထဲက အကြောတွေ တောင့်တင်းထောင်မတ်သွား ပါတယ်။ တစ်စုံတစ်ရာကို အချက်ပေးတဲ့အသံတွေ ကျွန်တော့် ထဲ အရှိန်အဟုန်ပြင်းစွာ ဆူညံပေါက်ကွဲလာခဲ့တယ်။

ဒီလူ့ရဲ့အမူအရာတွေ တစ်မျိုးဖြစ်နေတာကိုက ကျွန် ာ့်သံသယ အစိုင်အခဲတွေကို ပိုမိုခိုင်ကျည်သွားစေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ဟာ ကျွန်တော်နဲ့ ပန်းတို့ရဲ့လက်တစ်ကမ်းအလိုမှာ ရောက်ရှိနေခဲ့ပြီဆိုတာ ဘွင်းဘွင်းကြီး သိလိုက်ရတယ်။

ကျွန်တော် ဘာဆက်လုပ်ရမလဲ၊ ကြံရာမရ စိုး အိုက်နေတုန်းမှာပဲ ....

"မင်းကို ငါ အေးအေးဆေးဆေးပဲ မေးမယ် လင်းသူ ပန်းမိုမို အခု ဘယ်မှာလဲ၊ အမှန်ဖြေတာကိုပဲ လိုချင်တယ် နော်"

ကျွန်တော့်ရင်ထဲ တလိပ်လိပ် တက်လာတဲ့ ဒေါသ တရားတွေနဲ့အတူ သူ့ကို ခပ်ပြင်းပြင်း စူးစိုက်ကြည့်လိုက်ပါ တယ်။

"ခင်ဗျားကို ကျုပ် မပြောပြနိုင်ဘူး ဆိုရင်ရော"

ကျွန်တော့်စကားကြောင့် ဦးစိုင်းခမ်းက ရိုက်သတ် ပစ်ချင်စရာ ကောင်းလှတဲ့ ညစ်ဝါးစ်တစ်အကြည့်နဲ့ လှမ်းကြည့် လာပါတယ်။ သူ့အသွင်က မစားရတဲ့အမဲ သဲနဲ့ပက်ဖို့ ဝန်မလေး တတ်တဲ့ ရက်စက်ကြမ်းကြုတ်သူတစ်ယောက်အဖြစ် ပေါ်လွင်ထင် ရှားစေခဲ့တယ်။





"လောကကြီးမှာ နည်းနှစ်နည်းပဲ ရှိတယ်ဆိုတာ မင်း သဘောပေါက်မှာပေါ့၊ အနုနည်းနဲ့ အဆင်မပြေရင် တခြား နည်းဖြစ်တဲ့ အကြမ်းနည်းကိုပဲ အသုံးပြုသင့် ပြုရမယ်၊ ငါ့ အတွက် ဒီကိစ္စတွေက သိပ်တော့ အထူးအဆန်း မဟုတ် တော့ပါဘူး၊ ငါ စိုးရိမ်မိတာ မင်းအတွက်ပါပဲ ...

မင်းက သိက္ခာတွေ၊ မာနတရားတွေနဲ့ ကိုယ့်ကိုယ် ကိုယ် မောင်းတင်ပြီး မျက်နှာမော့လာတဲ့ကောင် ဆိုတော့ ငါ့ကို ဖက်ပြိုင်တုံ့ပြန်ဖို့ အချိန်ယူပြီး စဉ်းစားလိုက်ပါဦး၊ အဲ ... တစ်ခုတော့ရှိတယ်၊ အချစ်က မင်းအတွက် သတ္တိ ခွန်အားတွေ အလိုလို ပြည့်ဝစေတယ် ဆိုရင်တော့ အရာရာ ကို ရင်ဆိုင်ဖြေရှင်းချင်တဲ့ စိတ်တွေ ထက်သန်ကောင်း ထက်သန်လာမှာပေါ့"

ကျွန်တော် သူ့ကို မုန်းတီးစက်ဆုပ်စွာ စူးစိုက်ကြည့် ...အံတင်းတင်း ကြိတ်လိုက်မိပါတယ်။ ကြည့်ရင်းနဲ့ကို လူ ...ခါတစ်ယောက်အသွင် ထင်းထင်းပေါ်လာတဲ့ ဦးစိုင်းခမ်းကို ...လှိုလက်တုံ့ပြန်ရမှန်း မသိအောင် ဘေးကျပ်နံကျပ်အနေ ...ားထဲ ရုတ်ခြည်းရောက်သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် သူ့ကို အမှန်မှန် အညက်ညက်
အောင် အရည်ဖျော်ပစ်လိုက်ချင်စိတ်တွေကို ကျွန်တော် မ
ထိန်းချုပ် မျိုသိပ်ထားရပါတယ်။

"မင်းလို နာမည်ကြီးတစ်ယောက်နောက် ခြေရာခံလို
ဆိုတာ ငါ့အတွက် ငှက်ပျောသီးအခွံနွှာတာထက်
ပိုလွယ်နေပါသေးတယ် လင်းသုခ၊ မင်း ဘယ်သွားတ
ဘာလုပ်တယ် 'ဆိုတာတွေ သိဖို့အတွက် ငါ လူယုံ
ယောက်လောက်ကို လက်တို့လိုက်တာနဲ့ နိုင်လုံတဲ့ သ
အချက်အလက်တွေ အဆင်သင့် ငါ့ဆီရောက်လာတ
နေရာတိုင်းမှာ ငါ့မျက်လုံးတွေချည်းပဲဆိုတာ မင်း
ထားနဲ့"

"သိပ်လည်း အပြောမကြီးပါနဲ့ ဦးစိုင်းခမ်း၊ မိန်းက
တစ်ယောက်ကို အလိုမတူဘဲ ငွေနဲ့ပစ်ပေါက်သိမ်း
ချင်တဲ့ ခင်ဗျားရဲ့ ယုတ်မာပက်စက်တဲ့ အကြံအစည်
ကျုပ်က လွယ်လွယ်နဲ့ အကောင်အထည်ဖော်ခွင့်
များ ထင်နေလား၊ လောကကြီးမှာ မတရားမှုအတွက်





ရာမရှိအောင် ဘောင်ကျဉ်းတယ်ဆိုတာ ခင်ဗျားသဘော
ပေါက်ထားပါ"

သူက ကျွန်တော့်ရဲ့ တိကျပြတ်သားတဲ့ အပြော
ကြောင့် အရိုက်ထိသွားဟန်နဲ့ ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်
ပါတယ်။ သူ့ပုံစံက အစွမ်းကုန် ရက်စက်တော့မယ့်ပုံမျိုး အထင်း
သား ပေါ်လွင်နေတယ်။

ကျွန်တော် ဒေါသကြောင့် အသားတွေ တဆတ်ဆတ်
တုန်လာခဲ့ရတယ်။ စာရေးဆရာတစ်ယောက်ရဲ့ နူးညံ့သိမ်မွေ့တဲ့
နှလုံးသားဟာ ခုတော့ ကြောက်စရာကောင်းလောက်အောင် မာ
ကျောခက်ထန်နေတာကို အံ့ဩဘနန်းကြီးစွာ လက်သင့်ခံလိုက်
ရပါတယ်။

"မင်းက မပိုင်ဘဲနဲ့ ဝက်မွေးချင်တာကိုးကွ၊ လတ်တလော
ဖြစ်နေတဲ့ ပြဿနာကြီးက မင်းရေးတဲ့ဝတ္ထုထဲက ဇာတ်
ကွက်တစ်ကွက် မဟုတ်တာတော့ သေချာတယ်နော်၊ ပြီး
တော့ ငါကလည်း မင်းလိုသလို ဖန်တီးပစ်လို့ရမယ့်
ဇာတ်ကောင်တစ်ကောင် မဟုတ်ဘူး၊ စိတ်ကူးနဲ့ ကောက်တွေ

www.burmeseclassic.com



ဆိုတာ အကျွကြီးပါကွာ၊ ပန်းမိုမိုတို့ တစ်မိသားစုလုံးက ငါ့လက်ခုပ်ထဲကရေတွေဆိုတာ မင်းကို ပန်းမိုမို ပြောပြထားဖို့ မေ့နေတယ်ထင်တယ်၊ နေဝန်းကိုတော့ အားနာပါရဲ့ကွာ၊ သူ့ပွဲမှာ ငါတို့နှစ်ယောက်က ကြိုးစင်တက်မယ့် လက်ထွေ့သခား နှစ်ယောက်အသွင် ပြောင်းသွားရပြီ၊ စိတ်တော့မကောင်းပါဘူး ...

ဒီမှာ လင်းသုခ၊ တစ်ပတ်အချိန်ပေးမယ်၊ ပန်းမိုမိုရှိတဲ့နေရာကို အတိအကျ သတင်းပေးနိုင်အောင် ကြိုးစားပါ၊ ငါ့အစွမ်းအစနဲ့ ငါရှာမယ်ဆိုလည်း သိပ်မခက်လောက်တဲ့ ကိစ္စတစ်ခု ဖြစ်ပေမယ့် မင်းအတွက် နောက်ဆုံးအခွင့်အရေး ပေးလိုက်တယ်ဆိုတာ မင်းခေါင်းထဲ မြဲမြဲမှတ်ထားပါ၊ ဒါ မင်းသိက္ခာအတွက် ငဲ့ကွက်လိုက်တဲ့ သဘောပဲ ...

နောက်ဆုံးထပ်ပြောလိုက်မယ်နော်၊ စာပေအသိုင်းအဝိုင်းမှာ လင်းသုခဆိုတဲ့ နာမည်တစ်လုံး ရေရှည်တည်တံ့နေချင်သေးတယ် ဆိုရင်တော့ ငွေတောင်းဆိုချက်ကို လျှော့လျှော့ပေးပါ၊ လူတစ်ယောက်ရဲ့ဘဝကို အတက်အကျ အနိမ့်



အမြင့်ဖြစ်အောင် ပြောင်းပြန်လှန်ပစ်နိုင်တဲ့ အစွမ်းသတ္တိမျိုး စိုင်းခမ်း ဆိုတဲ့ လူတစ်ယောက်မှာ ရာနှုန်းပြည့် ပိုင်ဆိုင်ထားတယ်ဆိုတာ မင်း ကျိန်းသေသိထားပါ"

ကျွန်တော် တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ရင်း အုံကြွပေါက်ကွဲနေတဲ့ ခြေလှမ်းကျဲကျဲနဲ့ ဦးစိုင်းခမ်း ရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့ပါတယ်။

သူ့ရဲ့ ပြောင်းပြောင်းရယ်မောသံသဲ့သဲ့ ကျွန်တော့်နောက်ပါးမှာ လွင့်ဝဲကျန်ခဲ့တယ်။ နေဝန်းကိုတောင် နှုတ်ဆက်ချင်စိတ်မရှိဘဲ တစ်ယောက်တည်း ကားရှိရာဆီ ဝုန်းဒိုင်းကြဲလျှောက်လာခဲ့တဲ့ ကျွန်တော်၊ မျက်စိရှေ့က မြင်ကွင်းတစ်ခုကြောင့် ခြေလှမ်းတွေ တုံ့ခနဲရပ်သွားပြီး ကြက်သေ သေသွားရပါတယ်။

ကျွန်တော့်ကားကို ဟန်ပါပါမှီရပ်ရင်း လက်ပိုက်ဆောင့်ကြည့်နေတဲ့ လူသုံးယောက်။ ဟိုတစ်နေ့က ဗိုလ်ချုပ်ဈေးထဲမှာ ကျွန်တော်တို့နောက်ကို သဲကြီးမဲကြီး နောက်ယောင်ခံလိုက်လာတဲ့ လူသုံးယောက်ပဲ ဖြစ်မယ်ဆိုတာ ညအမှောင်လမ်းမီးရဲ့ မှိန်အောက်မှာ ကျွန်တော် တပ်အပ်သိလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပေစောင်းစောင်းနဲ့ မသိမသာ အကဲခတ်နေကြတဲ့ သူတို့ကို ဥပေက္ခာပြုရင်း ကျွန်တော် ကားစက်နှိုးပြီး ခပ်ကြမ်းကြမ်း မောင်းထွက်လိုက်တယ်။

ကျွန်တော့်ရင်တစ်ခုလုံး နိမ့်ချည်မြင့်ချည်နဲ့ ဗလောင်ဆူနေခဲ့ရပါတယ်။ ကျွန်တော်နဲ့ ပန်းတို့ရဲ့ အနာဂတ်ဟာ တကယ်ပဲ ကံကြမ္မာရဲ့အစေအပါး ဖြစ်ရတော့မှာလား။ စိတ်မသက်မသာ တွေးရင်း သက်ပြင်းမောကို မှုတ်ထုတ်လိုက်မိတယ်။

❣ ◆ ❣



ကျွန်တော် ပန်းကို မျက်စိအောက်က လွှတ်ပျောက်သွားမှာ စိုးတဲ့အလား ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်နေမိပါတယ်။ ပန်းက ကျွန်တော်သောက်ဖို့ ဖျော်လာတဲ့ ကော်ဖီခွက်ကို ရှေ့ကိုတိုးပေးရင်း ...

"ကို ... ပန်း အခုတလော စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ် သိလား၊ တစ်ခုခုကို စိုးရိမ်ပူပန်နေသလိုပဲ"

ကျွန်တော်က ပန်းဆံပင်လေးတွေကို တယုတယ သပ်တင်ပေးရင်း သက်ပြင်းမောကို ခိုးရှိုက်နေမိတယ်။ တစ်ဆက်တည်းမှာပဲ အာရုံထဲ ဖျတ်ခနဲ ပေါ်လာတဲ့ ဦးစိုင်းခမ်း မျက်နှာကြီးကို ခါးခါးသီးသီး မောင်းထုတ်ပစ်လိုက်ရင်း ပန်း ခေါင်းလေးပေါ် မျက်နှာအပ်ထားမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုင်းခမ်းနဲ့ အမှတ်မထင် ဆုံတွေ့ခဲ့ရတာကိုတော့ ကျွန်တော် ပန်းကို ဖွင့်ပြောဖို့ စိတ်မကူးတော့ပါ။ ပန်း သိရင် ထိတ်လန့်ကြောက်ရွံ့ပြီး စိတ်ပင်ပန်း နေတာကလွဲလို့ ဘာမှတ နိုင်မှာ မဟုတ်ပါ။

ပန်းက ကျွန်တော့် မျက်နှာရိပ် မျက်နှာကဲကို အ ကျမတ်ကျ အကဲခတ်နိုင်စွမ်းရှိသူပီပီ ကျွန်တော့်ရဲ့ မရွှင်မပျ ရ သွင်ကို စေ့စေ့စပ်စပ် လှေ့လာကြည့်ရှုပြီး ...

"ကို ... ပန်းကို တစ်ခုခု ပြောစရာရှိတယ်နဲ့ တူတယ်နော် ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောပါ ကိုရယ်၊ ပန်း ကိစ္စနဲ့ပတ်သက်ပြီး ကို သိထားတဲ့ အကြောင်းအရာ များ ရှိနေလားဟင်"

ကျွန်တော် စိတ်ပင်ပန်းလေးလံစွာ ခေါင်းယမ်း လိုက်ပါတယ်။ ဦးစိုင်းခမ်းက တစ်ပတ်အတွင်း ပန်းရှိတဲ့နေ သူ့ဆီသတင်းပို့ရမယ်လို့ တစ်သွေးတစ်သံ အမိန့်ချထားခဲ့ကြော ကိုသာ ပန်း သိရင် ဘယ်လောက်တောင် ထိခိုက်နာကျင်လို မလဲ။



ကျွန်တော် အတွေးနဲ့တင် ရင်တစ်ခုလုံး ဟာင်းလောင်း ဖွင့် ကွဲကြေသွားရပါတယ်။

ပန်း မသိတဲ့ နည်းလမ်းတစ်မျိုးမျိုးနဲ့သာ ဦးစိုင်း ခမ်းကို လက်တုံ့ပြန် ဖြေရှင်းဖို့ ကျွန်တော် ယတိပြတ် ဆုံးဖြတ် ချက် ချလိုက်မိတယ်။

ဖြစ်နိုင်ရင် ပန်းနဲ့ပတ်သက်သမျှ ခက်ခဲပင်ပန်းမှု တွေကို ကျွန်တော် တစ်ယောက်တည်းပဲ ခါးစည်းခံချင်ပါတယ်။ ပန်းကတော့ သိချင်ပြင်းပြစိတ်တွေ ကြီးစိုးနေတဲ့ မျက်လုံးဝိုင်း ဝိုင်းလေးတွေနဲ့ ကျွန်တော့်ကို မျှော်လင့်တကြီး မော့ကြည့်ရင်း ...

"ကို ... ပန်းကို ဘာမှထိမ်ချန်မထားပါနဲ့နော်၊ ကို သိသမျှ ကိစ္စအဝဝကို ပန်းလည်း ထပ်တူညီမျှ သိခွင့်ရချင်တယ်၊ ဘယ်အရာကိုမဆို အတူတူ ရင်ဆိုင်ကျော်ဖြတ်ချင်တယ်၊ ပန်းဆန္ဒကို လိုက်လျောပေးပါနော်"

တကယ်လည်း ပန်း မျက်လုံးလေးတွေက မျှော်လင့် ချက် အရောင်အဝါတွေနဲ့ တလက်လက် တောက်ပနေခဲ့ပါတယ်။ ကျွန်တော်နဲ့အတူတူ ဘဝတစ်ခုကို ခိုင်ခိုင်မာမာ တည်ဆောက်ချင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်၊ အကြောင်းအကျိုး အကောင်းအဆိုးတွေမှန်သမျှ မျှဝေခံစား ချင်စိတ် စတဲ့အရိပ်အယောင် တချို့က ပန်းမျက်နှာပေါ် အလှည့် ကျ ပေါ်လွင်ထင်ဟပ်နေဆဲပါပဲ။

"ပန်းအပေါ်မှာ ကိုယ် အရိုးသားဆုံး ဝန်ခံချင်ပါတယ် တကယ်လို့ အကြောင်းတစ်စုံတစ်ရာ လှုံ့ဆော်မှုကြောင့် မလွဲမသွေ အဆိုးတွေနဲ့ ထိပ်တိုက်ကြုံကြရမယ် ဆိုရင် တောင် ကိုယ်တို့နှစ်ယောက်လုံး လက်တွဲမဖြုတ်ကြေးနော် ပန်း ကိုယ့်ကို အဲဒီကတိတော့ ပေးပါ"

ပန်းက ရုတ်တရက် နားမလည်နိုင်ပုံနဲ့ ကျွန်တော် ကို မျက်ခုံးလေးတွန့်ချိုးပြီး အချိန်အတော်ကြာအောင် ငေးစိုက် ကြည့်နေခဲ့ပါတယ်။

ပန်းကို နားလည်အောင် ရှင်းပြနိုင်ဖို့ ခဲယဉ်းစွာပဲ ကျွန်တော့်ကိုယ်ကျွန်တော် နားလည်နိုင်ဖို့တောင် အတန်တန်ကြိုး စားနေရဆဲပါ။

ပန်း တစ်ချိန်တုန်းက ပြောခဲ့သလိုပဲ ကျွန်တော် ကိုယ်တိုင်လည်း ခုချိန်မှာ ကံကြမ္မာရဲ့လှည့်ကွက်နှံ့ထဲကို မကျ



ာက်စေဖို့ ကျိတ်ဆုတောင်းခဲ့ရတာ အကြိမ်ကြိမ်ပါ။ လမင်းနဲ့ း်ကာ အသိုင်းအဝိုင်း ဂုဏ်ဒြပ်တွေရဲ့ ထိုးနှက်တိုက်ခိုက်မှုကြောင့် ်တော်တို့ တည်ဆောက်လုဆဲဆဲ သံယောဇဉ်ဗိမာန်လေး းဝိုင်းတစ်စစီ ကြေမွပျက်စီးခဲ့ရသလို အလားတူ အကျိုးဆက် ကျွန်တော် ထပ်မလိုချင်တော့ပါ။

ပန်းနဲ့ ကျွန်တော်တို့ရဲ့ ရှေ့ဆက်မယ့် ခရီးလမ်းမှာ ှက်သဲဖိုဆန်ဆန် ရင်ခုန်စိတ်လှုပ်ရှားစရာ ဖြစ်ရပ်မျိုးစုံနဲ့ ့ခရှောင်သာ ကြုံဆုံရတော့မယ်ဆိုတာ ကျွန်တော့်စိတ်က ဲလို သိနေခဲ့တဲ့အချိန်မှာ ကျွန်တော် စိတ်ပင်ပန်းကြီးစွာနဲ့ ်ပြင်းနက်နက်တွေကိုသာ အကြိမ်ကြိမ် ချနေမိခဲ့ပါတယ်။

ကျွန်တော် ပန်းကို အဆုံးရှုံးမခံနိုင်ဘူး။ ပိုသေချာ ာင် ပြောရမယ်ဆိုရင် ဒုတိယအကြိမ်မြောက် မွှမ်းမံအသက် ်ထားတဲ့ အချစ်ဖန်ပန်းအိုးလေးကို ကျွန်တော် ကွဲအက်မခံနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပန်းအတွက် လိုအပ်တဲ့ ပစ္စည်းပစ္စယအစုံ၊ စားစ
သောက်ဖွယ်မျိုးစုံကို ဝယ်ခြမ်းပေးပို့ပြီး ပန်းတို့အဆောင်က
ပြန်လာခဲ့ချိန်မှာ မေမေက အိမ်အပေါက်ဝကနေ ထိုင်စောင့်ပြီး
ကျွန်တော့်ကို ထူးဆန်းတဲ့ စကားတစ်ခွန်း ဆိုလာပါတယ်။

“သား ဘယ်တွေ လျှောက်သွားနေတာလဲကွယ်၊ သား
တွေ့ချင်လို့ဆိုပြီး လူတစ်ယောက် လာရှာသွားတယ်”

ကျွန်တော် မေမေ့စကားကြောင့် ခန္ဓာကိုယ်တစ်
လုံး တောင့်မတ်သွားရပါတယ်။ မေမေ့ မျက်နှာကို အမှတ်တမဲ့
လှည့်ကြည့်လိုက်တော့ တစ်စုံတစ်ရာကို စိုးရိမ်ပူပန်တဲ့အရိပ်
စိတ်အလိုမကျတဲ့အရိပ်တွေ ရာနှုန်းပြည့် ထင်ဟပ်နေတာ သ
ထားလိုက်မိတယ်။





ကျွန်တော့်ခေါင်းထဲ အတွေးတစ်ချက် ဖျတ်ခနဲဝင်
လာပြီး မေမေနဲ့ မျက်နှာချင်းဆိုင် ရင်ဆိုင်ကြည့်လိုက်ပါတယ်။

“မေမေ ... အဲဒီလူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ သား
အကြောင်း ဘာတွေ ပြောသွားသေးလဲ”

ကျွန်တော့်ကို စိတ်ပျက် စိတ်ကုန်သလို အကြည့်နဲ့
ကြည့်စဖူး ကြည့်လာတဲ့ မေမေ့ကို ကျွန်တော် နားမလည်နိုင်
အောင် ဖြစ်သွားရတယ်။ တစ်ဆက်တည်းမှာပဲ အဝေးကလာ
သလို ပဲ့တင်ထပ်နေတဲ့ အသံတချို့ကိုလည်း အလိုအလျောက်
ကြားယောင်လိုက်မိပါတယ်။

“နေရာတိုင်းမှာ ငါ့မျက်လုံးတွေချည်းပဲ ဆိုတာ မေ့မထား
နဲ့”

ဆိုတဲ့စကား။ ကျွန်တော် ဦးစိုင်းခမ်းရဲ့ ပိုင်နိုင်ဝံ့
စားတဲ့ လေသံနဲ့ ကောက်ကျစ်ရက်စက်တော့မယ့် အရိပ်အယောင်
လွှမ်းတဲ့ မျက်နှာကြီးကို ရုတ်တရက် မြင်ယောင်လိုက်မိတဲ့ ခဏ
မှာ ခန္ဓာကိုယ်ထဲကသွေးတွေ တစ်မုဟုတ်ချင်း ပွက်ပွက်ဆူလာရ
ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူ တော်တော်တော့ တရားလွန်နေပြီ။ ကျွန်တော် အိမ်အထိလာပြီး အတင့်ရဲနိုင်စွမ်း ရှိသူဟာ သူကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်တာတော့ သေချာပါတယ်။

"သားကိစ္စတွေနဲ့ ပတ်သက်ပြီး မေမေ ခုချိန်ထိ ဘာမှဝင်မစွက်ဖက်ခဲ့ဖူးတာ သား သိတယ်နော်၊ တစ်ခါတလေ နည်းလမ်းမကျလို့ နည်းနည်းပါးပါး လမ်းညွှန်ပဲ့ပြင်ပေးရုံ ဝင်ပြောခဲ့တာတွေ ရှိပေမယ့် တင်းတင်းကျပ်ကျပ် ပိတ်ပင်တားဆီးတာမျိုးတွေ ဘာတစ်ခုမှ မလုပ်ခဲ့ဖူးဘူး၊ ဒါကို သားလည်း သဘောပေါက်မှာပါ"

မေမေ့စကားတွေက ဘာကိုဦးတည်ပြီး ပြောနေလဲဆိုတာ ကျွန်တော် ဉာဏ်မမီနိုင်အောင် ဇဝေဇဝါ ဖြစ်သွားရပါတယ်။ မေ့မေ့မျက်နှာက တစ်ခုခုကို အလိုမကျဟန်၊ မနှစ်မြို့ဟန်တွေနဲ့ အကြီးအကျယ် ပျက်ယွင်းနေခဲ့ပြီး ကျွန်တော့်ကိုလည်း တစ်ခါမှ မကြည့်ဖူးတဲ့ ခပ်စိမ်းစိမ်း အကြည့်နဲ့ စူးစူးရှားရှား စိုက်ကြည့်နေခဲ့တယ်။

"မေမေပြောနေတာတွေကို သား နားမရှင်းဘူး"





ပီဘိ ကလေးငယ်တစ်ယောက်လို ဘာမှမသိတဲ့ပုံစံနဲ့ မေးလာတဲ့ ကျွန်တော့်ကို မေမေက မျက်စောင်းတစ်ချက် ပက်ခနဲထိုးပြီး ...

"မင်းကို ငါ လူတော်တစ်ယောက်အဖြစ် ချီးကျူးစံတင်ခဲ့မိတာ အလကားပဲ လင်းသုခ၊ တကယ်တော့ မင်းဟာ သုံးစားမရတဲ့ ဦးနှောက်နဲ့ အသက်ရှင်နေတဲ့ လူညံ့လူဖျင်း တစ်ယောက်ပဲ ...

အိမ်ထောင်ရှိပြီးသား မိန်းမတစ်ယောက်ကို အပိုင်ဖမ်း ချဉ်းကပ်နိုင်လောက်အောင် အောက်တန်းခပ်ကျကျ စိတ်ဓာတ်မျိုးနဲ့ ရှင်သန်ဖို့ မင်းကို ငါ လူဖြစ်ခွင့်ပေးခဲ့တာ မဟုတ်ဘူး၊ ဘယ်မှာလဲ ... မင်း တစ်သက်လုံးဂုဏ်တင်ဖော်ကျူးခဲ့ရတဲ့ စာရေးဆရာတစ်ယောက်ရဲ့ တည်ကြည်လေးနက်တဲ့ သိက္ခာတရား ...

မေမေ့သားက တိရစ္ဆာန်သာသာလောက်ရှိတဲ့ ဆောင်မဝင်တဲ့ လူမှုစည်းကမ်းချိုးဖောက်မှုကြီးကို ဘာလို့ကျူးလွန်ခဲ့ရတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပါးစပ်အဟောင်းသား ပွင့်ထွက်သွား ပါတယ်။ ကျွန်တော့်ရင်ဘတ်ကို တဘုန်းဘုန်းထုပြီး ရှိက်ကြီး တငင် ငိုကြွေးနေတဲ့ မေမေ့မျက်ရည်စက်တွေက ကျွန်တော့်နှလုံး သားတစ်ခုလုံးပေါ် ပူလောင်ဖြတ်ဆင်းသွားတယ်။

ခုချိန်မှာ မေမေ့ကို နားလည်အောင် ရှင်းပြလို့လည် အကြောင်းထူးမှာ မဟုတ်ပါ။ မေမေက တုန်ယင်အက်ကွဲတဲ့အသ သံနဲ့ ကျွန်တော့်မျက်နှာကို မော့ကြည့်ရင်း စကားဆက်ဆိုလာတယ်။

"ဒီနေ့ ပန်းမိုမိုရဲ့ ကာမပိုင်ယောက်ျား အိမ်ကိုလာသွား တယ်၊ သားကို လာရှာတာတဲ့၊ သူ့မိန်းမက သူနဲ့စိတ် သဘောထား ကွဲလွဲပြီး အိမ်ပေါ်ကနေ ဆင်းသွားတာ အခု မင်းနဲ့တွဲနေတယ် သတင်းကြားလို့ ရန်ကုန်ဆင်းပြီး လာခေါ်တာတဲ့ ...

ဘယ်လောက် ရှက်စရာကောင်းလိုက်သလဲ သား ရယ်၊ မေမေ ပန်းမိုမိုကို သမီးရင်းလေးတစ်ယောက်လို ချစ်တာမှန်ပါတယ်၊ အဲဒါကြောင့်လည်း သားနဲ့လက်တွဲဖို့ သဘောတူထားခဲ့တာပေါ့၊ ဒါပေမဲ့ မလွတ်မလပ် အနေ





အထားမျိုးကြီးနဲ့ သားကိုလာပတ်သက်နေတာတော့ မေမေ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ ဒီလိုကိစ္စမျိုးက အကြောင်းမ သင့်ရင် သားကို မယားနိုးမှုနဲ့ ရဲလက်အပ်လို့ ရတယ်ဆို တာလည်း သား သဘောပေါက်ထားရအောင် လာသတိ ပေးတာလို့ အဲဒီလူက မေမေ့ကို ခြိမ်းခြောက်သွားတယ် ...

မေမေကတော့ ရှက်လွန်းလို့ သေချင်တာပဲ သိတယ်၊ သားရယ် ... မလုပ်သင့် မလုပ်ကောင်းတာတွေ လျှောက် မလုပ်ပါနဲ့၊ မေမေ တောင်းပန်ပါတယ်"

မေမေ့ရဲ့ ဗလုံးဗထွေး ရေရွတ်သံက ကျွန်တော် ခံတစ်ခုလုံးကို တရိရိနဲ့ ဖြိုဖျက်တိုက်စားသွားပါတယ်။ ကျွန်တော် ဆောင်းတင်းကြိတ်ပြီး လက်သီးဆုပ်လိုက်မိတယ်။ "မတရားသက် ဆက် အနိုင်ကျင့်ခံရခြင်း"ဆိုတဲ့ အသိတရားက ကျွန်တော့်အမြင် အာရုံတွေကို မှောင်မိုက် ဝေဝါးသွားစေခဲ့ပါတော့တယ်။

"မမေ ... ခုချိန်မှာ မေမေ သားကို ထင်ချင်သလို ထင်နိုင် ပါတယ်၊ ဒါပေမဲ့ တစ်ခုလောက်တော့ ယုံကြည်လက်ခံ ပေးပါ၊ မေမေ့သားဟာ ဘယ်တော့မှ သူတစ်ပါးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းကြံ တိုက်ခိုက်ချင်တဲ့ စိတ်ဓာတ်မျိုး မပိုင်ဆိုင်ထားပါဘူးလို့ ...

ကျွန်တော် အခြေအနေပေးတဲ့ တစ်နေ့ကျရင်တော့ မေမေ နားလည်အောင် လုံးစေ့ပတ်စေ့ ရှင်းပြနိုင်အောင် ကြိုးစားပါ့မယ် မေမေ"

ကျွန်တော့်ရဲ့ ခိုင်မာပြတ်သားတဲ့ အပြောကြောင့် မေမေက ရုတ်တရက် အငိုရပ်ပြီး ကျွန်တော့်မျက်နှာကို အချိန် တော်တော်ကြာ ငေးမောကြည့်နေခဲ့ပါတယ်။

"ဒီနေ့ လာသွားတဲ့လူက ဦးစိုင်းခမ်း မဟုတ်လား မေမေ"

ကျွန်တော့်ကို ယောင်နနနဲ့ ခေါင်းညိတ်ပြလာတဲ့ မေမေ့ကိုကြည့်ပြီး ကျွန်တော် လှစ်ခနဲ မဲ့ပြုံးတစ်ချက်ပြုံးလိုက်မိ တယ်။ တကူးတက စုံစမ်းစရာ မလိုအောင် ဒီလူပဲဖြစ်မယ်ဆိုတာ ကျွန်တော် တပ်အပ်သိနေခဲ့ပါတယ်။

"သူက သားကို စာတစ်စောင်လည်း ပေးသွားတယ်"

စားပွဲပေါ်အဆင်သင့်တင်ထားတဲ့ စာအိတ်ဖြူလေးကို မေမေက ကျွန်တော့်လက်ထဲ ထည့်ပေးရင်း ကျောခိုင်းထွက်သွား





ပါတယ်။ ကျွန်တော်သွက်လက်မြန်ဆန်စွာပဲ စာကိုဖောက်ဖတ်လိုက် တယ်။ စာကတိုတိုတုတ်တုတ်နဲ့ လိုတိုရှင်းပဲ ရေးဖွဲ့ထားပါတယ်။

"လင်းသုခ ...

ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ၊ ဒီနေ့ မင်းကို ငါ အချိန်ပေးထားတဲ့ တစ်ပတ်ပြည့်ပြီ၊ မင်း ကတိမတည် တဲ့အတွက် ငါ့ဘက်က လုပ်စရာရှိတာ လုပ်ရမှာပေါ့၊ ချစ်သူကို ခွဲခွာခါနီး အလွမ်းပြေ လာနှုတ်ဆက်လိုက်ပါဦး"

စာကိုင်ထားတဲ့လက်တွေ တဆတ်ဆတ် တုန်ယင် လာတဲ့အချိန်မှာ ကျွန်တော့်ကိုယ်ကျွန်တော် လဲပြိုမသွားအောင် အနိုင်နိုင် ထိန်းလိုက်ရတယ်။ အရှိန်အဟုန်ပြင်းစွာ ထိုးတက်လာ တဲ့ ပန်းအတွက် စိုးရိမ်ပူပန်မှုတွေက ကျွန်တော့်တစ်ကိုယ်လုံးကို ရစ်ပတ်ဝါးမျိုသွားခဲ့ပါတယ်။

ဦးစိုင်းခမ်းရဲ့စာအဓိပ္ပာယ်ကို ကြည့်ခြင်းအားဖြင့် ကျွန်တော် တစ်ကွက် ခံလိုက်ရပြီဆိုတာ တုန်လှုပ်ချောက်ချားစွာ သိလိုက်ရတော့တယ်။ ပန်းနေတဲ့ နေရာကိုများ သူတို့ တိတိကျကျ ခင်းလို့ ရသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ချာချာလည်နေတဲ့ အတွေးပေါင်းစုံနဲ့ အာရုံတစ်ခုလုံး ရှုပ်ထွေးနောက်ကျိနေခဲ့ချိန်မှာ ကျွန်တော် ဦးစိုင်းခမ်းရဲ့စာအိတ်ပေါ်က စာလုံးမည်းကြီးနဲ့ ခပ်ကြီးကြီး ရေးထားတဲ့ ဟန်းဒ်ဖုန်းနံပါတ်တစ်ခုကို အမှတ်မထင် တွေ့ရှိလိုက်ရပါတယ်။

သေချာတယ်။ ဦးစိုင်းခမ်း ဖုန်းနံပါတ်ပဲ ဖြစ်ရမယ်။

'ကျွန်တော်' ချက်ချင်း နံပါတ်တွေကို အလောသုံးဆယ်နှိပ်ရင်း ဖုန်းခေါ်လိုက်ပါတယ်။ ဒါပေမဲ့ အသံတစ်သံက ကျွန်တော့်ဆန္ဒတွေကို လက်မှိုင်ကျသွားစေခဲ့တယ်။ "ဆက်သွယ်မှုဧရိယာပြင်ပ ရောက်ရှိနေပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါ"တဲ့။

ကျွန်တော် တွန့်ဆုတ်တွေဝေမနေတော့ဘဲ ကပျာကယာ ကားစက်နှိုးပြီး အရှိန်မြင့် မောင်းထွက်လာခဲ့ပါတော့တယ်။

ကျွန်တော် ဦးတည်နေတဲ့အရပ်က လှည်းတန်းကပန်းရဲ့အဆောင်ရှိရာဆီ။ ကံကောင်း ထောက်မစွာ ပန်း သောအန္တရာယ် ကင်းကင်းနဲ့ ဆက်ရှိနေနိုင်ပါစေ။

❣ ✦ ❣





"အဆောင်ရှင် အဒေါ်ကြီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ရင်း ဝေခွဲမရ ဇဝေဇဝါ ဖြစ်နေပုံနဲ့ တစ်ခုခုပြောဖို့ ဟန်ပြင်လိုက်ပါတယ်။

"အန်တီ ... ကျွန်တော် ပန်းမိုမိုနဲ့ တွေ့ချင်လို့ပါ၊ လင်းသိုခလို့ ပြောပေးပါ"

ခုနကပဲ ပြန်သွားပြီး အခု နောက်တစ်ကျော့ ပြန်ရောက်လာတဲ့ ကျွန်တော့်ကို အန်တီကြီးက ခပ်တည်တည် မျက်နှာင်ကုတ်ကြည့်ရင်း ...

"အဲဒီ ပန်းမိုမို ဆိုတဲ့ ကလေးမလေးကလည်း တော်တော်ဇယားရှုပ်တာပဲကွယ့်၊ အခုနလေးတင်ပဲ သူ့ကို လူတစ်ယောက်လာခေါ်သွားကြတယ်၊ ဒီအဆောင်ကို စရောက်လာကတည်းက

www.burmeseclassic.com



အန်တီတို့က သူ့နောက်ကြောင်း ရာဇဝင်ကို အသေးစိတ် မမေးမြန်း မစုံစမ်းဘဲ သာမန်ကျူရှင်ဆရာမလေးအဖြစ်နဲ့ပဲ လက်ခံခဲ့တာ၊ ခုမှ သူ့အရှုပ်ထုပ်တွေက ဘူးပေါ်သလို ပေါ်လာတာပဲကွယ် ...

အန်တီလည်း သူတို့အတွင်းရေး တိတိကျကျ မသိတော့ တားရခက်တာနဲ့ပဲ လက်ပိုက်ကြည့်နေခဲ့ရတယ်၊ အဲဒီလူစုထဲမှာ သူ့မိဘတွေနဲ့ သူ့ယောကျ်ားဆိုတဲ့လူလည်း ပါတယ်၊ မထင်ရဘူးကွယ် ...

ကောင်မလေးက ရိုးပုံရိုးလက်ကလေးနဲ့ လက်ေ သတ်တော့ နောက်ကြောင်းမရှင်းတဲ့ အတန်းအစားမျိုး ထဲကပဲ”

အန်တီကြီးရဲ့စကားတွေက ကျွန်တော့်နားထဲ မဝင် တစ်ချက်၊ ဝင်တစ်ချက်။ ကျွန်တော် နေရာမှာတင် ကြက်သေ သေနေခဲ့ရပါတယ်။ သွားပြီ။ ကျွန်တော်တို့နှစ်ယောက်လုံးကို ဆိုးရွားရက်စက်တဲ့ ကံကြမ္မာက လှည့်စားအနိုင်ပိုင်းသွားခဲ့ပြီ၊ ကျွန်တော် နားကျင်ပြင်းပြစွာနဲ့ အံတင်းတင်း ကြိတ်လိုက်မိတယ်၊



ကျွန်တော် ဦးစိုင်းခမ်းရဲ့ဖုန်းကို ဒုတိယအကြိမ် ဆက်ခေါ်ကြည့်တော့ လွယ်လွယ်ကူကူနဲ့ပဲ ဝင်သွားခဲ့ပါတယ်။ အင်္ဂလိပ်ဆန်ဖွယ်ရာ အသံသြသြကြီးက ဖုန်းထဲကနေ ရုတ်တရက် ထွက်လာတယ်။

“ဟယ်လို”

“ဦးစိုင်းခမ်း ... ခင်ဗျား ပန်းကို ဘယ်ခေါ်သွားတာလဲ၊ ကျုပ် သိချင်တယ်”

တစ်ဖက်က ရုတ်တရက် အသံတိတ်သွားပြီး ခပ် သဲ့သဲ့ ရယ်သံနဲ့အတူ ...

“အေး ... လင်းသုခ၊ မင်း ငါ့စာ ဖတ်ပြီးလောက်ရောပေါ့၊ မင်းအမေကိုတော့ မတတ်သာလို့ လိမ်ခဲ့ရတာ တောင်းပန်တယ်ကွာ၊ မင်း ပန်းနဲ့တွေ့ချင်ရင် ငါ လိပ်စာပြောမယ်၊ သေချာလိုက်မှတ်ထား၊ အခု အဲဒီကို လိုက်လာရင် မီလိမ့်မယ်၊ ငါက လေယာဉ်လက်မှတ် ကြိုဝယ်ပြီးသားဆိုတော့ မင်း နောက်ကောက်ကျမှာ စိုးရိမ်လို့ပါကွာ”

ဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ကျွန်တော် တံတွေးတစ်ချက် မျိုချလိုက်တယ်။ ဘာပဲဖြစ်ဖြစ် ဒီပွဲမှာ ကျွန်တော် လုံးဝရှုံးနိမ့်သွားတာ ကျိန်းသေပါပြီ။

"ကောင်းပြီ ဦးစိုင်းခမ်း၊ ကျုပ် ခင်ဗျားဆီ မရောက်ရောက်အောင် လာခဲ့မယ်"

"အိုကေ ... လင်းသုခ၊ ငါ စောင့်နေပေးမှာပါ၊ ပန်းမိုး ကလည်း မင်းကို နောက်ဆုံးအကြိမ်အဖြစ် အလွမ်းသယ်ရင်း နှုတ်ဆက်ချင်နေမယ်ဆိုတာ ငါ ကိုယ်ချင်းစာပေးလို့ ရပါတယ်"

ကျွန်တော် တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ရင်း ဖုန်းကို ဒေါသတကြီး ဆောင့်နိပ်ပိတ်ပစ်လိုက်တယ်။ ကျွန် တော့်အာရုံ တစ်ခုလုံးမှာ ဒေါသတရားတွေနဲ့ပဲ ပြည့်နှက်စိုးမိုးနေခဲ့ပါတယ်။

ဦးစိုင်းခမ်း ရေးရွတ်ပြတဲ့ လိပ်စာအတိုင်း တရကြမ်း မောင်းနှင်လာခဲ့ပြီး အင်းလျားလမ်းထဲက ခြံတစ်ခြံရှေ့ အရောက် မှာ ကားကို တုံ့ခနဲ ရပ်လိုက်ရင်း ခြံတွင်းကို ဇွတ်ဝိုက်အကဲခတ်





မိတော့ ဦးစိုင်းခမ်းရဲ့ကား ရပ်ထားတာ အဆင်သင့် တွေ့လိုက်ရ ပါတယ်။

ကျွန်တော် တွေဝေစဉ်းစားမနေတော့ဘဲ ခြေလှမ်း ကျဲကြီးတွေနဲ့ အိမ်ကြီးရှိရာဆီ တန်းတန်းမတ်မတ် လျှောက်လှမ်း သွားခဲ့တယ်။

အိမ်ထဲမှာ မြင်လိုက်ရတဲ့ မြင်ကွင်းက ကျွန်တော့် ရင်တစ်ခုလုံးကို ဟင်းလင်းပွင့် ကွဲကြေသွားစေခဲ့ပါတယ်။ ဆိုဖာ ကုလားထိုင်ကြီးထက်မှာ ဦးစိုင်းခမ်းက စီးကရက်မီးညှိ ရှိုက်ဖွာရင်း ခြေထောက်ချိတ်ကာ ဟန်ပါပါထိုင်နေခဲ့ပြီး သူ့ရှေ့ကြမ်းပြင်ပေါ် မှာတော့ ပန်းနဲ့ ပန်းမိဘတွေ ဖြစ်ဟန်တူတဲ့ အသက်ငါးဆယ် ကျော် အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်ကိုလည်း မြှင်ဖွဲ့ထိုင် နေတာ တွေ့လိုက်ရပါတယ်။

ကျွန်တော် ပန်းအဖြစ်ကိုကြည့်ပြီး ရင်ထဲ နင့်ခနဲ ခံစားလိုက်ရတယ်။ ပန်း ပခုံးလေး တစ်ချက်တစ်ချက် မသိမသာ တုန်ခါသွားတာကို ကြည့်ခြင်းအားဖြင့် ပန်း ရှိုက်ကြီးတငင် ငိုနေမှာပဲဆိုတာ အလိုလို သိရှိလိုက်ပါတယ်။

www.burmeseclassic.com



ဦးစိုင်းခမ်းက ကျွန်တော့်ကိုမြင်တော့ မုန်းစရာအကောင်းဆုံး လှောင်ပြုံးတစ်ချက်နဲ့ တုံ့ပြန်စိုက်ကြည့်ရင်း ...

"ဟား ... အချစ်ဝတ္ထုတွေကို ထိမိပြောင်မြောက်အောင် အသက်သွင်း ပုံဖော်နိုင်တဲ့ အချစ်စာရေးဆရာကြီး ဆိုက်ဆိုက်မြိုက်မြိုက်ကို ရောက်လာပြီကိုး။ ချီးကျူးတယ်ကွာ။ အချစ်အတွက် အရာရာကို စတေးပစ်နိုင်တဲ့ အစွမ်းသတ္တိတွေ ပိုင်ဆိုင်ထားတာ အင်မတန် ဂုဏ်ယူမဆုံး ဖြစ်ရပါတယ်၊ ဒါပေမဲ့ အချစ်နဲ့အလွမ်းဆိုတာ ခွဲမရတဲ့ ဖွားဖက်တော်တွေ ဆိုတော့ ...

ကဲ ... နောက်ဆုံးအကြိမ်အဖြစ် အားရပါးရ ရင်ဖွင့်ပြီး အလွမ်းသယ်ကြဦးပေါ့၊ စာတ်သိမ်းခန်းလေးတစ်ခန်းတော့ ရင်နာနာနဲ့ စောင့်ကြည့်ရဦးမယ်"

ကျွန်တော် ဦးစိုင်းခမ်းရဲ့ သရော်တော်တော်စကားတွေကို အရေးမစိုက်၊ ဥပေက္ခာပြုပြီး ခေါင်းလေးငုံ့ကာ တသိမ့်သိမ့်ရှိုက်ငိုနေတဲ့ ပန်းအနားကို မချင့်မရဲ တိုးကပ်သွားမိပါတယ်။ ပန်းက ကျွန်တော့်ကို အားကိုးတကြီး ရင်ဖွင့်ချင်တဲ့ မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့ ဖျတ်ခနဲ မော့ကြည့်ပြီး ခပ်တိုးတိုး ဆိုလာတယ်။



"ကို ... ပန်းတို့အိပ်မက်တွေ အားလုံး သဲထဲရေသွန် ဖြစ်ကုန်ပြီနော်၊ ကို့ဘေးနားမှာ အရိပ်တစ်ရိပ်လို ကပ်ငြိတွယ်ရင်း နားလည်မှု ချစ်ခြင်းတွေနဲ့ လှလှပပ တည်ဆောက်ချင်တဲ့ ကမ္ဘာလေးတစ်ခုကို ပန်းတို့ ဘယ်တော့မှ တည်ဆောက်ခွင့် ရတော့မှာ မဟုတ်ဘူး"

ကျွန်တော် ပန်းလက်ဖဝါးလေး တစ်ဖက်ကို တယုယ ထွေးပွေ့ဆုပ်ကိုင်ရင်း ရင်မှာအပ်ထားလိုက်မိပါတယ်။ လှမ်းလှမ်းက လှောင်ပြုံး‚ပြုံးရင်း စောင့်ကြည့်အကဲခတ်နေတဲ့ ိုင်းခမ်းကို သိသိသာသာ ဥပေက္ခာပြုရင်း ကျွန်တော်တို့ရင်တွေ ယ်စီဖွင့်ထားမိကြတယ်။

"ပန်း ကျေးဇူးပြုပြီး ကိုယ့်ကို မျက်ရည်တွေနဲ့ မနှိပ်စက်ပါနဲ့ကွာ၊ ကိုယ်တို့အတွက် မျှော်လင့်ချက်တွေ ရှိပါသေးတယ်၊ ကြိုးစားဖို့ အခွင့်အလမ်းတွေ အများကြီး ကျန်ပါသေးတယ်၊ ပန်း ဘာမှ အားမငယ်နဲ့နော်"

ပန်းက မျက်ရည်စတွေ လွင့်ခါသွားတဲ့အထိ ခါးခါးသီး ခေါင်းယမ်းပြပါတယ်။ ပန်း အမူအရာကြောင့် ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ တင်းကျပ်ဆို့နင့်သွားရတယ်။ ကျွန်တော်တို့ လုပ်နိုင်စ... အကြောင်းခြင်းရာတွေ ဘာတစ်ခုမှ မရှိတော့ဘူးလား။ ... တကယ်ပဲ ကျွန်တော့် ဘဝထဲက အပြီးအပိုင် ထွက်သွားတော့... လား။ ကျွန်တော် ဆက်မတွေးချင်တော့ပါ။

ကျွန်တော်တို့နှစ်ယောက် ကြားမှာ ကြောက်စ... ကောင်းတဲ့ တိတ်ဆိတ်ခြောက်ကပ်မှုကြီးတစ်ခု ကြီးစိုးလွှမ်း... သွားခဲ့တယ်။

အဲဒီအချိန်မှာပဲ မမျှော်လင့်တဲ့ ဖြစ်ရပ်ကြီးတစ်ခု... ပန်းအဖေက ဖန်တီးပြုလုပ်ခဲ့ပါတယ်။

သူက ကျွန်တော့်လက်မောင်းတစ်ဖက်ကို ခပ်ကြ... ကြမ်း ဖက်တွယ်ဆုပ်ကိုင်ပြီး ဒူးထောက်ထိုင်ချတဲ့ အနေအထ... မျိုးနဲ့ တောင်းပန်တိုးလျှိုးသလို ဆိုလာခဲ့ခြင်းပါ။

"လူလေး ... အဘတို့မှာ ရွေးစရာလမ်း မရှိတော့လို့ ... လုပ်ရတာပါကွယ်၊ အဘတို့အပေါ် အမျက်မပွားစေချင်... လူလေးနဲ့ သမီးတို့ ချစ်ခြင်းကိုလည်း အဘ မခွဲလိုပါ... ဒါပေမဲ့ ... ဒါပေမဲ့ကွာ ..."



အဘိုးကြီးက ရှေ့ဆက် စကားမဆိုနိုင်လောက်အောင် ...နင့်ကြေကွဲမှုအပြည့်နဲ့ အံတင်းတင်းကြိတ်ပြီး မျက်နှာလွှဲလိုက်တယ်။ ကျွန်တော် ပန်းတို့မိသားစုအပေါ် အဆုံးစွန်အထိ နားလည်နိုင်ပါတယ်။

တကယ်တော့ ရိုးသား အပြစ်ကင်းတဲ့ ခပ်အအ ...သူတောင်သားတွေအပေါ် မညှာမတာ အမြတ်ထုတ်ချင်တဲ့ ...င်းခမ်းကုံသား အခဲမကြေ မုန်းတီးရခြင်းပါ။

ကျွန်တော် တံတွေးတစ်ချက် မျိုချပြီး ပန်းအဖေရဲ့ ...ကို အားပေးနှစ်သိမ့်သလို ထွေးပွေ့ဆုပ်ကိုင်လိုက်ရင်း ...

"ကျွန်တော် နားလည်ပါတယ် အဘ၊ ဘာမှစိတ်မကောင်း မဖြစ်ပါနဲ့၊ စိတ်သဘောထား ဖြူစင်ကောင်းမွန်တဲ့ အဘတို့ မိသားစုကို လောကကြီးက ကောင်းခြင်းတရားတွေကိုပဲ ပြန်လည်ပေးဆပ်မှာပါ။ ကျွန်တော် ပန်းကို မတတ်သာလို့ စွန့်လွှတ်လိုက်ရပေမယ့် ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ စစ်မှန်တဲ့ ချစ်ခြင်းကိုတော့ ဘယ်အရာကမှ ပျက်စီးပြိုကွဲအောင် မလုပ်နိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အင်အားချိနဲ့စွာ မတ်တတ်ရပ်လိုက်ရ... ပန်းကို နောက်ဆုံးအနေနဲ့ ငေးမောကြည့်လိုက်မိတယ်။ ထူးဆ... တဲ့ အနေအထား တစ်ခုနဲ့ ကြုံတွေ့ပတ်သက်ခွင့်ရခဲ့တဲ့ ချစ်သူ... မျိုးသိပ် မေ့ဖျောက်ပစ်နိုင်ဖို့ ကျွန်တော် အချိန်ယူပြီး လေ့ကျင့်... ဦးမယ် ထင်တယ်။

ပန်းရေ့ကနေ ဖြည်းညင်းလေးလံတဲ့ ခြေလှမ်း... နဲ့ လှမ်းထွက်လာတဲ့ ကျွန်တော့်ရင်ထဲကို တစ်စတစ်စ ချဉ်း... ဝင်ရောက်လာတဲ့ အရာတစ်ခုကို ကျွန်တော် လက်သင့်မခံချင်... ခံလိုက်ရတယ်။

ကြောက်ရွံ့မှု ...။

ဟုတ်တယ်။ ကျွန်တော့်နှလုံးသားက အချစ်ဆို... ကို ကြောက်ရွံ့တုန်လှုပ်စွာ ခါးခါးသီးသီး ငြင်းဆန်ခဲ့ပြီ ဖြ... တယ်။

ချစ်ရသလောက် တန်ပြန်ညီညွတ်တဲ့ ခါးသီးနာကျ... ခြင်းဒဏ်ကို ကျွန်တော် ဆက်လက် ခံယူနိုင်စွမ်း မရှိတော့... အမှန်ပါ။



ကျွန်တော့် ရင်ခွင်ရပ်ဝန်းထဲမှာ ဒုတိယအကြိမ်မြောက် ရစ်ဝဲပျံသန်းနေခဲ့တဲ့ "နားလည်မှု"ဆိုတဲ့ ခပ်ပြင်းပြင်း တောင်ပံတစ်စုံက ဒီလို ကာမောက်ကမ ဖြစ်ရပ်ဆန်းဆန်းတွေနဲ့ ကျွန်တော့်ကို နှုတ်ဆက်ကျောခိုင်းသွားခဲ့ပါတော့တယ်။

❦ ✦ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် လမင်းဆီကရတဲ့ ချစ်ခြင်းတရားကို ဂုဏ်ထံတိုင်

ပြီးမှားခြင်းက အနိုင်ယူခဲ့သလို ...

ပန်းဆီက ရရှိခဲ့တဲ့ နားလည်မှုချစ်ခြင်းတွေကိုလည်း ဒုတိယဘုရား

သားဖြစ်တဲ့ ငွေက ရက်စက်စွာ အနိုင်ယူသွားခဲ့တယ်။

ကျွန်တော့် တောင်ပံနှစ်စုံကိုလည်း အဲဒီအရာတွေကပဲ ရိုးရိုးဖျက်ဆီး

ပစ်ခဲ့ပါတယ်။

ကျွန်တော် တောင်ပံမဲ့ဘဝနဲ့ ပျံသန်းနိုင်စွမ်းမရှိဖြစ်နေခဲ့ရိန်မှာပဲ...

❣ ✦ ❣





## "မေတ္တာတရား" ဆိုတဲ့ တောင်ပံတစ်စုံနဲ့ ကျွန်တော်

ကျွန်တော့်ရဲ့ ဒုတိယအကြိမ်မြောက် အသည်းကွဲခြင်းက တော်တော်လေးကို ပြင်းပြင်းထန်ထန် ဆိုးဝါးလွန်းခဲ့ပါတယ်။ နေ့ရှိသရွေ့ အရက်ကိုပဲ အဖော်ပြု ဖက်တွယ်လာရင်း များညည့် ယောကျ်ားတွေရဲ့ စိတ်ဖြေသိမ့်နည်း လမ်းစဉ်အတိုင်းပဲ မီးမျှောလွှင့်ပါသွားခဲ့ရတယ်။

ပန်းနဲ့ဝေးကွာပြီး နောက်ပိုင်းမှာ ကျွန်တော့်ရဲ့ အတွက်ကျဲလာတဲ့ စာအုပ်တွေကို ဝရိသတ်ဆီက ထူးဆန်းတဲ့ ဆဖန်ချက်တချို့ လက်ဆောင်ပေးခြင်း ခံရပါတယ်။

www.burmeseclassic.com



အဲဒါကတော့ ...

"စာရေးဆရာ လင်းသုခ တစ်ယောက် ဒုတိယ မြောက်အချစ်နဲ့ မျက်ကွယ်ပြုပြီးကတည်းက ကွာလတီမကောင်းတဲ့ စာတွေကိုပဲ စာမျက်နှာပေါ် တင်နေတော့တာပဲ"တဲ့။

တကယ်ပဲ သူတို့ပြောသလို ဖြစ်နေပြီလား ဆိုပြီး ကျွန်တော့်စာတွေကို ဂရုတစိုက် လေ့လာဆန်းစစ်ကြည့်တော့ တကယ်ပဲ လိုအပ်ချက်တွေနဲ့ ပြည့်နှက်နေတာ တွေ့ရပါတယ်။ ကျွန်တော့်ရဲ့စာတွေက အရင်ကလို လေးနက်ခိုင်မာမှုမရှိ၊ သွက်လက်ဖျူးကြွမှုမရှိဘဲ အမြဲလိုလို မှိုင်းညို့မှောင်တော့ရိပ်တွေ ဆင်နေခဲ့တာ ပရိသတ် စိတ်ဝင်စားမှုကို အင်အားလျော့နည်းစေကြောင်း သတိပြုမိခဲ့ပါတယ်။

အဲဒီမှာ ကျွန်တော် ခိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်မိတယ်။ ကျွန်တော့် ရင်ခုန်သံတွေကို အသစ် မလဲလှယ်နိုင်သရွေ့ ကျွန်တော် စာရေးခြင်းတာဝန်တစ်ရပ်ဆီက နုတ်ထွက်ကျော်ခိုင်းတော့မယ်လို့။





မေမေကတော့ တစ်နေ့တခြား ညှိုးသိုးသိုး၊ ညစ်နွမ်း အရက်သမားပုံစံ ပေါက်မှန်းမသိ ပေါက်လာတဲ့ ကျွန်တော့်ကို စိတ်မသက်မသာ ကြည့်ရင်း တီးတိုးရေရွတ်လာပါတယ်။

"သားရယ် ... အရက်သောက်တာလည်း သောက်ပေါ့။ ဘာလို့မရမှန်းလည်း မေမေ သိပါတယ်၊ ဒါပေမဲ့ အလွန်အကျွံ ဖြစ်လာရင် မကောင်းဘူး၊ မေမေက ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်ဖို့ သတိပေးချင်တာပါ"

မေမေ့စေတနာတွေကို နားလည်ပေမယ့် ကျွန်တော်ဟာ ကျွန်တော့်ရဲ့မူအတိုင်းပဲ မပျက်မကွက် ရှေ့ဆက်ခဲ့ပါတယ်။ တစ်ခါတလေ တစ်နေ့လုံး ထမင်းမစားဘဲ အရက်ချည်းပဲ လိမ့်သောက်ခဲ့တဲ့ နေ့တွေလည်း လက်ချိုးရေတွက်မရနိုင်အောင် များပြားလွန်းခဲ့တယ်။

ဘာမှမသိဘဲ မှုံးမှောက်နေတဲ့ဒဏ်ကို မြတ်မြတ်နိုးနိုးခံစားရင်း ကျွန်တော့်ရဲ့ အဓိပ္ပာယ်မဲ့ နေ့ရက်တွေကို ခါးခါးသီးသီး ဖြတ်သန်းလာခဲ့ချိန်မှာ ဆိုးဝါးတဲ့ ရောဂါတစ်ခုရဲ့ နှိပ်စက်မှုကိုလည်း တစ်နေ့တခြား တိုးမြှင့်ရရှိလာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ အငှားချစ်သူတစ်ယောက်လို မခွဲနိုင်မခွာရက် ဖက်တွယ်ခဲ့တဲ့ အရက်က ကျွန်တော့်ကို လှပတဲ့ရောဂါတစ်မျိုး လက်ဆောင်ပြန်ပေးခဲ့တယ်။

တစ်ပြိုင်နက်တည်းမှာပဲ ထူးဆန်းအံ့ဩဖွယ် လှည့်ကွက်တစ်ခုနဲ့ ကံကြမ္မာက ကျွန်တော့်အတွက် ဖြစ်ရပ်ဆန်းတစ်ရပ်ကို ဖန်တီးပြောင်းလဲလာစေခဲ့ပါတယ်။

ကျွန်တော့်ဘဝရဲ့ ဇာတ်ကွက်အချစ်လို့ ခေါ်လွယ်လွယ်ပဲ ခေါင်းစဉ်တပ်လိုက်ကြပါစို့။

* * *





ဘီယာဘားထဲမှာ အေးအေးလူလူထိုင်ရင်း ကိုယ့်အတွေးနဲ့ကိုယ် ခရီးနှင်နေမိတဲ့ ကျွန်တော့်အာရုံကို တစ်စုံတစ်ရာက နှောင့်ယှက်ဖျက်ဆီးပစ်လိုက်တယ်။

ဖုန်းသံ ...။ ကျွန်တော့်အင်္ကျီအိတ်ထဲက ဖုန်းကို စိတ်မပါ လက်မပါ ထုတ်ယူရင်း နှိပ်ဖွင့်လိုက်တယ်။ သေချာတာကတော့ ဒီဖုန်းနံပါတ်ဟာ ကျွန်တော်နဲ့ ဘယ်တုန်းကမှ အကျွမ်းတဝင် မရှိခဲ့ဖူးတဲ့ နံပါတ်ပါ။

"ဟယ်လို ... လင်းသုခပါ"

တစ်ဖက်က ဘာသံမှ မကြားရဘဲ အသက်ရှူသံပြင်းပြင်းသာ ထွက်ပေါ်နေခဲ့ပါတယ်။ ကျွန်တော့်စိတ်ထဲ မတင်မကျ ဖြစ်သွားရတယ်။ ဘယ်ဖုန်းသရဲမျိုး လက်ဆော့တာပါလိမ့်။

www.burmeseclassic.com



"ဟယ်လို ... ဟယ်လို"

နှစ်ချက် ထပ်ဆင့်ခေါ်လိုက်တော့မှ ထူးထူးခြားခြား အသံတစ်သံ ထွက်ပေါ်လာပါတယ်။

"လင်းသုခ ... တို့ မင်းရဲ့စာဖတ်ပရိသတ်ပါ"

အသံက ခါတ်သက်တစ်မျိုး ပျံ့နှံ့စီးဝင်လို့ ချပ်ဆန်းဆန်း ကြဲရှရှ အသံမျိုးပါ။

ကျွန်တော့်ဘဝမှာ အရိုန်အဝါတစ်မျိုးလွှမ်းတဲ့ ဒီလို မိန်းမသံမျိုး တစ်ခါမှ မကြားဖူးခဲ့။

ကျွန်တော့်ရင်ထဲ အနည်းငယ် အံ့အားသင့်သွားရပြီး တဒင်္ဂ နှုတ်ဆိတ်သွားမိပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ပိုင်စိုးပိုင်နင်းအသံပိုင်ရှင်ကို စိတ်ဝင်စားသွားမိတယ်။

"လင်းသုခ ... ကိုယ့်ရဲ့အမာခံပရိသတ် တစ်ယောက်ကို ဘယ်လိုတုံ့ပြန်စကားမျိုး အပ်နှင်းမှာလဲ"

ကျွန်တော် တံတွေးတစ်ချက် မျိုချပစ်လိုက်ရင်း ...

"ကျွန်တော့်ရဲ့ လက်သုံးစကားတစ်ခွန်းနဲ့ပဲပေါ့ ကျေးဇူးတင်ပါတယ်လို့"



တစ်ဖက်က ရယ်သံခပ်သဲ့သဲ့ လွင့်ပျံ့လာတယ်။ သူမ အသံဩဇာ အရှိန်အဝါ ကြီးမားမှုက ကျွန်တော့်တစ်ကိုယ်လုံးကို လွှမ်းမိုးအုပ်စိုးသွားစေခဲ့ပါတယ်။ ဘာကြောင့်မှန်းမသိ။ ဖုန်းထဲက ကြားနေရတဲ့ အသံလေးက ကျွန်တော့်ကို တစ်နည်းတစ်ဖုံ ဆွဲဆောင်နေခဲ့တယ်။

"မင်း ဖုန်းနံပါတ်ကို ဘယ်ကရလဲဆိုတာ မမေးတော့ဘူးလား"

"သိချင်တာတော့ အမှန်ပါပဲ"

"မခက်ပါဘူးကွာ၊ မဂ္ဂဇင်းတိုက်တစ်တိုက်ဆီက အကူအညီတောင်းလိုက်တာပေါ့၊ အဓိက,ကတော့ မင်းကို သတိပေးချင်လို့ပါ"

သူမစကားကြောင့် ကျွန်တော် အံ့အားသင့်သွားရတယ်။ သူမအသံထဲမှာ ကျွန်တော် ထင်မှတ်မထားတဲ့ ရင်းနှီးနှစ်လိုခြင်း အရိပ်အငွေ့တွေ ရောစွက်ပါဝင်နေခဲ့တယ်။ သူမ ဘယ်သူလဲ။ ကျွန်တော့်ကို မင်းနဲ့ ငါ အသုံးအနှုန်းနဲ့ ပြောရဲတဲ့ပုံထောက်ရင်တော့ ကျွန်တော်နဲ့ရွယ်တူ (သို့မဟုတ်) ကျွန်တော့်ထက် ကြီးမယ်လို့ ယူဆလိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်သူလဲ"

"ဖြေမှာပေါ့ ဖြည်းဖြည်းပေါ့၊ ဒါပေမဲ့ မင်းကို မျက်ခြည်မပြတ် စောင့်ကြည့်နေတတ်တဲ့၊ မင်းသတင်းတွေကို အမြဲမပြတ် နားစွင့်နေတဲ့ မိန်းမတစ်ယောက်ဆိုတာတော့ သိထားပေးပါ၊ တို့က မင်း ပထမဆုံး စာပေလောကထဲ စဝင်ကာစ မထင်မရှား မဂ္ဂဇင်းလေးတစ်အုပ်မှာ နှစ်မျက်နှာဝတ္ထုတိုလေး ပါလာတဲ့အချိန်ကစပြီး အခုနောက်ဆုံးထွက်တဲ့ လုံးချင်းစာအုပ်အထိ မလွတ်တမ်း အားပေးဖတ်ရှုခဲ့တဲ့ ပရိသတ်ပါ"

"ဟုတ်ပါပြီ၊ အဲဒီအတွက်လည်း ကျေးဇူးတင်တယ်လို့ ပြောပြီးပြီလေ၊ အခု ကျွန်တော့်ကို သတိပေးချင်တယ်ဆိုတာ ဘာကိုပြောတာလဲ၊ ကျွန်တော် နားမရှင်းဘူး"

"အဓိက ပြောချင်တာကတော့ မင်းရဲ့နောက်ဆုံးဝတ္ထု 'အချစ်ကို မျက်ကွယ်ပြုခြင်း' စာအုပ် ထွက်ပြီးကတည်းက အခုထိ အချိန်သုံးလကျော် ကြာ[illegible]မှာ၊ ဘာဖြစ်လို့ စာရေးရမယ့် အချိန်တွေကို ဘီယာ[illegible]ဆိုင်မှာ အကျိုးမရှိ ဖြုန်းဆုံးနေတာလဲ"





ကျွန်တော် အံ့သြဘနန်းကြီးစွာ ပါးစပ်အဟောင်းသား ပွင့်သွားရပါတော့တယ်။ ဒီမိန်းမကို ဖျားသွားတာတော့ အမှန်ပါ။ ကျွန်တော့်အကြောင်းကိစ္စတွေကို အသေးစိတ် သိရှိနေပုံထောက်ရင် ခေသူတစ်ယောက် မဟုတ်တာတော့ ကျိန်းသေပါတယ်။

သူမ မိတ်ဆက်လာပုံက အများနဲ့မတူအောင် တစ်မူခွဲထွက်နေခဲ့တယ်။ သေချာတာ တစ်ခုကတော့ လမ်းပျောက်နေတဲ့ လူသားတစ်ယောက်ရဲ့ စိတ်ဓာတ်အမှန်ကို တည့်မတ်အောင် ထိန်းကျောင်းလမ်းညွှန်ပေးချင်တဲ့ စေတနာအရင်းခံမျိုး သူမစကားလုံးတွေထဲမှာ ရှာဖွေတွေ့ရှိလိုက်ရသလိုပါပဲ။

"လင်းသုခ ... တို့ပြောတာ နားလည်ရဲ့လား"

"အင် ... ဟင် ... ဘာလဲ"

"ဟော ... တွေ့လား၊ မင်း စိတ်နဲ့ကိုယ် မကပ်ဖြစ်နေတာ ကျိန်းသေပါတယ်၊ မင်းလို အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်ဖို့ အလားအလာ အများကြီးရှိသေးတဲ့ လူတစ်ယောက်က ဘာမဟုတ်တဲ့ အသည်းကွဲခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ 'ဝပ်စင်းခယတော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ခင်ဗျား ဒါတွေကို ဘယ်လိုသိတာလဲ"

သူမက စာနာနားလည်စွာ ရယ်လိုက်ရင်း ...

"မခက်ပါဘူးကွာ၊ မင်းအကြောင်း မထိခလုတ် ထိခလုတ် ရေးသားဖော်ပြထားတဲ့ ဂျာနယ်တွေက အကောင်းဆုံးသက် သေပဲပေါ့၊ ဘယ်လိုလဲ ... တို့ ပြောတာကို မင်းလက်ခံ လား"

"လက်ခံ၊ မခံဆိုတာထက် ခင်ဗျား ဘယ်သူဆိုတာ ကျွန် တော် ပိုပြီး စိတ်ဝင်စားတယ်"

"သိတော့ မင်းက ဘာလုပ်မလို့လဲ"

"ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော် ခုချိန်မှာ တင် ယောက်ယောက်ဆီ ရင်ဖွင့်ချင်နေမိတာ ခင်ဗျားကို ဝန်ခံ ချင်ပါတယ်၊ အရက်သောက်တာ မကောင်းဘူး ဆိုတာ လည်း ကျွန်တော် သဘောပေါက်ပါတယ်၊ ခင်ဗျားစကား တွေကို နားထောင်ရတာ ကျွန်တော့်အတွက် ခွန်အားတွေ ရတတ်ရက် ရရှိလိုက်ရသလိုပဲ၊ ဖြစ်နိုင်ရင် ကျွန်တော် ခင်ဗျားနဲ့ လူချင်းတွေ့ချင်တယ်၊ နောက်တစ်ခုက ကျွန်တော်





နှလုံးသွေးနဲ့ရေးခဲ့တဲ့ ခံစားချက် စာမျက်နှာတွေကို မပျက် မကွက် ဖတ်ရှုအားပေးလာခဲ့တဲ့ ပရိသတ်တစ်ယောက်နဲ့ ကျွန်တော် နွေးထွေးစွာ ဆုံစည်းခွင့် ရချင်ပါတယ်"

တစ်ဖက်က တဒင်္ဂအာရုံတိတ်သွားပြီး ...

"မင်းက အရင်က မာနအရှိန်ကြီးခဲ့တယ်နော်"

"ဝန်ခံပါတယ်၊ ခုတော့ မာနတွေအစား သင်ခန်းစာတွေ ပဲ အမြောက်အမြား လက်ခံရရှိခဲ့ပြီ၊ ဘဝရဲ့သင်ခန်းစာ တွေပေါ့"

"အချစ်က လူတစ်ယောက်ရဲ့ဘဝကို အကြီးအကျယ်ပြောင်း လဲသွားစေနိုင်မှန်း တို့ အရင်က လုံးဝခါးခါးသီးသီးကန့် ကွက်ခဲ့ဖူးတယ်"

သူမလည်း နှလုံးသားဒဏ်ရာဒဏ်ချက်တွေနဲ့ ရှင် သန်နေသူတစ်ယောက်ပဲဆိုတာ ကျွန်တော် ခန့်မှန်းသိရှိလိုက်တယ်။

"အခုကော"

"အခုတော့ အရာရာကို နားလည်နိုင်စွမ်း ရှိသွားပြီ။ ခံနိုင် ရည်ရှိအောင်လည်း ကိုယ့်ကိုယ်ကိုယ် ကြိုးစားထိန်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တို့အဖြစ်က မင်းနဲ့ခပ်ဆင်ဆင်တူနေလို့ ဘဝ[illegible]
ချင်း အားပေးနှစ်သိမ့်ချင်လို့ ခုလို ဖုန်းဆက်ရတာ[illegible]
နောက်တစ်ချက်က မင်းဟာ တို့ အမြဲမပြတ် အား[illegible]
လာခဲ့တဲ့ စာရေးဆရာတစ်ယောက်ဆိုတော့ အသစ်ထွ[illegible]
တိုင်း အားပေးနေခဲ့ရာက အခု ရုတ်တရက်ကြီး စာ[illegible]
တာကို အချိန်အတော်ကြာ တန့်ထားတဲ့မင်းကို သတိ[illegible]
တိုက်တွန်းချင်တဲ့ ဆန္ဒနဲ့ပါ"

"ကျွန်တော် စာထပ်ရေးဖို့ အစီအစဉ်တော့ ရှိပါတ[illegible]
အခု ခဏရပ်ထားတာပါ"

"ကောင်းပြီလေ၊ တို့နှစ်ယောက် ဆုံကြတာပေါ့။ မ[illegible]
ဖြန် ဆယ်နာရီ အင်းလျားလမ်းက Lonely ဆိုတဲ့ ကော်[illegible]
ဆိုင်ကို လာခဲ့ပါ၊ တို့ စောင့်နေမယ်"

ဒီဆိုင်ကို တစ်ခါက စာနယ်ဇင်းရှင်းလင်းပွဲတ[illegible]
ပြုလုပ်ကျင်းပရင်း ကျွန်တော် ရောက်ဖူးခဲ့ပါတယ်။ ဆိုင်နာမည်[illegible]
ကိုယ့်အဖြစ်နဲ့ အဓိပ္ပာယ်ခပ်ဆင်ဆင် တူနေတာမို့ ကျွန်[illegible]
မသိမသာ ပြုံးလိုက်မိတယ်။





"ဟုတ်ကဲ့ ... ကျွန်တော် လာခဲ့ပါ့မယ်"

ဖုန်းချပြီး ကျွန်တော့်ခေါင်းထဲ တွေးစရာတပုံတပင်ဝ ဝိရရိ ထွက်ပေါ်လာခဲ့တယ်။ ကျွန်တော့်ကို သတိပေး ညွှန်ကြားလိုတဲ့ အမျိုးသမီးဟာ ဘယ်လိုပုံပန်းသဏ္ဌာန်မျိုး ပိုင်ဆိုင်ထားမလဲဆိုတာ ကြိုတွေးရင်း ဘာမှန်းမသိတဲ့ ခံစားချက်ကြီးတစ်ခုရင်ထဲတိုးဝှေ့ နေရာယူလာခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ် နောက်ဆုံး လက်ကျန်တစ်ခွက်ကိုတော့ ကျွန်တော် တစ်ရှိန်ထိုး မော့ချပစ်လိုက်တယ်။ လောကကြီးရေ ... ခဏလောက်တော့ မူးမိုက်ခွင့်ပေးပါဦး။ ကျွန်တော် အရာအားလုံးကို ခဏမေ့ထားချင်လို့ပါ။

❣ ◆ ❣



www.burmeseclassic.com

www.burmeseclassic.com



အေးမြည့်သက်နေတဲ့ ဆိုင်အတွင်း ဝင်လိုက်တာနဲ့ ခပ်တိုးတိုး ပျံ့လွင့်နေတဲ့ အင်္ဂလိပ်တေးသွားတချို့က ကျွန်တော့် စိတ်အာရုံတွေကို လန်းဆန်းကြည်လင်သွားစေပါတယ်။ ဆိုင်ထဲမှာ customer များများစားစား သိပ်မရှိလှတဲ့ နှစ်ဝိုင်း သုံးဝိုင်းလောက်ပဲ လူရှိနေပြီး ဝိုင်းတော်တော်များများ လွတ်နေခဲ့ပါတယ်။

ကျွန်တော် ဆိုင်ထဲက လူတွေကို တစ်ချက် ဝေ့ဝိုက် အကဲခတ်လိုက်တယ်။ ကျွန်တော် မျှော်လင့်ထားတဲ့ ပုံစံမျိုးနဲ့ အမျိုးသမီးကို မတွေ့ရပါ။ "နောက်ကျတာဖြစ်မှာပါ"လို့တွေး လိုက်ရင်း လက်ကနာရီကို အမှတ်တမဲ့ ငုံ့ကြည့်မိတော့ ဆယ်နာရီ ထိုးပြီး ငါးမိနစ်။



ဝိတ်တာလေးကို Ice coffee တစ်ခွက်မှာပြီး ကျွန်တော် စိတ်ရှည်လက်ရှည် ဆက်စောင့်နေလိုက်တယ်။

"မင်္ဂလာပါ လင်းသုခ"

နောက်နားဆီက ရုတ်တရက် ကပ်ပြီးလွင့်ပျံ့လာတဲ့ အသံသြရှရှကြောင့် ကျွန်တော် လန့်ဖျပ်တုန်တက်သွားပြီး ဖျတ်ခနဲ လှည့်ကြည့်လိုက်မိပါတယ်။

ကျွန်တော့်ရင်တွေ မသိမသာ လှုပ်ခတ်သွားတာ ကိုယ့်ကိုယ်ကိုယ် သတိပြုလိုက်မိတယ်။ ကျောလယ်သာသာ ဆံပင်ဖြောင့်စင်းစင်းတွေကို နဖူးအပြောင်သိမ်း စည်းနှောင်ထားတာကြောင့် ရှင်းလင်းပေါ်လွင်နေတဲ့ မျက်နှာဖူးဖူးက တည်ငြိမ်ခိုင်ကျက်မှုအပြည့်နဲ့ ဣန္ဒြေရရ လှပနေခဲ့ပါတယ်။ ခန္ဓာကိုယ်အချိုးအစားက မပိန်လွန်း၊ မဝလွန်းပဲ အနေတော် ကြည့်ကောင်းတာက အညိုရင့်ရင့် ယောဝမ်းဆက်နဲ့ လိုက်ဖက်တင့်တယ်စွာ ရှိနေခဲ့တယ်။ ကျွန်တော် ခေးခနဲ တစ်ချက်ဖြစ်သွားတာကိုတော့ ကိုယ့်ကိုယ်ကိုယ် ရိုးသားစွာ ဝန်ခံချင်ပါရဲ့။

www.burmeseclassic.com



အသက်အရွယ်အားဖြင့်တော့ ကျွန်တော့်ထက် ငါးနှ
လောက် ကြီးလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ သူမက ကျွန်တော်
ကို နီဗွေးဗွေး နှုတ်ခမ်းတစ်စုံနဲ့ အေးအေးချမ်းချမ်း ပြုံးပြ
ကျွန်တော့်ရှေ့ကခုံမှာ ဝင်ထိုင်ပါတယ်။

"မင်း ငါးမိနစ် နောက်ကျတယ်နော်"

ကျွန်တော် မျက်လုံးပြူးသွားရတယ်။ တကယ်တ
နောက်ကျ[illegible]က သူမပါ။

"ဗျာ ... ခင်ဗျားက ကြိုရောက်နေတာလား"

သူမက ဖွင့်ဟရယ်မောလိုက်ပါတယ်။ သူမအပြုံး
ကွန်ယက်ထဲမှာ ကျွန်တော် တခဏ စီးမျောငြိတွယ်သွားတယ်။
သိမ်လှတယ် ဆိုတာတော့ ငြင်းလို့မရတာ အမှန်ပါ။

"ဒီဆိုင်က တို့ဆိုင်လေ၊ မင်းကို တို့ ဟိုဘက်ရုံးခန်းထဲ
လှမ်းတွေ့လိုက်တာ၊ အဲဒါကြောင့် ထွက်လာတာ"

ကျွန်တော် ထပ်ဆင့်အံ့သြသွားရပါတယ်။ ဆိုင်
နာမည်ကို ဖျတ်ခနဲ စဉ်းစားလိုက်မိရင်း ကျွန်တော် ပြုံးချင်
ဖြစ်သွားရတယ်။ သူမဟာ ဆိုင်နာမည်ကို အဓိပ္ပာယ်တစ်မျိုး
များ မှည့်တွင်ထားလေသလား။





"တို့နာမည် ဆောင်းမေယွန်းပါ"

သူမနာမည်က အဓိပ္ပာယ်တစ်မျိုးပါဝင်ပြီး ကဗျာ
ဆန်ဆန် လှပနေသလိုပါပဲ။ သူမက ကျွန်တော့် မျက်နှာကို စေ့
စေ့ကြည့်ပြီး ...

"တို့က မင်းထက် ရှစ်နှစ်ကြီးတယ် လင်းသုခ၊ တို့အသက်
သုံးဆယ့်ငါးနှစ်ရှိပြီ"

ခုချိန်ထိ ကျွန်တော်က နားထောင်သမားသက်သက်
ဖြစ်နေခဲ့ပါတယ်။ ဝိတ်တာလေး လာချပေးတဲ့ ကော်ဖီခွက်ကို
သူမက ကျွန်တော့်ဘက် တိုးပေးရင်း ...

"မင်းကို တို့ ချည်ခံတယ်လို့ပဲ သဘောထားပါ၊ ပိုက်ဆံ
ရှင်းစရာ မလိုပါဘူး"

ကျွန်တော့်ကို တကယ့်မိတ်ဆွေရင်း တစ်ယောက်လို
ချဉ်တော်ကျေပွန်နေတဲ့ သူမကို အထူးအဆန်းသဖွယ် ငေးကြည့်
ရင်း ကျွန်တော် တခဏမျှ နှုတ်ဆိတ်နေမိတယ်။

"မင်း စာတွေထပ်ရေးပါလို့ တို့ တိုက်တွန်းပါရစေ။
အရင်တုန်းက ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ရရှိခဲ့တဲ့ သင်ခန်းစာ



www.burmeseclassic.com

www.burmeseclassic.com



တွေထဲက အကျိုးအမြတ်ယူပြီး ဒီထက်ပိုကောင်း၊ ပိုတော်အောင် ကြိုးစားစေချင်တယ်၊ တို့ မင်းကို စေတနာနဲ့အကြံပေးတာပါ"

သူမပုံစံက ကျွန်တော့်အပေါ် မောင်အရင်းတစ်ယောက်လို အားပေး နှစ်သိမ့်ပေးချင်တဲ့ပုံမျိုး အထင်းသားပေါ်လွင်နေခဲ့ပါတယ်။

ကျွန်တော့်စိတ်ထဲမှာလည်း ထူးထူးဆန်းဆန်း ခံစားမိတာ တစ်ခုက သူမကို အချိန်တိုတိုလေးအတွင်းမှာ ရင်းနှီးနေလို့စွာ ခင်မင်သွားခြင်းပဲ ဖြစ်ပါတယ်။ သူမက လူတစ်ဖက်သားအပေါ်မှာ အကောင်းမြင်စိတ် ထားတတ်တဲ့၊ တစ်ဦးတစ်ယောက်ရဲ့စိတ်ခံစားမှုကို အဆိုးအကောင်း မျှဝေခံစားပေးတတ်တဲ့ သိမ်မွေ့နူးညံ့မှုတချို့ကို ပိုင်ဆိုင်ထားသူတစ်ယောက်ပဲလို့ ကျွန်တော့်စိတ်ထဲက အလိုလိုနေရင်း ယုံကြည်လက်ခံသွားခဲ့တယ်။

တဒင်္ဂလေးအတွင်းမှာ အားကိုးရင်ဖွင့်ဖော် မိတ်ဆွေကောင်းတစ်ယောက် ရလိုက်သလို ကျွန်တော် ကြည်နူးပီတိဖြစ်စွာ တွေးလိုက်မိပါတယ်။



"မမက ကျွန်တော့်ရဲ့ အရင်းနှီးဆုံး စာဖတ်ပရိသတ်တစ်ယောက်ဆိုတာ သိရတော့ ဝမ်းသာပါတယ်၊ ခုလို လူချင်းဆုံတွေ့ရတာအတွက်လည်း အတိုင်းထက် အလွန်ပါပဲ"

ရင်တွင်းက လှိုက်လှိုက်လှဲလှဲ ခေါ်မိတဲ့ "မမ"ဆိုတဲ့ နာမ်စားလေးကြောင့် သူမက ကျွန်တော့်ကိုကြည့်ပြီး တစ်ချက် ရယ်လိုက်ရင်း ...

"တို့လည်း ဝမ်းသာပါတယ်၊ မင်းနဲ့တို့က တော်တော်လည်း စိတ်ချင်းတိုက်ဆိုင်တယ် ပြောရမယ်၊ မင်းရေးတဲ့အဖြစ်အပျက်၊ အကြောင်းအရာ တော်တော်များများဟာ တို့နဲ့ အမြဲလိုလို တိုက်ဆိုင်ပတ်သက်နေခဲ့တာချည်းပဲ၊ အဲဒါကြောင့်လည်း မင်းကို စွဲစွဲမြဲမြဲ ပိုအားပေးဖြစ်တယ် ထင်တာပဲ"

ကျွန်တော်က အခုနောက်ပိုင်း ကျွန်တော့်ရဲ့စာတွေကို အလွမ်းနဲ့ပဲ အဆုံးသတ်ခဲ့တာ များတာမို့ Lonely ဆိုင်ပိုင်ရှင် မမဟာ အလွမ်းခေတ်ခံရှိသူတစ်ယောက်လို့ ကျွန်တော်က လိုရာဆွဲပြီး ဆက်စပ်တွေးတောလိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မသိမသာ သတိပြုမိလိုက်တာ တစ်ခုက မမရဲ့ မျက်ဝန်းတွေဟာ တစ်ချက်တစ်ချက်မှာ ကျွန်တော် နားမလည်နိုင်လောက်အောင် ညှိုးရိပ်ဆင်သွားတတ်တာပါပဲ။

မမဆီမှာ ကျွန်တော် မသိနိုင်တဲ့ နောက်ကြောင်းရာဇဝင်တွေ ရှိခဲ့မယ့်ပုံပါ။

"မင်းကို တို့ဆိုင်က အမြဲတမ်း ကြိုဆိုလျက်ပါ။ တို့အားပေးမှုကို အသိအမှတ် ပြုတယ်ဆိုရင် မင်း စာရေးတဲ့အလုပ်ကို တစိုက်မတ်မတ် ပြန်လုပ်ပါ၊ တို့ဆီက အကြံဉာဏ် အကူအညီ လိုတယ်ဆိုရင်လည်း အချိန်မရွေး တောင်းနိုင်ပါတယ်"

တည်ကြည်လေးနက်တဲ့ စကားတွေက ကျွန်တော့် အသိဉာဏ်တွေကို ရှာစ်မှုဟုတ်ချင်း လင်းပွင့်သွားစေခဲ့ပါတယ်။ ပင်လယ်ပြင်ထဲမှာ မျောချင်ရာ မျောနေခဲ့တဲ့ ကမ်းဝေးလှေတစ်စင်း မမျှော်လင့်ဘဲ ကမ်းရှာတွေ့သွားသလို ကျွန်တော့်ကို နည်းမှန်လမ်းမှန် တည့်မတ်ပေးနိုင်စွမ်းရှိတဲ့ မမကို ကျွန်တော် အချိန်တိုတိုလေးအတွင်းမှာပဲ ခင်မင်သံယောဇဉ်တွယ်သွားရတယ်။





မမ မျက်နှာအမူအရာက လောကကြီးကို ကြံ့ကြံ့ခံ ...ဆိုင်နိုင်တဲ့ အရိပ်အသွင်မျိုး အထင်းသား ပေါ်လွင်နေခဲ့တယ်။ ...ကျွန်တော့်စိတ်ထဲ မမနဲ့ စကားပြော၊ ရင်ဖွင့်ခွင့်ရတဲ့ အခိုက်အတန့်...သေးက များစွာအဓိပ္ပာယ်ရှိ အသက်ဝင်သွားခဲ့ပါတယ်။

မမက ထူးဆန်းအံ့သြစရာ ကောင်းလောက်အောင် ...ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စ တော်တော်များများကိုလည်း ...တိတိကျကျ သိနေခဲ့ပါသေးတယ်။ အထူးသဖြင့် ကျွန်တော်နဲ့ ...ကြိုခဲ့ပတ်သက်ခဲ့ဖူးတဲ့ လမင်းနဲ့ ပန်းတို့အကြောင်းကိုလည်း ...အကုန်လုံးနီးပါး သိရှိနေခဲ့တယ်။

ကျွန်တော့်ရဲ့ မိသားစုအကြောင်း၊ ဘဝအကြောင်း၊ ...လုံးသားရေးရာအကြောင်းတွေကို ရောက်တတ်ရာရာ ပြောဆို...နေခဲ့ရာက ရုတ်တရက် သူ့အကြောင်း ဦးတည်လိုက်တဲ့ ကျွန်တော့်...ကိုတော့ အထူးအဆန်းသဖွယ် ပြန်စိုက်ကြည့်နေခဲ့ပါတယ်။

ကျွန်တော်ကလည်း တမင်တကာ လူလည်ကျစွာနဲ့ ...သူ့အကြောင်းဆီ မြားဦးလှည့်လိုက်ခြင်းပါ။ တကယ်တော့ Lonely ...ပြီး မှည့်ထားတဲ့ ဆိုင်နာမည်ဟာ အကြောင်းမဲ့သက်သက်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလို့ ကျွန်တော် ယူဆမိတဲ့အတွက် အရဲစွန့် မေးလိုက်ခြင်းပါပဲ။

"မမကရော တစ်ယောက်တည်း ဘဝကို ဖြတ်သန်းလာတာ ဘယ်လောက်ကြာခဲ့ပြီလဲ"

ကျွန်တော့်မေးခွန်းကို ချက်ချင်း မဖြေနိုင်သေးဘဲ အချိန်တော်တော်ကြာ တိတ်ဆိတ်နေတဲ့ မမကို ကျွန်တော် မေးပြီးမှ မှားသွားပြီလားလို့ သံသယဝင်လာမိပါတယ်။

ကျွန်တော့် အထင်ပြောရရင် တစတစနဲ့ မမပုံစံက သူ့မတူအောင် လျှို့ဝှက်နက်နဲတဲ့ အမှုအရာမျိုး အထင်းသား ပေါ်လွင်လာသလိုပါပဲ။

ခဏကြာမှ မမက ခပ်တိုးတိုး သက်ပြင်းချသံနဲ့အတူ တုံ့ပြန်လာတယ်။

"တို့ဆီမှာ မင်း မသိနိုင်တဲ့၊ သိရင်လည်း အနည်းနဲ့အများ အံ့သြသွားစေလောက်တဲ့ အကြောင်းအရာတွေ အများကြီး ရှိတယ် လင်းသုခ၊ မင်းကို အခြေအနေပေးတဲ့ တစ်နေ့ ကျရင် တို့ ဖွင့်ပြောပြမှာပါ၊ ခုတော့ စောပါသေးတယ်"



မမ အဖြေက ကျွန်တော့်စိတ်တွေကို မတင်မကျ ဖြစ်သွားစေပါတယ်။ ကျွန်တော့်ကိုကျ အစစအရာရာ လမ်းပြ သတိပေးပြီး ညွှန်ကြားစီရင်ချက်ချချင်တဲ့ မမဟာ သူ့အကြောင်း လေး အနည်းအကျဉ်း ပြောပြဖို့ကျတော့ ဘာလို့ နှေးကန်လေးတွဲ့ နှာ တွန့်တိုနေတာပါလိမ့်။

မမဟာ ကျွန်တော့်အမြင်မှာ နားလည်ရခက်တဲ့ မိန်းမတစ်ယောက်အဖြစ် တစတစ ပီပြင်လာစေခဲ့တယ်။

ကာယကံရှင် စိတ်အား ထက်သန်မှု မရှိတဲ့ ကိစ္စ အတွက် ကျွန်တော်လည်း နှုတ်မှိတ်မျိုသိပ်ပြီး မသိချင့်ယောင်ဆောင်နေလိုက်ပါတယ်။ မမ လိုလိုလားလား ပြောပြလာမယ့် တစ်နေ့ကိုပဲ စိတ်ရှည်ရှည်နဲ့စောင့်ဖို့ ဆုံးဖြတ်ချက် ချလိုက်မိတယ်။

ကျွန်တော့်ကို ပြန်ခါနီးမှာ မမက ...

"မင်း အသည်းကွဲရပ်ဝန်းထဲက အမြန်ဆုံး ရုန်းထွက်ပြီး မမမျှော်လင့်တဲ့ လမ်းကြောင်းအတိုင်း ဆက်လျှောက်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

ကျွန်တော် လိုလိုလားလား ခေါင်းညိတ်လက်ခံ လိုက်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ခံစားယုံကြည်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖောင်းမေယွန်း ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ မွေ့
တွေးရိုးမြတဲ့ မျက်ဝန်းလှလှတွေကို တဒင်္ဂအတွင်းမှာ ကျိတ်
စွဲလမ်းသွားမိတယ်ဆိုရင် ခင်ဗျားတို့ ရယ်ကြမလား။

ဘာပဲဖြစ်ဖြစ် မမဟာ ကျွန်တော့် နှလုံးသားကျွှ
အတွက် အိုအေစစ်လေးတစ်ခု ဖြစ်ခဲ့တာတော့ ကျိန်းသေပါတယ်။

ဒါပေမဲ့ တဒင်္ဂအေးမြမှုအတွက်ပဲ အာမခံချက်ပေး
နိုင်တဲ့ အိုအေစစ်လေး ဆိုတာတော့ ကျွန်တော် အချိန်နှောင်း
သိခွင့်ရခဲ့တယ်။

အဲဒီအချိန်မှာ ကျွန်တော် အရာရာကို နောက်ကောင်
ကျနေခဲ့ပါပြီ။

❣✦❣



မမရဲ့လမ်းပြညွှန်ကြားမှုအတိုင်း တစ်သဝေမတိမ်း
လိုက်နာဆောင်ရွက်ခဲ့တဲ့ ကျွန်တော့်အတွက် နောက်ဆက်တွဲ
အကျိုးဆက်တွေကတော့ ကောင်းခြင်းအဖြာဖြာနဲ့ သရဖူဆောင်း
စေခဲ့တယ်။ ကြိုးစားပမ်းစား မနားတမ်းရေးခဲ့တဲ့ လုံးချင်းဝတ္ထုဆယ်
အုပ်ရဲ့ ရောင်းအားလည်း အံ့မခန်း သြချရလောက်တဲ့အထိ တစ်
ရှိန်ထိုး မြင့်တက်ခဲ့သလို ကျွန်တော်နဲ့ မမတို့ရဲ့ ရင်းနှီးမှုအရှိန်
အဟုန်ကလည်း အချိန်တိုတိုလေးအတွင်းမှာ သိသိသာသာ
တိုးတက်လာခဲ့ပါတယ်။

ဒါပေမဲ့ ဒါက ကျွန်တော့်ဘက်က တစ်ဖက်သတ်
တွက်ချက်ထားတဲ့ တိတ်တခိုး သီအိုရီတစ်ခုပါ။ မမဘက်ကတော့
ကျွန်တော့်အပေါ် မောင်ငယ်လေးတစ်ယောက်ထက် မပိုတဲ့သံမန်

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်နဲ့ပဲ ဆက်ဆံခဲ့တယ်ဆိုတာ မမရဲ့ရိုးသားဖြူစင်ရိပ်စွန်းတဲ့ မျက်ဝန်းတွေက အကောင်းဆုံး သက်သေပြနေခဲ့ပါတယ်။

မမက သူ့အကြောင်းတွေကို ကျွန်တော့်ကို ဘာတစ်ခုမှ ထုတ်ဖော်ပြောမပြခဲ့တာလည်း အထူးစဉ်းစားစရာအချက်တစ်ချက်ပါ။

တစ်ခါတလေမှာတော့ ကျွန်တော်က မချင့်မရဲဖြစ်စိတ်နဲ့ ပြောင်ဖွင့်မေးချဖို့ ကြိုးစားကြည့်ပါသေးတယ်။

"မမက တစ်နေ့တခြား ပိုလှို့ဝှက် နက်နဲလာသလိုပဲနော်၊ ကျွန်တော်တို့ ခင်မင်မှုကာလ တစ်လျှောက်မှာ ကျွန်တော့်အကြောင်းတွေ ခရေစေ့တွင်းကျ မမကို အကုန်ပြောပြခဲ့ပေမယ့် မမအကြောင်းကိုတော့ ဆောင်းမေယွန်း ဆိုတဲ့နာမည်ရယ်၊ Lonely ကော်ဖီဆိုင်ပိုင်ရှင် ဆိုတာရယ် ဒါပဲသိရတယ် ...

ကျွန်တော် အခု နောက်တစ်ပုဒ် စရေးမယ့် ဝတ္ထုကျရင် မမကို ဇာတ်ကောင်တည်ပြီး ရေးချင်တယ်၊ မမက ကျွန်တော့်မျက်စိထဲမှာ စိတ်ဝင်စားစရာ ကောင်းနေတယ်



လေ၊ အဲဒါကြောင့် အပန်းမကြီးဘူးဆိုရင် ကျွန်တော်သိခွင့်ရချင်ပါတယ်"

ကျွန်တော့်မေးခွန်း အဆုံးမှာ မမက ကျွန်တော်ခန့်မှန်းဖို့ ခဲယဉ်းပြီး အဓိပ္ပာယ်တစ်မျိုး ပါဝင်တဲ့ အကြည့်ညိုညိုလေးတစ်ချက်နဲ့ တုံ့ပြန်စိုက်ကြည့်လာရင်း ခပ်တိုးတိုးဆိုတယ်။

"မင်းဇာတ်ကောင်က မမ မဖြစ်သင့်ပါဘူးကွယ်"

ဘာကြောင့်မှန်းမသိ။ ကျွန်တော် မမကို ကြည့်ရင်းရင်ထဲ ကလိကလိ ဖြစ်လာတယ်။ တကယ်ဆို မမကို စတွေ့ကတည်းက ဇာတ်ကောင်တစ်ကောင်လို့ ကျိတ်သတ်မှတ်ခဲ့တဲ့ ကျွန်တော့်ရင်တွင်းခံစားချက်ကို မမ ဘယ်လိုနည်းနဲ့မှ မသိနိုင်ခဲ့ပါဘူး။ မမက မှိုစိစိနဲ့ အေးစက်စက် ဖြစ်လေ ကျွန်တော့်စိတ်တွေကချိုးမရွှနဲ့ သိချင်စိတ် ပြင်းပြလာလေပါပဲ။ မမရဲ့ နေထိုင်မှုပုံစံကကျွန်တော့်အမြင်မှာ ထူးခြားဆန်းသစ်နေတာတော့ အမှန်ပါ။

ကျွန်တော်ကလည်း မရမကမေးမယ် စိတ်ကူးပြီးဒါးစပ်ပါဖို့ ဟန်ပြင်မိချိန်မှာပဲ မမရဲ့နောက်ဆက်တွဲစကားတွေကြောင့် ကျွန်တော် မသိမသာ ပါးစပ်ပွင့်သွားခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မမက ဘဝအကျိုးပေးကံ နုံချာတဲ့ မိန်းမတစ်ယောက် လင်းသုခ၊ ဒီနေ့ ဒီအချိန်ထိ မမ စိတ်ချမ်းချမ်းသာသာ ဖြတ်သန်းတုန်ဆုံးခဲ့ရတဲ့ နေ့ရက်တွေဟာ လက်ချိုးရေ ရအောင်ကို ရှားပါးလွန်းခဲ့ပါတယ်၊ မမဆီမှာ မင်းမသိ တဲ့ အကြောင်းကိစ္စတွေ အများကြီးရှိနေတယ်"

မမစကားတွေက ကျွန်တော့်အတွက် ထူးထူးဆ ဆန်းချည်းပါ။ မမလို မပူမပင် မတောင့်မတ အနေအထာ ကုံလုံပြည့်စုံ ချမ်းသာသူတစ်ယောက်ဆီမှာ ဘယ်လို ဘဝင် စရာ ဖြစ်ရပ်မျိုးတွေ ပိုင်ဆိုင်နေသလဲ။ စာရေးဆရာတစ်ယော ရဲ့ ပင်ကိုသဒ္ဓေအတိုင်း ကျွန်တော် စပ်စုစူးစမ်းချင် စိတ် တရိပ်ရိပ်နဲ့ ဒီဂရီမြင့်လာတယ်။

ဒီစကားပြောနေချိန်မှာ ကျွန်တော် ထူးထူးခြား သတိပြုမိတာတစ်ခုက မမ မျက်ဝန်းတွေ ဆွေးရိပ်ဆင်နေတာ ပဲ။ ကျွန်တော်က ခေါင်းထဲ အသိတစ်ချက် လင်းခနဲ ပွင့်သွာ လက်ဖျောက်တီးလိုက်ကာ ...





"ဟုတ်ပြီ၊ မသကာ မမရဲ့နှလုံးသားရေးရာကဏ္ဍပဲဖြစ်ရ မယ် မမ၊ အပန်းမကြီးဘူးဆိုရင် ကျွန်တော့်အတွက် ကုန် ကြမ်းတစ်ပုဒ် မ,စတဲ့ အနေနဲ့ မမရဲ့အချစ်ကိစ္စလေးကို အမှန်အတိုင်း ဖွင့်ကြေညာပေးပါဗျာ၊ ကျွန်တော့်ကို မောင် လေးအရင်းတစ်ယောက်လို သဘောထား ခင်မင်ရင် ဒီဆန္ဒ လေးကို လိုက်လျောပေးပါ"

ကလေးတစ်ယောက်လို တကျိုကျိုနဲ့ နားပူနားဆာ လုပ်နေတဲ့ ကျွန်တော့်ကို မမက နားလည်မှုရှိတဲ့ အကြည့်တစ် ချက်နဲ့ တုံ့ပြန်စိုက်ကြည့်လာပါတယ်။

မမ မျက်လုံးတွေက ကျွန်တော့်ကို ဘယ်အချိန် ကြည့်ကြည့် ရင်းနှီးနွေးထွေးမှု အရိပ်အယောင်တွေ ပေါ်လွင်နေ ပြီပါ။

ကျွန်တော့်နှလုံးသားကို အင်အားပြင်းပြင်း ရိုက်ခတ် ညှိနှောင်ခဲ့တဲ့ တတိယမြောက် တောင်ပံတစ်စုံရဲ့ အနှစ်သာရ ကို ဆန်းစစ်အဖြေရှာမိတော့ တိကျခိုင်မာတဲ့ အဖြေတစ်ခု ထွက် လာစေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာတရား"... ဟုတ်တယ်။ လမင်းဖြူနဲ့ ပန်းခြံ တို့နဲ့မတူတဲ့ အဓိကအချက်ကတော့ မမရင်ထဲက ယိုဖိတ်စီး လာတဲ့ အရှိန်အဟုန်ပြင်းပြင်း မေတ္တာတရားရဲ့ နောင်ဖွဲ့မှုပဲ ဖြစ် တယ်။

ကျွန်တော် မမအပေါ် ဘယ်လိုသဘောထား ထားနေမိပြီလဲလို့ ကိုယ့်ကိုယ်ကိုယ် စစ်တမ်းကောက်ကြည့်မိ မှာ "အချစ်"ဆိုတဲ့ ပူလောင်တပ်မက်မှု အရိပ်အငွေ့မပါ အေးချမ်းတဲ့ ရုပ်ဝန်းလေးတစ်ခုထဲကို စီးမျောရောက်ရှိသွား တယ်။ အတိအကျ ပြောနိုင်တာ တစ်ခုကတော့ ကျွန်တော် ကို ချစ်တဲ့အချစ်မျိုးက ထုထည်ကြီးမားတဲ့ မေတ္တာတရား အုတ်မြစ်ချ တည်ဆောက်ထားတဲ့ နှစ်လိုဖွယ် ဘုံဗိမာန်လေး ဖြစ်လာစေခဲ့ပါတယ်။

မမ ပြောစကားကို မြေဝယ်မကျ နားထောင်ချင် တဲ့စိတ်၊ မမ ညွှန်ကြားသမျှ ကိစ္စရပ်တိုင်းကို အားကြိုးမာန် လုပ်ဆောင်ချင်တဲ့စိတ်၊ မမ အလိုဆန္ဒတွေကို မဖြစ်,ဖြစ်အောင်





ဖြည့်ဆည်းပေးချင်တဲ့စိတ်၊ အဲဒီစိတ်တွေ အလိုအလျောက် ဖြစ် ခွန်းပေါ်ပေါက်စေခဲ့တာဟာ မမရဲ့ သူ,မတူအောင် နက်ရှိုင်းကြီး မားစွာ ပေးအပ်လာတဲ့ မေတ္တာတရားစစ်စစ်တွေကြောင့်ပဲ ဖြစ်ပါ တယ်။

ကျွန်တော်က ကိုယ့်အကြံအစည်နဲ့ကိုယ် မမရဲ့ဘိုင် ဓာတ်ရုပ်ဖီကို မရမက အစ်အောက်ထုတ်ဖို့ အကြိမ်ကြိမ် ကြိုးစား ခဲ့မယ့် အကြံအစည်က ဘယ်တော့မှ မအောင်မြင်ခဲ့ပါ။ မမက သူ့ရဲ့လက်သုံးရှောင်လွှဲနည်းတစ်ခုနဲ့ပဲ လှပကျင်လည်စွာ ရှောင် သွားခဲ့တာချည်းပါပဲ။

"မင်းကိုပြောဖို့ စောပါသေးတယ်"တဲ့။

ဘာရည်ရွယ်ချက်နဲ့များ ကျွန်တော့်မေးခွန်းတွေကို ရှောင်ကွာပြုနေပါလိမ့်လို့ ခေါင်းခြောက်ခံ စဉ်းစားမိပေမယ့် တိကျ တဲ့ အဖြေတော့ ထွက်မလာခဲ့ပါ။ တစ်ခါတလေ ဆိုရင်တော့ ပိုးဝေးဝေးတစ်နေရာကို တမေ့တမော လှမ်းမျှော်ငေးပြီး လျှုလျှုစကားမျိုးတွေ ထူးထူးဆန်းဆန်း ဆိုလာတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အေးမြတဲ့ မေတ္တာတရားမျိုး အမြဲပေးချင်နေတဲ့ လူတစ်ယောက်ကို တချို့တွေက အတ္တဆိုတဲ့ဘောင်တပ်ပြီး အပြစ်ရှာချင်ကြတာ ဘာ[illegible]ဘောလဲ မသိဘူးနော်"

အဲဒီကောက်ချက်ချသံမျိုး ကြားမိချိန်မှာ မမမျက်နှာကို စိတ်ဝင်တစား လှမ်းကြည့်အကဲခတ်မိတဲ့ ကျွန်တော့်အတွက် အရှုယ်နဲ့မနွှာတဲ့ အိုမင်းနွမ်းရင့်မှုတွေသာ ရှာဖွေတွေ့ရှိရတတ်ပါတယ်။

မမက ဘယ်သူ့အတွက် မေတ္တာတရားတွေ ပေးအပ်ချင်ရတာလဲ။ အဲဒီအခါမျိုးမှာ ကျွန်တော်က အခွင့်အရေးကို လက်လွှတ်မခံမှာ ချက်ချင်းပဲ မေးခွန်းတိုက်ပွဲကို စတင်လိုက်တယ်။

"မမကို ဘယ်လိုလူမျိုးတွေက အတ္တနဲ့ ကြည့်ကြတာလဲ မမလို သူတစ်ပါးအပေါ် အစစအရာရာ သည်းခံနိုင်တဲ့ စိတ်သဘောထား ပြည့်ဝသူတစ်ယောက်ကို နိုင်ထက်စီးနင်းပြုသူဟာ တော်တော်လူမဆန်တဲ့သူပဲ ဖြစ်ရမယ်"

မမက ကျွန်တော့်ရဲ့ ဒေါသမာန်ပါတဲ့ စကားကြောင့် မချိတင်ကဲပြုံးရင်း မျက်လွှာလေး ချလိုက်ကာ ...



မမ ...။ ကျွန်တော် ထူးထူးခြားခြား ဦးဆုံး သတိရလိုက်မိတာက အေးချမ်းတဲ့ အပြုံးပိုင်ရှင် မမကိုပါ။ ကျွန်တော့်မွေးနေ့ကို မမနဲ့ နှစ်ယောက်တည်း ကျင်းပချင်တဲ့ဆန္ဒမျိုး ထူးထူးဆန်းဆန်း ပေါ်ပေါက်လာခဲ့ချိန်မှာ ရင်းနှီးပြီးသား ဖုန်းနံပါတ်တွေကို တစ်လုံးချင်း ခပ်သွက်သွက် နှိပ်ချလိုက်ပါတယ်။

ဖုန်းဝင်သွားပြီး တော်တော်ကြာတဲ့အထိ တစ်ဖက်က တုံ့ပြန်သံ မကြားရတဲ့နောက် ကျွန်တော် စိတ်ပျက်ပျက်နဲ့ ဖုန်းချမယ်အလုပ်မှာ ...

"ဟယ်လို"

ကျွန်တော် ရုတ်တရက် မျက်ခုံးပင့်သွားရတယ်။ ကျွန်တော် မျှော်လင့်ထားတဲ့ မမရဲ့ ချိုကြည်သာယာတဲ့ အသံလေး မဟုတ်ဘဲ ထူးထူးဆန်းဆန်း ယောကျ်ားသံတစ်သံကို ကြားလိုက်ရခြင်းပါ။

ကျွန်တော် ဘာပြန်ပြောရမှန်း မသိအောင် ဆွံ့အကြက်သေ သေနေမိစဉ်မှာပဲ ...

www.burmeseclassic.com



"ဟယ်လို ... ဟယ်လို ... ဟာကွာ၊ စောစောစီးစီး ဘယ် ကဖုန်းသရဲတွေ လာနှောင့်ယှက်နေတာလဲမသိဘူး၊ ပြဿနာ ပဲ"

ဒေါသတကြီး ရေရွတ်သံက မိုးခြိမ်းသံလို ဝုန်းဒိုင်း ကြီး ထွက်ပေါ်ပျံ့နှံ့လာပါတယ်။ ကျွန်တော့်လက်ထဲကဖုန်းတောင် ခပ်ဝေးဝေး လွင့်စဉ်ထွက်သွားပြီလား ထင်ရလောက်အောင် ကြမ်း တမ်းစူးရှတဲ့ အသံမျိုးကြီးပါ။ ကျွန်တော် ဆုံးဖြတ်ချက်ချပြီး အသက်ပြင်းပြင်းတစ်ချက် ရှူရှိုက်လိုက်ကာ ...

"ဟယ်လို ... ကျွန်တော် ဆောင်းမေယွန်းနဲ့ ပြောချင်လို့ ပါ"

တစ်ဖက်က စကားသံအစား အသက်ရှူသံပြင်းပြင်း သာ အစားထိုး ဝင်ရောက်လာခဲ့ပါတယ်။ ကျွန်တော့်ရင်ထဲ တဒိန်းဒိန်းနဲ့ ခုန်ပေါက်လှုပ်ရှားလာခဲ့တယ်။ မမ ဘယ်ရောက်နေ သလဲ။ မမဖုန်းကို ပိုင်စိုးပိုင်နင်း လာကိုင်တဲ့ ယောကျ်ားကြီးက ဘယ်သူလဲ။ တောင်စဉ်ရေမရတဲ့ အ ပွေးတွေ ကျွန်တော့်ခေါင်း ထဲ ရှုပ်ထွေးမွှေနှောက်လာခဲ့ပါတော့တယ်။





"ဆောင်းမေယွန်းဆီ ဒီအချိန် တကူးတက ဖုန်းဆက်တာ ဘာကိစ္စလဲ"

ကျွန်တော် ရုတ်တရက် မှင်သက်သွားမိတယ်။ တစ် ဆက်တည်းမှာပဲ ကျွန်တော့်ခေါင်းထဲမှာ အရပ်လေးမျက်နှာကလာ တဲ့ မေးခွန်းတွေ စီရရီထွက်ပေါ်လာခဲ့တော့တယ်။ မမနဲ့ ဒီလူ တစ်ခုခုတော့ ပတ်သက်မှု ရှိနေတာ ကျိန်းသေပါပြီ။ မမရဲ့ အစ်ကိုများလား။ မမက သူ့အကြောင်း ဘယ်တုန်းကမှ မပြောပြခဲ့ ဖူးတာမို့ ခန့်မှန်းဖို့ အတော်ကိုခဲယဉ်းပါတယ်။

"ကျွန်တော် မမနဲ့ပဲ ပြောလို့ရမလား ခင်ဗျာ"

"ငါက ပြောခွင့်မပေးဘူး ဆိုရင်ရော"

ကျွန်တော် ပါးစပ်အဟောင်းသား ပွင့်သွားရလောက် အောင် အံ့ဩဘနန်း ဖြစ်သွားရပါတော့တယ်။ ဒီလူရဲ့ ပိုင်စိုးပိုင် နင်း ရင့်သီးပုံကတော့ လွန်လွန်းပြီထင်တယ်။ ထိန်းချုပ်မျိုသိပ်ထား တဲ့ ဒေါသအငုံစိတ်ကလေး လှစ်ခနဲ ခေါင်းပြူထလာချိန်မှာ ကျွန်တော် တံတွေးတစ်ချက်မျိုချရင်း ခပ်ဆတ်ဆတ် ဆိုလိုက်မိ တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘာမို့လို့ ဒီလောက် အာအာပြနေရတာလဲ ကျွန်တော် ဆက်တာ ဆောင်းမေယွန်းရဲ့ဖုန်း၊ သူနဲ့ ပြော ချင်တယ်၊ လင်းသုခလို့ပြောပြီး ဖုန်းပေးလိုက်ပါ"

ကျွန်တော့်အသံ လိုတာထက် နည်းနည်းပိုမာသွား မယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်လိုက်မိပေမယ့် အထူးတလည် ဂရုမစိုက်မိတော့။ တကယ်လည်း အဲဒီလူကို စိတ်ထဲက အချဉ် ပေါက်သွားမိတာ အမှန်ပင်။

သူက ကျွန်တော် တွေးထင်မထားတဲ့ စကားတချို့နဲ့ ရှေ့ဆက်ပြောဆိုလာပါတယ်။ သူ့စကားတွေက ကျွန်တော့်အတွက် နားလည်ဖို့ တော်တော်လေး ခဲယဉ်းစေခဲ့တယ်။

"လင်းသုခ ... ဟုတ်လား၊ နာမည်ကြားဖူးထားတာတော့ တော်တော်ကြာပြီ၊ ခုမှပဲ ပထမဆုံး အသံစကြားဖူးတော့ တယ်၊ လူချင်းတော့ ဘယ်တော့ဆုံရမလဲမသိဘူး၊ မင်္ဂလာ နံနက်ခင်းပါ စာရေးဆရာကြီး"

သူ့ရဲ့ခနဲ့တဲ့တဲ့လေသံက ကျွန်တော့်နားထဲ အတောင် လိုက် တိုးဝင်သွားတယ်။ ဘာသဘောနဲ့ ပြောတာလဲ။ သူ့အသံ ထဲမှာ မနှစ်မြို့ခြင်းတွေ အတိုင်းသား ပါဝင်နေသလိုပါပဲ။



"ဒီမှာ မစ္စတာလင်း၊ အားတော့နာပါတယ်၊ ဆောင်းမေယွန်းက ကိုယ်နဲ့ ဖုန်းခွက လဲထားတယ်၊ ထပ်ဆက်လည်း အကျိုး ရှိမှာမဟုတ်ဘူး၊ ကိုယ်ပြောချင်တာ ဒါပါပဲ"

ကျွန်တော့် အခုတစ်ခွန်းမှ ပြန်မဟရသေးခင်မှာ တစ်ဖက်က အနိုင်ပိုင်း ပြောဆိုပြီး ဖုန်းချသွားတာမို့ ကျွန်တော် ကြိတ်မနိုင်ခဲမရနဲ့ ဆွေ့ဆွေးခုနှိ ဖြစ်ကျန်ခဲ့ရပါတယ်။ တစ်ဆက် တည်း စိုးထိတ်ပူပန်စွာ တွေးလိုက်မိတာတစ်ခုက ဒီလူဟာ မမ ရဲ့ ဆက်ဆိုင်သူများလား။ ဒီလောက် ပိုင်စိုးပိုင်နင်း နေရာယူနေပုံ ထောက်ရင် ပေါ့သေးသေး အစားမျိုးတော့ မဟုတ်တန်ရာ။

မတင်မကျ အတွေးမျိုးစုံ စုပြုံရောက်ရှိလာခဲ့ချိန်မှာ ကျွန်တော့်ရဲ့ မွေးနေ့နံနက်ခင်းလေးက ရုတ်ခြည်း မှုန်မှိုင်းနောက် ကျိသွားခဲ့တော့တယ်။

ကျွန်တော် စိတ်ပျက်လက်မျက်နဲ့ အချိန်အတော် ကြာအောင် မျက်မှောင်ကုတ် စဉ်းစားနေမိစဉ်မှာပဲ ရုတ်တရက် ထမြည်လာတဲ့ ဖုန်းသံလေးကြောင့် အာရုံတွေ ဆတ်ခနဲ နိုးကြား သွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဖုန်းထဲမှာ မမနံပါတ်လေးက အထင်းသား ပေါ်လွင်လို့။ ဝမ်းသာအားရနဲ့ ဖွင့်နားထောင်လိုက်မိတော့ ...

"ဟယ်လို ... လင်းသုခ"

"ဟာ ... ဟုတ်တယ် မမ၊ ကျွန်တော် ခုပဲ မမဆီဆက် သေးတယ်၊ မမ မဟုတ်တဲ့ယောက်ျားတစ်ယောက်လာကိုင် တယ်၊ မမကိုလည်း ခေါ်မပေးနိုင်ဘူးတဲ့၊ ဘာကောင်မှန်းလဲ မသိဘူး၊ မမရဲ့ အစ်ကိုများ ဖြစ်နေမလားဟင်"

ကျွန်တော် မကျေနပ်သမျှတွေကို မဖောနိုင် မပ နိုင် တရစပ် သွန်ချလိုက်မိပါတယ်။ ဘာပဲပြောပြော မနက်အေ စောစီးစီးမှာ မမအသံလေး ကြားခွင့်ရလိုက်တဲ့အတွက် ဖော်မပြ နိုင်တဲ့ ဝမ်းသာကြည်နူးမှု အရှိန်အဟုန်တွေ ကြီးမားမြင့်တက်လာ ခဲ့တယ်။

"လင်း ... မမပြောမယ်၊ မင်း ဒီရက်ပိုင်းအတွင်း မမဖုန်း ကို မလိုအပ်ဘဲ မဆက်ပါနဲ့၊ အရေးအကြောင်းရှိမှ မ လှမ်းဆက်လိုက်မယ်၊ မင်း အချိန်တွေလည်း ဖြုန်းမနေနဲ့ဦး ကိုယ်လုပ်နေကျအတိုင်း စာကိုပဲ ကြိုးစားရေးပါ၊ မမပြော တာ သဘောပေါက်တယ်နော်"





ကျွန်တော့်ရင်ထဲ နင့်ခနဲဖြစ်သွားရပါတယ်။ မမ ပြောစကားအသွားအလာတွေက ပုံမှန်မဟုတ်တာတော့ အမှန်ပါ။ နောက်တစ်ခုသတိထားမိတာက မမဟာ ဖုန်းပြောတာတောင် လွတ်လွတ်လပ်လပ်မရှိဘဲ တစ်ခုခုကို စိုးထိတ်ပူပန်နေပုံပေါက်နေ ပါတယ်။

ဘာလဲ ...။ ဘာတွေလဲ။ မမ ဘာတွေဖြစ်နေတာလဲ။ ကျွန်တော် နားမလည်နိုင်ခြင်းများစွာနဲ့ စိတ်ကသိကအောက် ဖြစ်သွားခဲ့ရတယ်။ တုန်ယင်တိုးဖျော့နေတဲ့ လေသံလေးထဲမှာ တောင် ကျွန်တော့်ကို ဂရုတစိုက် မှာကြားနေပုံက စေတနာ ထွေ့အပြည့်အဝနဲ့။

ဘာပဲဖြစ်ဖြစ် မမရဲ့ ပြောင်းလဲချက်ကြီးကိုတော့ ကျွန်တော် အလွန်အမင်း သိချင်သွားပါပြီ။

"မမ ... ကျွန်တော့်ကို နားလည်အောင် ရှင်းပြဖို့တော့ လို မယ်နော်၊ ကျွန်တော် ဒီနေ့မနက်အစောကြီး ဖုန်းဆက်တာ က မမကို ကျွန်တော့်ရဲ့ မွေးနေ့ပွဲအတွက် ဖိတ်မလို့၊ ကျွန်တော် မမနဲ့ နှစ်ယောက်တည်း ကျင်းပပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မင်းမွေးနေ့မှန်း မမ သိပါတယ်"

ကျွန်တော် ထပ်ဆင့် အံ့သြသွားရတယ်။ သူကိုယ်တိုင်တောင် မေ့လျော့နေခဲ့တဲ့ သူ့မွေးနေ့ကို မမက မှတ်မှတ်ထင်ထင် သိနေခဲ့သတဲ့။

"မမက ဘယ်လိုလုပ်သိတာလဲ"

"အင်းပေါ့၊ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ မေ့တတ်တာကိုး

မင်း ဝတ္ထုတိုပေါင်းချုပ် ပထမဆုံးထုတ်တဲ့နေ့နဲ့ မင်း

နှစ်ဆယ့်လေးနှစ်မြောက်မွေးနေ့က တစ်ထပ်တည်းကျ

တယ်လေ၊ မင်း သတိမရတော့ဘူးလား၊ အဲဒီနေ့ကတည်း

က မင်းမွေးနေ့ကို မမ မှတ်ထားခဲ့တာ"

ကျွန်တော် တကယ်ကို အံ့အားသင့်လွန်းလို့ ရုတ်တရက် စကားပြန်မဆိုနိုင်ပါ။ မမဟာ ကျွန်တော် လက်ဖျား

လောက်အောင် ကျွန်တော့်အပေါ် အလေးထားသူတစ်ယောက်မှ

ုမမျှော်လင့်ဘဲ သိခွင့်ရရှိလိုက်တယ်။

"ကဲ… လင်းသူရ မမ ဖုန်းကြာကြာပြောဖို့ အချိန်မရ

ခင်းမွေးနေ့ပွဲကျင်းပချင်တယ်ဆိုရင်လည်း ဆိုင်ကိုပဲလာ

ပါ"



"ခ … ခဏလေးဝါ မမရယ်၊ ကျွန်တော် မမကို ပြောချင်တဲ့စကားတွေ ရင်ထဲမှာရှိနေတယ်၊ မမ နားထောင်ပေးနိုင်မလားဟင်"

ကျွန်တော့်စကားအဆုံးမှာ မမဆီက သက်ပြင်းရှိုက်သံတစ်ချက် ထွက်ပေါ်လာပါတယ်။

"မမလည်း မင်းကို ပြောစရာတွေရှိတယ်၊ ကဲပါ … တွေ့မှပဲပြောကြတာပေါ့၊ဟုတ်ပြီလား ဒါပဲနော်"

ကောက်ခါငင်ခါ ဖုန်းချသွားတဲ့ မမကို နားမလည်နိုင်သေးတော့ အမှန်ပါ။ ဘာပဲဖြစ်ဖြစ် မမနဲ့ တွေ့ရတော့မယ့်အရေးအတွက် ရင်ဖိုစိတ်လှုပ်ရှားစွာနဲ့ ပြင်ဆင်ဖို့ စိတ်ကူးလိုက်ရင်းအကလေးတစ်ချက် ချွန်လိုက်တဲ့ ခဏမှာ …

"ဝေါ့"

❖ ✦ ❖

ကျွန်တော့်ရင်တစ်ခုလုံး ထိုးအောင့်တက်လာတဲ့ မချိနိုင်တဲ့ ခံစားချက်ကြီးနဲ့အတူ ကြမ်းပြင်ပေါ် အကွက်လိုက်မြင်လိုက်ရတာက စေးထန်းပျစ်ခဲနေတဲ့ အနီရင့်ရင့် ခဲတပ်ပစ္စည်းများ။ ကြည့်စမ်း …။ ဒါတွေက ကျွန်တော့်ခန္ဓာကိုယ်ထဲကနေတရက် ထွက်ကျလာတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခေါင်းတွေ မိုက်ခဲ့ ပြာဝေသွားရပါတယ်။ တစ်ခုတစ်ရာ အားယူအော်ဟစ်ဖို့ ပန်ပြင်လှိုက်စဉ်မှာပဲ ထိန်းသိမ်းနိုင်စွမ်းကင်းမဲ့တဲ့ ခန္ဓာကိုယ်ကြီးရဲ့ လဲပြိုမှုအောက်မှာ အစီအစဉ်လိမ့်ဆင်းလာတဲ့အရာတွေ။

ကျွန်တော့်အားမှာ အထီးကျန်ဆန်ရှိန်တိုင်း အနီးကပ်ဆုံး အဖော်ပြုပေးခဲ့ကြတဲ့ အမျိုးအစားစုံ ဝိုင်၊ ဘီယာ၊ ဝီစကီပုလင်းခွံတွေ။

ကျွန်တော် ကမ္ဘာအပေါင်းနဲ့ ခေတ္တခဏ Connection ပြတ်ပြီး ကမ္ဘာသစ်တစ်ခုထဲ အလိုအလျောက် ရောက်ရှိသွားခဲ့တော့တယ်။

❣ ✦ ❣



ကျွန်တော် သတိရရချင်း ပထမဆုံး ရှုရှိုက်လိုက်ရတာက ခပ်ပြင်းပြင်း ဆေးခန်း၊ ဆေးရုံနံ့။ တင်းကျပ်လေးလံနေတဲ့ မျက်ခွံတွေကို အားယူဖွင့်လိုက်ရင်း မပီဝိုးတဝါး အရိပ်ရွေ့ရွေ့တွေကို အာရုံစိုက်ကြည့်လိုက်မိချိန်မှာ ...

"သား ... သတိရလာပြီလား၊ မေမေ ရှိတယ်နော်၊ ဘာမှ အားမငယ်နဲ့ သိလား"

ကျွန်တော့်ကို စိုးရိမ်တကြီး စိုက်ကြည့်နေတဲ့ မေမေ။ အမေ့အားမှာ ဂျူတီကုတ်အဖြူရောင်ဝတ်ထားတဲ့ ဆရာဝန်ကြီးတစ်ယောက်၊ အဖြူဝတ် သူနာပြုဆရာမ တစ်ယောက် အသီးသီးရှိနေခဲ့ကြပါတယ်။

www.burmeseclassic.com



ကျွန်တော် ကောက်ခါငင်ခါ တွေးလိုက်တဲ့အတွေး တစ်ခုက ကျွန်တော် ဘာဖြစ်လို့ ဒီနေရာကို ရောက်လာသလဲဆိုတာကိုပါ။ ခုထိ ဖြစ်ပျက်နေသမျှကို တိတိကျကျ အဖြေရှာမရသေး။ တော်ရုံရောဂါဝေဒနာလောက်ကို ဆေးမြီးတိုနဲ့ပဲ ကုသပျောက်ကင်းစေခဲ့တဲ့ ကျွန်တော့်အတွက် ဆေးရုံ၊ ဆေးခန်းဆိုတာ ကျွန်တော်နဲ့ အင်မတန်မှ အလှမ်းဝေးလွန်းခဲ့တဲ့ ဌာနတစ်ခုပါ။ ကျွန်တော်က လူမှန်းသိတတ်စကတည်းက ဆရာဝန်၊ ဆေးခန်းစတဲ့အရာတွေကို ခါးခါးသီးသီး မျက်ကွယ်ပြုထားခဲ့သူပါ။

အခု ကျွန်တော် ဘာကြောင့် ဒီနေရာကို ရောက်လာခဲ့ရတာလဲ။ နောက်ပြီး ထူးဆန်းတာက မေမေ့မျက်နှာ။ ကျွန်တော် အဖြေရှာဖို့ ခဲယဉ်းတဲ့ မေမေ့မျက်နှာပေါ်က အရိပ်အသွင်တချို့က ကျွန်တော့် သိချင်ပြင်းပြစိတ်တွေကို အရှိန်တိုးမြှင့်လိုက်ပါတယ်။

ဘာတွေဖြစ်နေကြတာလဲ။ ကျွန်တော် ဥာဏ်မမီနိုင်တော့ပါ။



မေမေက ကျွန်တော်နဲ့ ခပ်လှမ်းလှမ်းမှာ ဆရာဝန်နဲ့ ကားပြောဆိုပြီး ကျွန်တော့်ဘက်ကိုလည်း စိတ်မသက်မသာနဲ့ အခါခါ လှမ်းကြည့်နေတာတွေ့ရပါတယ်။ ကျွန်တော့်စိတ်ထဲ ဒင့်ခနဲ ဖြစ်သွားရတယ်။ ဘာလဲ ... ကျွန်တော့်မှာ သေလောက်တဲ့ ရောဂါတစ်ခုခုများရှိနေလို့ ဒီလိုအမူအရာတွေ ဖျက်ယွင်းနေရတာ ား။ ဆရာဝန်ကြီးလက်ထဲမှာလည်း စာရွက်စာတမ်းတစ်ထပ်ကြီး ဓာတ်မှန်တစ်ချပ်ကိုလည်း မြှောက်ကိုင်ထားသေး။

ကျွန်တော် မေမေတို့ကို ကြောင်အမ်းကြည့်နေချိန် ထဲ ရုတ်တရက် ပေါ်လာတဲ့ ဖုန်းသံလေးက ကျွန်တော့်အာရုံ တွေကို လမ်းကြောင်းပြောင်းပေးလိုက်ပါတယ်။ တစ်ဆက်တည်း ဦးသာသွားမိတာက ကျွန်တော့်မမရဲ့ နံပါတ်လေး ဖြစ်နေခဲ့တဲ့ တွက်ပါ။

ကျွန်တော် အလောတကြီးနဲ့ ဖွင့်နားထောင်လိုက်မိ တယ်။ ဟုတ်သွားပဲ။ ဒီနေ့ ကျွန်တော့်မွေးနေ့။ မမနဲ့ Lonely ာင်မှာ ချိန်းထားတာ။ ကျွန်တော် ကကြမ္ဘာကိုပဲ အသံတိတ်ကျိန် နေမိတယ်။ သင်း ... မညာမတော ဝင်နှောင့်ယှက်ရက်လေခြင်း။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... မမ"

"လင်းသုခ ... မင်း ဘာလို့ မရောက်လာတာလဲဟင်၊ မမ မင်းအတွက် မွေးနေ့လက်ဆောင်နဲ့အတူ စောင့်နေတာ"

ကျွန်တော်က မမရဲ့တိုးလျလျအသံလေးကြောင့် ရင်ထဲမချင့်မရဲဖြစ်သွားမိပါတယ်။

"ကျွန်တော့်အကြောင်းပြောရရင် မမ သိပ်အံ့ဩသွားလိမ့်မယ်၊ ကျွန်တော် အခု အထူးကုဆေးခန်းတစ်ခုထဲ ရောက်နေတယ် မမ၊ လက်ရှိအနေအထားကတော့ ခုတင်ပေါ်မှာပေါ့၊ ကျွန်တော်ကိုယ်ကျွန်တော် ဘာဖြစ်လို့ဖြစ်သွားမှန်းလဲ မသိဘူး။ မမကိုလည်း အရမ်းတွေ့ချင်နေတယ်"

"ဟင် ... မင်း တကယ်ပြောနေတာလား"

မမအသံက အလွန်အမင်း စိုးရိမ်ကြီးသွားတော့မှုပါ။ ဘာကြောင့်မှန်းမသိ။ မမအသံ ရုတ်တရက် ကြားရလိုက်တာ ကျွန်တော့်အတွက် ခွန်အားတချို့ တိုးပြည့်သွားသလိုပါပဲ။

"မမ ... ကျွန်တော် နောက်နေတာမဟုတ်ဘူး၊ ကျွန်တော် မမကို အရမ်းတွေ့ချင်တယ်ဗျာ"



"မမ လာခဲ့မယ် လင်း၊ အခု ဘယ်ဆေးခန်းမှာလဲ"

ကျွန်တော်က သူနာပြုဆရာမရဲ့ ဘယ်ဘက်ရင်ဘတ်မှာချိတ်ထားတဲ့ ဝန်ထမ်းကတ်ပြားလေးဆီ အမှတ်မထင် အကြည့်ရောက်သွားချိန်မှာ ...

ဟုတ်ပြီ။ ဗဟိုစည်တဲ့။ အခန်းနံပါတ်ကရော။ ကျွန်တော် ဆရာမကို မဆိုင်းမတွပဲ လှမ်းမေးလိုက်ပါတယ်။

"ဆရာမ ဒီအခန်းက နံပါတ်ဘာပေါက်လဲ"

ဆရာမက ကျွန်တော့်ကို ဖျတ်ခနဲ လှမ်းကြည့်ပြီး ...

"အခန်းနံပါတ် 503 A ပါ"

လို့ ပြန်ပြောတယ်။

ကျွန်တော် ဆရာမလေးပြောတဲ့ အချက်အလက်တွေကို ဂရုတစိုက် နားထောင်ပြီး မမကို ပြန်အကြောင်းကြားလိုက်ပါတယ်။ မမက ကျွန်တော်ပြောတာကို သေသေချာချာနားထောင်ပြီး ကျွန်တော့်အတွက် စေျနပ်လောက်တဲ့ အဖြေတစ်ခုနဲ့ ဖုန်းချပြီး နှုတ်ဆက်သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"လင်း ဘာမှ အားမငယ်နဲ့နော်၊ မင်းဘေးမှာ မမတစ်ယောက်လုံး ရှိတယ်၊ ဘာတွေ ဖြစ်နေလဲဆိုပြီး တောင်တောင်အီအီတွေ လျှောက်တွေးမနေနဲ့၊ စိတ်မတည်ငြိမ်ရင်ဘုရားစာရွတ်နေ၊ ဟုတ်ပြီလား၊ မမ အခု ချက်ချင်းလာခဲ့မယ်"

ကျွန်တော့်ရင်ထဲ တစ်မုဟုတ်ချင်း ကျေနပ်ပီတိဖြာသွားရပါတယ်။ မမက ကျွန်တော့်ကို မေတ္တာတရားထုံမွှမ်းတဲ့စကားလုံးတွေနဲ့ နှစ်သိမ့်ပေးလိုက်ခြင်းပါ။

ကျွန်တော် ဘာမှ စဉ်းစားမနေတော့ဘဲ မမပြောသလိုမျက်စိစုံမှိတ်ပြီး လောကကြီးနဲ့ ခဏအဆက်အသွယ်ဖြတ်ထားလိုက်မိတယ်။ ကျွန်တော့်ကို သူနာပြုဆရာမလေးက ဘာမှန်းမသိတဲ့ရေသန့်ဘူးတစ်ဝက်ခန့် အရွယ်လောက်ရှိမယ့် အပြူရောင်ပုလင်းတစ်လုံးကို လက်ဖျံမှာ အပ်နဲ့ဖောက်ပြီး လာချိတ်သွယ်ပေးထားတာကိုလည်း ပြုံးပြုံးလေးပဲ ခံယူခဲ့တယ်။

သူတို့ လုပ်ချင်တာလုပ်ပစေ။ ကျွန်တော့်ခေါင်းထဲအမှုမဲ့အမှတ်မဲ့ပါပဲ။



တအောင့်လောက်အကြာမှာတော့ ကျွန်တော့်အခန်းတံခါး ဖွင့်သံနဲ့အတူ နှာခေါင်းထဲ တိုးဝှေ့ဝင်ရောက်လာတဲ့ရနံ့သင်းသင်းလေးတစ်ခု။ သေချာတယ်။ ဒါ မမရဲ့ရေမွှေးနံ့။ မမက အေးချမ်းလတ်ဆတ်တဲ့ သစ်သီးရနံ့ပါတဲ့ ရေမွှေးကို စွဲစွဲမြဲမြဲသုံးလေ့ရှိပါတယ်။

မေမေက ကျွန်တော့်ဘေးက ဆိုဖာမှာ ထိုင်နေရာကနေ မမ ဝင်လာတာမြင်တော့ အထူးအဆန်းသဖွယ် လှမ်းမော့ကြည့်ပါတယ်။ ဟုတ်သားပဲ။ ကျွန်တော် မမအကြောင်း မေမေ့ကိုဘာတစ်ခုမှ ပြောမထားရသေးဘူး။

မမက ကျွန်တော့်ကို စိုးရိမ်ကြီးတဲ့ မျက်ဝန်းအစုံနဲ့ခသိမ့်သာ လှမ်းကြည့်လာချိန်မှာ ကျွန်တော် မေမေနဲ့ မိတ်ဆက်ပေးဖို့ ပထမဆုံး စဉ်းစားလိုက်မိတယ်။

"မေမေ ... ဒါ ကျွန်တော့်ရဲ့ အမာခံပရိသတ် မမခေါင်းမွေးယွန်းတဲ့၊ မမ ဒါက ကျွန်တော့်ရဲ့မေမေ ဒေါ်တင်မေမျိုးပါ"

ကျွန်တော့် မိတ်ဆက်မှုက သာမန်ခပ်ရိုးရိုး အနေအထားနဲ့သာ ဖြစ်ပေမယ့် နှစ်ယောက်စလုံးရဲ့ မျက်နှာတွေက

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနဲ့ ကျွန်တော် နားမလည်နိုင်တဲ့ အသွင်တစ်မျိုးစီ ပြောင်းလဲသွားခဲ့ပါတယ်။

ပထမဆုံး မျက်မှောင်ကို သိသိသာသာ တွန့်ကုတ်လိုက်သူက မေမေ။ သွေးဆုတ်ဖြူလျော်တဲ့ မျက်နှာနဲ့ ခေါင်းငုံ့ချသွားတာက မမ။

မေမေက ကျွန်တော့်ရဲ့ မသိနားမလည်တဲ့ မျက်နှာငယ်ငယ်ကို အကဲခတ်မိသွားပုံနဲ့ သက်ပြင်းတစ်ချက်ကိုသာ မသိမသာ ရှိုက်ထုတ်ပြီး ...

"တွေ့ရတာဝမ်းသာပါတယ် ဆောင်းမေယွန်း၊ ထိုင်ပါ"

မမက ကျွန်တော့်ဘေးက ခုံမှာ ခပ်ယို့ယို့လေး ဝင်ထိုင်ပြီး အခုထိ ခေါင်းမဖော်နိုင်သေးပါ။ မေမေနဲ့ မမကြားမှာ ကျွန်တော်မသိတဲ့ ဆက်နွယ်မှုတစ်ခုတော့ ရှိနေခဲ့တာ ကျိန်းသေပါပြီ။ ခဏကြာတော့ မေမေက ထိုင်ရာက ထရပ်ပြီး ...

"ကဲ ... သား မေမေ လိုအပ်တာတွေ သွားဝယ်လိုက်ဦးမယ် လိုတာရှိရင် ဆရာမတွေဆီမှာ အကူအညီတောင်းနော် ဆောင်းမေယွန်း ... အန်တီ အပြင်ခဏသွားဦးမယ်"



မေမေက အဓိပ္ပာယ်တစ်မျိုးပါတဲ့ အကြည့်နဲ့ မမကို စူးစိုက်ကြည့်ပြီး ထွက်သွားပါတယ်။ မေမေ ထွက်သွားတော့မှ မမက ကျွန်တော့်ဘက်ကို မရဲတရဲ လှမ်းကြည့်ပြီး ...

"သက်သာရဲ့လား လင်း"

ကျွန်တော် ပြုံးပြီး ခေါင်းညိတ်ပြလိုက်မိတယ်။ မမက လက်ထဲမှာအသင့်ပါလာတဲ့ ပါဆယ်ထုပ်လေးကို ကျွန်တော့်ဆီ ကမ်းပေးပြီး ခပ်တိုးတိုးဆိုတယ်။

"ဒါ လင်းအတွက် မွေးနေ့လက်ဆောင်ပါ"

ကျွန်တော် ချက်ချင်းမဲ ဖောက်ကြည့်လိုက်တော့ ...fishအမျိုးအစား နာရီလှလှလေးတစ်လုံး။ မမက ကျွန်တော့်ကို ...စိုက်ကြည့်နေရင်း မေးတယ်။

"ကြိုက်ရဲ့လား လင်း"

"အရမ်းကြိုက်တယ် မမ၊ မမ ပေးတာမို့လို့ ပိုကြိုက်တာပါ၊ ဒါပေမဲ့ ကျွန်တော့်ရဲ့မွေးနေ့မှာ ဒီလို ဆေးရုံပေါ်ကအနေ အထားမျိုးကြီးနဲ့ ကြုံဆိုရတာတော့ ကျွန်တော် လုံးဝစိတ် မကောင်းပါဘူး ...

မမ ကျွန်တော်လေ ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မမရဲ့လက်ကလေးတစ်ဖက်ကို ဖျတ်ခ
ဖမ်းဆုပ်ကိုင်လိုက်တယ်။ ကျွန်တော့်ရဲ့မထင်မှတ်တဲ့ အပြုအမူ
ကြောင့် မမ ရုတ်တရက် ကြောင်အံသွားပါတယ်။

"မမရယ် ... ကျွန်တော့်အတွက် မမဟာ ထာဝရလမ်း
ကြယ်ပါ၊ ကျွန်တော်လေ ... မမကို ..."

ကျွန်တော့်စကား ရုတ်တရက် လေထဲမှာ တန့်သွား
ရတယ်။ စက္ကန့်ပိုင်း အတွင်းမှာပဲ မထင်မှတ်တဲ့ ဖြစ်ရပ်ကြီးတစ်ခု
ဖြူန်းခနဲ ဝင်ရောက်လာခဲ့ပါတယ်။

ခပ်ကြမ်းကြမ်း ဆွဲဖွင့်လိုက်တဲ့ အခန်းတံခါးကြီး
အပွင့်မှာ ဘွင်းဘွင်းကြီး မြင်လိုက်ရတာက ဒေါ်သမီးဝင်းဝင်း
တောက်နေတဲ့ မျက်ဝန်းအစုံနဲ့ နီရဲခက်ထန်နေတဲ့ မျက်နှာပိုင်ရှင်
ယောကျ်ားတစ်ယောက်။ သူ့ပုံစံက ကျွန်တော်တို့နှစ်ယောက်
ခုချက်ချင်းပဲ သတ်တော့ ဖြတ်တော့မလို သေမလောက် စက်ဆုပ်
မုန်းတီးနေပုံမျိုးပါ။

ကျွန်တော်က မမလက်လေးကို ကိုင်ထားလျက်
တန်းလန်းပဲ သူ့ကို ကြောင်အမ်းအမ်း စိုက်ကြည့်နေမိတယ်





မကတော့ သူ့ကိုတွေ့လိုက်တာ သရဲသဘက်တစ်ကောင် တွေ့
လိုက်ရတဲ့အလား တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားလို့။

သူက ကျွန်တော်တို့ဆီ ခပ်ကြမ်းကြမ်းလျှောက်လာ
ပြီး မမလက်ကို ကျွန်တော့်လက်ထဲကနေ ဆိုးဆိုးဆတ်ဆတ်
ဆောင့်ဆွဲယူပြီး မိုးခြိမ်းသံကြီးနဲ့ အော်ဟစ်ဆိုလာတယ်။

"ဘာခွေးဓာတ်ခင်းတာလဲ မေယွန်း ... ဟင်၊ လင်ကြီးတစ်
ယောက်လုံး အရှင်လတ်လတ် ငုတ်တုတ်ရှိနေလျက်နဲ့ ဒီ
ကောင်နဲ့ ဖောက်ပြန်တာ ဘာသဘောလဲ၊ ငါ စင်ကာပူက
ပြန်လာကတည်းက သက်ာမကင်း ဖြစ်နေခဲ့တာ၊ ခုမှနောက်
ယောင်ခံလိုက်ကြည့်ရင်း ပက်ပင်းကို မိတာပဲ၊ မနက်က
နင့်ဆီ ဖုန်းဆက်တာ သူပေါ့ ... ဟုတ်လား၊ နင် အရှက်
တရားကင်းမဲ့လှချည်လား ... ဟင် ...

ဟိုကောင်ကလည်း စာရေးဆရာဆိုတဲ့ ဂုဏ်ပုဒ်ကိုမှ
အားမနာ သူများမယား ကြာခိုချင်တဲ့ကောင်၊ ဟေ့ကောင် ...
မင်းကို မယားခိုးမှုနဲ့ တရားစွဲပြီး ထောင်ချလို့ရတယ်၊
နားလည်လား"

www.burmeseclassic.com



ကျွန်တော့်ခေါင်းထဲ မှုးမိုက်ပြာဝေသွားရတယ် ...
တကယ်ဖြစ်နေတာလား၊ အိပ်မက် မက်နေတာလား၊ အခန်း...
မှာ သူနာပြုဆရာမလည်း မရှိတာမို့ ကျွန်တော်တို့ အတွင်းရေး...
ဘယ်သူမှ ကြားသိနိုင်ကြမှာ မဟုတ်ပါ။ ကျွန်တော် မမမျက်နှာ...
တုန်လှုပ်အံ့သြစွာ ငေးမောကြည့်လိုက်မိတယ်။ မမဲ့ ဖွင့်ပြော...
သိပ်ဝန်လေးခဲ့တဲ့ မမရဲ့ဘဝဇာတ်ကြောင်းဆိုတာ ဒါပဲလား...
ကျွန်တော် ချက်ချင်းသဘောပေါက် နားလည်သွားရပါတယ်...

မမက ထိုလူကို ထိုင်ရှိခိုးမတတ် ခြေသလုံး...
ပြီး ...

"ကိုမင်း ... မေယွန်း တောင်းပန်ပါတယ်၊ လင်းမှာ ...
အပြစ်မှ မရှိပါဘူး၊ မေယွန်းတို့ အိမ်ပြန်ကြရအောင်...
ကိုမင်း စိတ်ကို လျှော့ချပေးပါ ကိုမင်းရယ်"

"ငါ သံသယမဝင်ခဲ့မိတာကိုက ငါ့အမှားပါ။ စာရေး...
လင်းသုံ့ခုကို အသေအလဲ ကြိုက်လှပါချည်ရဲ့ဆိုပြီး ...
စာအုပ်တွေ မလွှတ်တမ်း ဝယ်ဖတ်ခဲ့တာ လက်စသတ်...
စာတင်မက လူကိုပါ ကြိုက်နေလို့ကိုး ...





မင်းမာန် ... ဒီတစ်ကွက်တော့ မင်း ကောင်းကောင်းကြီး ခံလိုက်ရပြီ၊ ပျော့ပျော့လေးနဲ့နံ့တဲ့ မင်းမိန်းမကြောင်ချေးမက တိတ်တဆိတ် ကျိတ်ပုန်းခုတ်နေတာ ရင်နာဖို့တောင် ကောင်းသေးကွာ ... တောက်"

"ကိုမင်း ... မေယွန်းကို သနားပါ၊ လင်းက အခု နေမကောင်းဖြစ်နေတဲ့ လူတစ်ယောက်ပါ၊ ကျေးဇူးပြုပြီး ဒေါသစိတ်ကလေးကို နည်းနည်းလျှော့ထားပေးပါရှင်၊ မေယွန်း အနူးအညွတ် တောင်းပန်ပါတယ်"

"ဘာမှ တောင်းပန်စရာ မလိုဘူး၊ မင်း ခုချက်ချင်း သေသွားရင်တောင် ငါ ခွင့်မလွှတ်ဘူး မေယွန်း"

မမအသံက ငိုရှိုက်သံတစ်ဝက်နဲ့ ဗလုံးဗထွေးပြောင်းဆန်နေခဲ့ပါတယ်။ ကျွန်တော်ကတော့ မျက်စိရှေ့က မြင်ကွင်းကို စိတ်နဲ့ကိုယ် မကပ်စွာ ငေးကြောင်ကြည့်နေမိဆဲ။ ကျွန်တော် ကံကြမ္မာကို တကယ်ပဲ စိတ်နာသွားခဲ့ပါပြီ။

ယောကျ်ားဖြစ်သူက ရှူးရှူးရှားရှားနဲ့ ပေါက်ကွဲဆူဆေနေတာကို အောက်ကျို့ခယနေတဲ့ မမ အဖြစ်က ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် မချိစရာ။ အဲဒီအချိန်မှာပဲ မမ ပြောဖူးတဲ့ စကားလေးတစ်ခွန်းကို ကျွန်တော် အမှတ်တမဲ့ သတိရလိုက်မိတယ်။

"အေးမြတဲ့ မေတ္တာတရား အမြဲပေးချင်နေတဲ့ လူတစ်ယောက်ကို တချို့တွေက အတ္တဆိုတဲ့ ဆောင်တပ်ပြီး အပြစ်ရှာချင်ကြတာ ဘာသဘောလဲ မသိဘူးနော်"တဲ့။

မမက သူ့ခံစားချက်နဲ့ နှိုင်းစာပြီး ပြောတာပဲဆိုတာ ကျွန်တော် ခုမှသိခွင့်ရလိုက်တယ်။ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ရှုရင် မမနဲ့ အဲဒီလူ ဘယ်လိုမှ မအပ်စပ် မထိုက်တန်ပါ။

ကျွန်တော့်ကို စူးစူးဝါးဝါး စိုက်ကြည့်ပြီး မမကိုဒေါသတကြီး ဆောင့်ဆွဲခေါ်သွားတဲ့ ရင့်ရင့်မာမာယောကျ်ားတစ်ယောက်ကို ကျွန်တော် အံတင်းတင်းကြိတ်ရင်း မမိုတ်မသုန်စိုက်ကြည့်နေမိတယ်။ ကျွန်တော် မမကိုတော့ ရင်နဲ့မမျှအောင် သနားကြင်နာနေမိပါတယ်။ ဒါပေမဲ့ ကျွန်တော် ဘာမှမတတ်နိုင်ခဲ့ဘူး။

ကျွန်တော် ဆက်စပ်တွေးလိုက်မိတာ တစ်ခုကမမကို မြင်မြင်ချင်း သိသိသာသာ မျက်နှာပျက်ယွင်းသွားတဲ့





မေမေ။ မေမေဟာ မမအကြောင်းကို တစွန်းတစ ကြားသိထားသူများလား။ ခုချိန်မှာ ကျွန်တော် မေမေ့ပြန်အလာကိုပဲ မောဟိုက်နွမ်းလျစွာ စောင့်မျှော်နေမိတယ်။

❣ ✦ ❣



www.burmeseclassic.com

www.burmeseclassic.com



မေမေက ကျွန်တော့်မေးခွန်းအဆုံးမှာ အချိန်အတော်ကြာအောင် ငြိမ်သက်တိတ်ဆိတ်နေခဲ့ပါတယ်။ မေမေ့မျက်လုံးတွေက တစ်စုံတစ်ရာအတွက် မနှစ်မြို့မလိုလားဟန်တွေ အထင်းသား ပေါ်လွင်ထင်ဟပ်လို့။ မမနဲ့ ပတ်သက်ပြီး ခိုင်လုံတဲ့အကြောင်းတရားတစ်ခုခုတော့ မေမေ့ဆီမှာ အဆင်သင့် ရှိနေခဲ့ပြီးပုံပါပဲ။

"သားကို ပထမဆုံး ပြောချင်တာက ခုချိန်မှာ မင်းရဲ့ကျန်းမာရေးအတွက် နံပါတ်တစ်အနေနဲ့ ဦးစားပေး ဂရုစိုက်ဖို့ပဲ၊ မင်းအတွက် အကျိုးမရှိစေတဲ့၊ မင်းရောဂါကို ပိုတိုးစေနိုင်တဲ့ အဖြစ်အပျက်တွေအားလုံး ခေါင်းထဲက ရှင်းထုတ်ပစ်သင့်တယ်လို့ မေမေတော့ ယူဆတယ်၊ အဲဒီကလေးမလေးအကြောင်း သိတော့ရော မင်း ဘာလုပ်နိုင်မှာမို့လို့လဲ"





ကျွန်တော် တကယ်ကို ဘာလုပ်ရမှန်း မသိတော့လို့ မေမေ့ကို ဖွင့်မေးတာပေါ့ မေမေ။ ကံကြမ္မာက မမနဲ့ ကျွန်တော့်အတွက် ဘာလို့ ဒီလောက်တောင် ဆိုးဝါးခဲ့တာလဲ။ စဉ်းစားလို့တောင် မရပါ။

နောက်ပြီး ခုရက်ပိုင်းအတွင်းမှာ သိသိသာသာ ဆုတ်ယုတ်လာတဲ့ ကျွန်တော့်ကျန်းမာရေးအခြေအနေ။ ဆရာဝန်ကြီး တစ်ခါ Round လှည့်စဉ်တုန်းက ကျွန်တော့်ကို ပြောခဲ့တဲ့ စကားတစ်ခွန်း ရှိပါတယ်။

"မင်း စိတ်ညစ်တိုင်း အဖော်လုပ်ခဲ့တဲ့ သေရည်တွေက မင်းကို ကောင်းကောင်းကြီး ဒုက္ခပြန်ပေးနေတာ"တဲ့။ သူက ကျွန်တော့်ရောဂါ အခြေအနေကို အရက်ကြောင့် ဖြစ်တာလို့ တစ်ထစ်ချ မှတ်ယူထားခဲ့ပုံပါ။

ကျွန်တော်ကတော့ စိတ်ထဲကနေ အဲဒီအဆိုပြုချက်ကို ခါးခါးသီးသီးပဲ ငြင်းချက် ပြန်ထုတ်ခဲ့တယ်။ တကယ်ဆို အရက်ကမှ ကျွန်တော့်အဖော်စစ်စစ်။ အရက်မူးအောင် သောက်လိုက်ရင် ကျွန်တော့်အတွက် စိတ်ညစ်စိတ်ပျက်စရာ အဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com



တွေ အားလုံး ခပ်ဝေးဝေး လွင့်ပါးသွားကြရော။ ကျွန်တော်က
အဲဒီဗီလင်မျိုးကိုပဲ 'ရှုးသွပ်စွဲလမ်းခဲ့ပါတယ်။

"စိတ်ညစ်လို့ အရက်သောက်တယ်"ဆိုတဲ့ ဖော်မြ
လာကို အစုခေတ်မှာ ယောကျာ်းတော်တော်များများ လက်လွှတ်
ထားခဲ့ကြပြီး ဖြစ်ပေမယ့် ကျွန်တော်ကတော့ စာရေးဆရာတစ်
ယောက်ရဲ့ နူးညံ့တဲ့ နှလုံးသားနဲ့ ဆက်လက်ဖက်တွယ်ထားခဲ့
ပါ။

ကျွန်တော်က မမေ့ကို ဝေဒနာတွေကြားကပဲ မေး
အကြောင်း မရမက အစ်အောက်မေးမြန်းကြည့်တော့ မမေက
သက်ပြင်းတစ်ချက် ဦးဆုံးချရင်း ကျွန်တော့်ကို စိတ်မသက်မသာ
လှမ်းကြည့်လာတယ်။

"သားရယ် ... မင်းဘဝကလည်း အချစ်ကံခေလွန်းလိုက်
တာ၊ မင်းကို အသည်းပေါက်မတတ် နင့်နင့်သီးသီး ချစ်
ကြတဲ့ မိန်းမတိုင်းဟာ ဘာကြောင့်များ အဖြစ်အပျက်ဆိုး
တွေ ခါးစည်းရင်ဆိုင်ရင်း မင်းနဲ့အဝေးဆုံးကို ရောက်ရောက်
သွားကြတာလဲ မသိဘူးကွယ် ...





တကယ်တော့ ဆောင်းမေယွန်း ဆိုတဲ့ ကလေးမက
မမေ့ငယ်သူငယ်ချင်းတစ်ယောက်ရဲ့ ချွေးမလေးပါ၊ မမေ
လည်း ဒီကိစ္စကို သိပ်မကြာသေးခင်ကပဲ သိရတာပါ၊
မမေ့သူငယ်ချင်း သက်ထား ပြောပုံအရဆို သူ့သားနဲ့
ဆောင်းမေယွန်းတို့ လင်မယားဟာ ကွာရှင်းပြတ်စဲဖို့အနေ
အထားလောက်ထိအောင် ခဏခဏ ပြဿနာဖြစ်ကြဖူး
တယ်တဲ့။ ဒါတောင် တက္ကသိုလ်မှာ ရည်းစားအဖြစ်တွေ့ဆုံ
ချစ်ကြိုက်ပြီးမှ ယူခဲ့ကြတာတဲ့။ ကြားရတဲ့ သတင်းတွေက
တော့ အလားအလာ သိပ်မကောင်းလှပါဘူး၊ ဆောင်းမေ
ယွန်းက မမေ့အမြင်မှာတော့ တည်ငြိမ်အေးချမ်းတဲ့ မိန်း
ကလေးမျိုးပါ၊ ဒါပေမဲ့ သူတို့လင်မယားကြားမှာ မမေတို့
မသိနိုင်တဲ့ ပြဿနာတွေ ရှိချင်ရှိနေမှာပေါ့၊ သူနဲ့စတွေ့
တဲ့နေ့က သူရော မမေပါ မျက်နှာပျက်သွားကြတာ
သက်ထားအိမ်မှာ တစ်ခါဆုံခဲ့ဖူးကြတာကို အမှတ်ရသွား
မိကြလို့ပါ။ မမေက သူ့ကို နားလည်ပေးနိုင်ပေမယ့်
သားနဲ့ မရှင်းမရှင်း ပတ်သက်လာမှာကိုတော့ လုံးဝမလို
လားဘူးကွယ် ...



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဘာဆိုလိုလဲဆိုတာ သား သဘောပေါက်မှာပါ"

ကျွန်တော်က မေမေ့ကို ဘာမှ ခွန်းတုံ့မပြန်တော့ဘဲ မျက်လုံးတွေကို စုံမှိတ်ထားလိုက်မိတယ်။ မမ ယောကျ်ားမရိုးမာန်နဲ့ ပြဿနာအကြီးအကျယ် တက်ခဲ့တဲ့ အဖြစ်အပျက်တွေကိုတော့ မေမေ့ကို စိတ်ညစ်ခံပြီး ပြောပြမနေချင်တော့ပါ။

ကျွန်တော့်ရောဂါအတွက် ရတက်မေ့ သောကရောက်နေရှာတဲ့ မေမေ့ကို စိတ်ဆင်းရဲစရာ ဝေဒနာတွေ ထပ်မပေးလိုတော့ပါ။ ကျွန်တော်က မမနဲ့အကြောင်းကို ခေါင်းထဲက ခဏမေ့ပျောက်ပစ်လိုက်ပြီး ကျွန်တော့်ရောဂါ အခြေအနေကိုသာ မေမေ့ကို မေးမြန်းဖို့ စိတ်ကူးရလိုက်ပါတယ်။

ခုရက်ပိုင်းအတွင်း နေ့စဉ်ရက်ဆက်ဆိုသလို သွေးအန်တာ။ ဝမ်းသွားတိုင်း သွေးမည်းမည်းညစ်ညစ်တွေ ဒရဟောထွက်လာတတ်တာ၊ တစ်ခါတလေ ညာဘက်ဝမ်းဗိုက်နေရာတမခံမရပ်နိုင်အောင် ထိုးထိုးအောင့်လာတတ်တာ။ ဒီအချက်တွေအားလုံးဟာ ကျွန်တော့်ရဲ့ရောဂါလက္ခဏာကို မှိုင်းနပ်(စ်)ပြနေနိုင်တဲ့ နိုင်လုံတဲ့ အကြောင်းတရားများပဲ ဖြစ်စေခဲ့ပါတယ်။





ကျွန်တော်က တစ်နေ့မှာတော့ မေမေ့ကို ပွင့်ပွင့်လင်းလင်းပဲ မေးဖြစ်ခဲ့ပါတယ်။

"မေမေ ... ကျွန်တော့်ရောဂါက ဘာရောဂါလဲဟင်"

မေမေက ကျွန်တော့်မေးခွန်းကို မဖြေဘဲ တစ်ဖက်ကို မျက်နှာလွှဲသွားခဲ့တယ်။ ကျွန်တော့်စိတ်ထဲ မတင်မကျနဲ့ အိုသည်လည်းကြီး ဖြစ်သွားရပါတယ်။ မေမေ့ မျက်ဝန်းတွေကို ကျွန်တော် သဘောမတွေ့လှပါ။ တစ်ခုခုကို ပိပိရိရိ မဖုံးကွယ်ဘတ်ဘဲ ဖုံးကွယ်ထားရတယ်လို့ ထင်မိတယ်။

"မေမေ ... ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပါဗျာ၊ ကျွန်တော် အိမ်ပြန်ချင်လှပြီ၊ အိမ်မှာပဲ အေးအေးဆေးဆေး နေရင်း စာရေးချင်နေပြီ၊ ကျွန်တော် ဆေးနံ့တွေရှူရှိုက်ရတာလည်း အော်ဂလီဆန်ပြီး ခေါင်းမူးတယ်၊ ဖြစ်နိုင်ရင် ကျွန်တော် အိမ်ပြန်ချင်တယ် မေမေ"

မေမေ့ဆီက အိခနဲ ရှိုက်သံခပ်တိုးတိုး ထွက်ပေါ်လာပါတယ်။ ကျွန်တော် မျက်လုံးပြူးသွားရတယ်။ သေချာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ရောဂါဆိုးကြီး တစ်ခုတော့ ကျိန်းသေ စွဲကပ်နေပါပြီ။

"သားရယ်… မင်း စာရေးချင်တာ ဒီမှာပဲ အေးအေးဆေးဆေး ရေးနေလို့ ရတာပဲ၊ မင်း အိမ်ပြန်လို့ မဖြစ်သေးဘူး။ မင်းရောဂါ အခြေအနေက လုံးဝစိတ်ချရတဲ့ အနေအထားကို မရောက်သေးဘူး"

"ကျွန်တော့်ကို ပြောပါ မေမေ၊ ကျွန်တော့်မှာ ဘာရောဂါရှိနေတာလဲ၊ ကင်ဆာလား"

မေမေ ရုတ်တရက် ကြောင်အသွားပြီး ကျွန်တော့်ကို အချိန်အတော်ကြာ ငေးစိုက်ကြည့်နေခဲ့ပါတယ်။ ကျွန်တော့် ယုံကြည်ချက်တွေ ပိုခိုင်မာသွားရတယ်။ ကိုယ့်ရင်ထဲက နှလုံးသားရဲ့တိတ်တဆိတ် ငိုကြွေးသံကို ကိုယ် ပြန်ကြားလိုက်ရသလိုပါပဲ။ သေလောက်တဲ့ရောဂါ တစ်နည်းအားဖြင့် ကင်ဆာရောဂါတစ်ခုခုတော့ ဖြစ်နေပြီဆိုတာ ကျွန်တော် ကျိန်းသေသဘောပေါက်လိုက်မိတယ်။



ဒါပေမဲ့ ဘာကင်ဆာလဲ ဆိုတာတော့ ကျွန်တော် မေမေ့ကို ဆက်မေးဖို့ စွမ်းရည်သတ္တိတွေ ကုန်ခန်းသွားရပါပြီ။ မေမေ့ရဲ့ မချိတင်ကဲ ညှိုးလျှလျှ မျက်ဝန်းတွေက ကျွန်တော့်မေးခွန်းတွေကို လည်ချောင်းဝမှာတင် နစ်မြုပ်ပျောက်ဆုံးစေခဲ့တယ်။

ဒါပေမဲ့ မထင်မှတ်တဲ့ တစ်နေ့မှာတော့ ကျွန်တော့်ရဲ့ အကြောင်းစုံကို ရှင်းရှင်းလင်းလင်း သိခွင့်ရခဲ့တယ်။ အဲဒီနေ့ဟာ ကျွန်တော့်ရဲ့ အသစ်စက်စက် လုံးချင်းဝတ္ထု (တနည်းအားဖြင့် ကျွန်တော့်ဘဝရဲ့ နောက်ဆုံးလုံးချင်းလို့လည်း တိတ်တဆိတ် ဆုံးဖြတ်ယူလက်ခံထားတဲ့)ကို ဇာတ်အိမ်ခိုင်ခိုင်မာမာနဲ့ စတည်ဆောက်တော့မယ့် နေ့တစ်နေ့အဖြစ် သတ်မှတ်ခြင်း ခံထားရတဲ့နေ့ပါ။ ကျွန်တော့်ရဲ့ နောက်ဆုံး လုံးချင်းဝတ္ထုနာမည်ကို ကျွန်တော်က ရေးခင်ကတည်းက စဉ်းစားရှာဖွေလိုက်မိတယ်။

"တောင်ပံသုံးစုံရဲ့ကွက်လပ်"တဲ့။ ကျွန်တော့်ဘဝမှာ ခန်းလှပစွာ ဆုံစည်းပတ်သက်ခဲ့ရတဲ့ မိန်းမသုံးယောက်က ဓိကဇာတ်ကောင်သုံးယောက်အဖြစ် အပြိုင်အဆိုင် ပါဝင်ကြ

www.burmeseclassic.com



ရှားခွင့် ရကြမယ့် ကျွန်တော် စိတ်အားထက်သန်ဆုံး ဝတ္ထုလေး တစ်ပုဒ်ပါ။

စာရေးဆရာလင်းသူ့ ဖြတ်သန်း လျှောက်လှမ်းခဲ့တဲ့ စာပေရေးလမ်းဆာစ်လျှောက်မှာ ကံလောင်သွား အထက်ဆုံးလုံးချင်းတစ်အုပ်လို့ ဆိုရင်လည်း မမှားနိုင်ဘူးပေါ့။




# တောင်ပံသုံးခုရဲ့ ကွက်လပ်

www.burmeseclassic.com

www.burmeseclassic.com







အထူးကုဆရာဝန်ကြီးက ကျွန်တော့်ရဲ့ ပိန်လှီခြောက်
နေတဲ့ အရိုးပေါ် အရည်တင် လက်ဖျံတစ်ဖက်ကို ဆုပ်ကိုင်
သပ်ရင်း ခပ်မှုန်းမှုန်း သက်ပြင်းချလိုက်ပါတယ်။ မေမေက
ာ့ ကျွန်တော့်ကို မျက်နှာချင်းမဆိုင်ပဲ အခန်းမျက်နှာကြက်ကို
ဘယ်မဲ့ မော့ကြည့်ရင်း မျက်နှာလွှဲနေခဲ့တယ်။ မေမေ့မျက်
ာင် ပုတ်ခတ် ပုတ်ခတ် လုပ်နေတာ ကျွန်တော် သတိထားမိ
်တယ်။ မေမေ ငိုနေတာ ကျိန်းသေပါတယ်။

ကျွန်တော့်ကို ဆရာဝန်ကြီးက စေ့စေ့စပ်စပ် လေ့လာ
ခတ်ပြီး ...

"မောင်လင်းသူခကို မပြောမဖြစ် ပြောပြရတော့မယ့် ကိစ္စ
အတွက် ဆရာ အရမ်းဝမ်းနည်းမိပါတယ်၊ ဘာကြောင့်လဲ

www.burmeseclassic.com



ဆိုတော့ မင်းဟာလည်း ကိုယ် ဝါသနာပါတဲ့ လမ်းကြော
ကို ပီပြင်လေးနက်အောင် ဖောက်ထွင်းတည်ဆောက်နိုင်
တဲ့ လူစွမ်းကောင်း တစ်ယောက်ပါပဲ ...

မင်းလို တန်ဖိုးရှိတဲ့ လူတစ်ယောက်ကို ရက်
စက်စက် ညှဉ်းသတ်ခဲ့တာ အရက်ဆိုတဲ့တရားခံပဲ၊ အ
ဒါကြောင့် မင်းရဲ့ညာဘက်အသည်းတစ်ခြမ်းလုံးမှာ
ဆာပိုးတွေ ပျံ့နှံ့နေပြီ၊ တစ်ဦးတည်း ကျန်ခဲ့ရမယ့်
အမေအတွက် မင်းဘက်က ကြိုတင်စီစဉ်စရာရှိတာ
နိုင်အောင် ဆရာ ခုလိုဖွင့်ပြောပြရတာပါ”

နောက်ဆက်တွဲစကားတွေက ကျွန်တော့်နား
ဝင်လာလိုက်၊ ပျောက်သွားလိုက်နဲ့ အာရုံတွေကို ကျွမ်းထိုး
ခုံ ဖြစ်စေခဲ့ပါတယ်။

ဆရာဝန်ကြီး စကားထဲမှာ အလွန်ဆုံးနေရ
ငါးယလောက်ပဲ ရှိတော့ကြောင်း၊ ဒီ့ထက်စောရင်လည်း
ကြောင်း စတဲ့ အကြောင်းအရာတွေက ကျွန်တော့်နလုံးသ
တရိရိနဲ့ ကျွမ်းလောင်သွားစေခဲ့ပါတော့တယ်။





ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာ သန္နိဋ္ဌာန်ချထားခဲ့တဲ့
အတိုင်း ကျွန်တော့်ရဲ့ နောက်ဆုံးဝတ္ထုလေးကိုတော့ တစ်သက်နဲ့
တစ်ကိုယ် မတီထွင်ခဲ့စဖူး ဇာတ်လမ်း၊ ဇာတ်ကွက် ဆန်းဆန်း၊
ဇာတ်ကောင်စရိုက် ပီပီပြင်ပြင်နဲ့ အလှပဆုံး မွမ်းမံရေးဖွဲ့ဖို့ အား-
ထုတ်ကြိုးပမ်းခဲ့ပါတယ်။

မျိုးသိပ်ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့တဲ့ ဝေဒနာတွေကို
အလူးလူး အလိမ့်လိမ့် ခံစားရင်း ခြောက်ကပ်တိတ်ဆိတ်တဲ့ နေ့၊
ညပေါင်းများစွာကို အထီးကျန်စွာ ဖြတ်သန်းလွန်မြောက်လာချိန်
တစ်နေ့မှာ ကျွန်တော့်အတွက် ထူးခြားဆန်းကြယ်တဲ့ ဖုန်းကောလ်
သုံးခုကို စက္ကန့်ပိုင်းလေးပဲခြားပြီး ရှေ့ဆင့်နောက်ဆင့် လက်ခံရရှိ
ခဲ့တယ်။

ပထမဆုံး တစ်ကောလ်က ပြည်ပကဝင်လာတဲ့ဖုန်း။
LMP တဲ့။ ကျွန်တော် တုန်ယင်လှိုက်မောတဲ့ ရင်အစုံနဲ့ နားထောင်
လိုက်မိတယ်။

“ဟယ်လို ... ကိုကြီး၊ လမင်း ဒီတစ်ရက် နှစ်ရက်အတွင်း
မြန်မာပြည် ပြန်ရောက်မယ် ... သိလား၊ ကိုကြီးကိုအ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်တယ်၊ အခု လေယာဥ်လက်မှတ် လာဝယ်ရင်း လေဆိပ်ကနေ ဆက်နေတာ၊ လမင်း ပြန်ရောက်ရင် ကိုကြီးနဲ့အတူတူ ဘတ်(စ်)ကား လျှောက်ပတ်စီးကြမယ်နော်"

ကျွန်တော် တစ်ကိုယ်တည်း မချိပြုံး ကျိတ်ပြုံးလိုက်မိတယ်။ ခိုင်မာတဲ့ သံယောဇဥ်တောင်ပံတစ်စုံနဲ့ ကျွန်တော့်နှလုံးသားရပ်ဝန်းမှာ ဦးစွာပထမ ရစ်ဝဲပျံသန်းလာခဲ့တဲ့ ကျွန်တော့်ရဲ့ ပထမဆုံးချစ်သူ "လမင်းဖြူ"။

"ကိုယ် စောင့်နေပါ့မယ် လမင်း"

ကျွန်တော့်အသံကအေးစက်ခြောက်ကပ်စွာ အတောင့်လိုက် ထွက်ကျလာပါတယ်။ လမင်းနဲ့ ဖုန်းပြောအပြီးမှာ ကျွန်တော့်ရင်တစ်ခုလုံး မောဟိုက်နွမ်းလျသွားရတယ်။

ငါးစက္ကန့်လောက် အကြာမှာတော့ ဒုတိယဖုန်းမြည်သံတစ်ချက် ထွက်ပေါ်လာခဲ့ပြန်တယ်။ နံပါတ်က မြန်မာနိုင်ငံထဲက နံပါတ်ပါပဲ။ ဒါပေမဲ့ ရန်ကုန်မဟုတ်တဲ့ ဒေသခြားတစ်ခုဆီက လာတာပါ။ ထုံးစံအတိုင်း ကျွန်တော် ဖွင့်နားထောင်လိုက်ပြန်တယ်။



"ဟယ်လို ... ကို,လားဟင်"

ကျွန်တော် ဒုတိယအကြိမ်မြောက် ခပ်ဖွဖွဖွ ပြုံးလိုက်မိပြန်တယ်။ ကျွန်တော့်ဘေးမှာ မိတ်ဆွေကောင်းတစ်ယောက်၊ ရဲဘော်ရဲဘက်တစ်ယောက်လို ရပ်တည်ပေးခဲ့တဲ့ ပန်း။ တစ်နည်းဆိုရရင် ကျွန်တော့်ကို "နားလည်မှု" ဆိုတဲ့ တောင်ပံတစ်စုံနဲ့ ချည်နှောင်ပျံသန်းခဲ့တဲ့ ဒုတိယချစ်သူ "ပန်းမိုမို"။

"ကို ... ပန်း မနက်ဖြန်၊ သန်ဘက်ခါလောက်ကျရင် ရန်ကုန်ရောက်ဖြစ်လိမ့်မယ်။ ပန်း ပြင်ဦးလွင်ရောက်တော့ အားလုံးကို အတိုက်အခံလုပ်ပြီး ဦးစိုင်းခမ်းနဲ့ လက်ထပ်ဖို့ကိစ္စကို ကန့်ကွက်လိုက်တယ်။ နောက်ဆုံး ကိုယ့်ကိုယ်ကိုယ် ပိုးသတ်ဆေးသောက်သေဖို့အထိ ကြံလိုက်တာနဲ့ အဖေတို့ မျက်ကလဲ ဆန်ပျာတွေဖြစ်ပြီး လက်လျှော့သွားကြတယ်၊ ပန်း ကို့ကိုလည်း အရမ်းသတိရတယ်၊ ပန်းတို့ အိပ်မက်တွေ အကောင်အထည်ဖော်ဖို့ ကို့ရင်ခွင်ရှိရာ ပန်း ပြန်လာခဲ့မယ် ... သိလား၊ ကို ပန်း ကိုစောင့်နေနော်"

www.burmeseclassic.com



ကျွန်တော် အင်အားချည့်နဲ့စွာ ခပ်ယဲ့ယဲ့လေး ပြုံးလိုက်မိပြန်ပါတယ်။

နှလုံးသားက စေညွှန်းချက်အတိုင်း ကျွန်တော် နှုတ်ထွက်စကားတစ်ခွန်းနဲ့ တုံ့ပြန်လိုက်မိတယ်။

"ကိုယ် စောင့်နေပါ့မယ် ပန်း"

ဒီတစ်ခါ ဖုန်းချရင်း ကိုယ့်ကိုယ်ကိုယ် သိလိုက်မိတာတစ်ခုက ကျွန်တော် ပိုပြီးရင်မောသွားရတာပါပဲ။

ရေးလက်စ ဝတ္ထု အဆုံးသတ်ခါနီးမှာပဲ တတိယ ဖုန်းမြည်သံတစ်ချက် ချောက်တီးချောက်ချက် ထွက်ပေါ်လာခဲ့ပြန်တယ်။

ဘယ်သူဆိုတာ ကျွန်တော် တပ်အပ်သိလိုက်တယ်။ ကျွန်တော့်ကို အင်အားကြီးမားတဲ့ မေတ္တာတရားတွေနဲ့ လွှမ်းခြုံလမ်းပြပေးခဲ့တဲ့ မမပေါ့။

"လင်း ...၊ မနက်ဖြန် သူ စင်ကာပူကို အပြီးအပိုင် ထွက်သွားတော့မယ်၊ မမ ဖြေရှင်းသမျှတွေကို သူ ဘာ[illegible] ခံ[illegible]





လက်မခံခဲ့ဘူး၊ အခုကျတော့ မမပေးချင်တဲ့မေတ္တာတရားတွေကို သူ ပြည့်ပြည့်ဝဝခံယူဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး၊ သူ့ဘက်က တစ်ဖက်သတ် ကွာရှင်းပြတ်စဲခွင့်တောင်းတာကို မမ အသာတကြည်ပဲ လက်ခံသဘောတူခဲ့တယ်၊ မေတ္တာအနှစ်မပါတဲ့ ခြောက်ကပ်ကပ် အိမ်ထောင်ကြီးထဲကနေ မမ ရုန်းထွက်ဖို့ စဉ်းစားမိခဲ့တာ အကြိမ်ကြိမ်ပါပဲ ...

မမ လင်းဆီကို ရောက်အောင်လာခဲ့ပါဦးမယ်"

ကျွန်တော် မျက်လုံးတွေကို အားကုန်မိတ်ချပစ်ပြီး ခွန်းတည်းပဲ ဆိုလိုက်မိတယ်။

"ကျွန်တော် စောင့်နေပါ့မယ် မမ"

ကျွန်တော့်ဝတ္ထုအတွက် အကောင်းဆုံး စာတ်သိမ်းကို လှလှပပသိမ်းနိုင်ခဲ့ပါပြီ။ ကျွန်တော် 'တောင်ပံသုံးစုံရဲ့ထွက်လပ်' ကို အသက်ဝင်ပြောင်မြောက်အောင် အဆုံးသတ်ပြီးချိန်မှာ ပြောက်ပြည့်စုံတဲ့ ပီတိတစ်မျိုးကို ရရှိခံစားလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးအတွက် ကျွန်တော် ကျေနပ်တယ်
ဒါပေမဲ့ ကံကြမ္မာရဲ့ ဉာဏ်များပုံကိုတော့ ကြက်သီးထသွားမိ
အထိ လက်ဖျားခါသွားရပါတော့တယ်။

ကျွန်တော် သူတို့သုံးယောက်လုံးကို အပြုံးနဲ့ဆီး
ရင်ဆိုင်ဖို့ ခုကတည်းက အားမွေးထားခဲ့တယ်။

❦ ✦ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၈၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ကန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



ငှက်တစ်ကောင်မှာ တောင်ပံတစ်စုံပဲ ပိုင်ဆိုင်ခွင့်ရှိတယ် ဆိုပေမယ့် ကျွန်တော်သာ ငှက်တစ်ကောင် ဖြစ်ခဲ့ရင် ကုသိုလ်တကြီး ကျွန်တော့်အတွက် တူညီတဲ့ တောင်ပံသုံးစုံကို တစ်ပြိုင်တည်း ပိုင်ဆိုင်ခွင့်ပေးလာမယ်လို့ ယုံကြည်ပါတယ်။

❦ ✦ ❦

www.burmeseclassic.com



ဒီနေ့ ထူးထူးခြားခြား မိုးသားတွေ ညိုဝဲနေတယ်။ ခြံတံခါးဝါးဆီက နေ အမှတ်မထင်လှမ်းကြည့်မိတော့ ငှက်ကလေးတစ်ကောင် သစ်ကိုင်းတစ်ကိုင်းပေါ်က ပြိုင်တူထပ်ပျံပြေးသွားတာ တွေ့လိုက်ရပါတယ်။

ကျွန်တော် အဲဒီ မြင်ကွင်းကိုကြည့်ပြီး မဆိုမဆိုင် ခပ်ယဲ့ယဲ့လေး ပြုံးလိုက်မိတယ်။ မေမေကတော့ ကျွန်တော့်ဘေးမှာ ဆို့နင့်ကြေကွဲတဲ့မျက်နှာနဲ့ တုပ်တုပ်မျှမလှုပ်အောင် ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေခဲ့တယ်။ မနက်က ဆရာဝန်ကြီး Round လှည့်အပြီးမှာ မေမေ့ကို မသိမသာ ခေါင်းခါယမ်းပြသွားတာကို ကျွန်တော်မြင်ဖြစ်အောင် မြင်လိုက်ရပါတယ်။



မေမေက ကျွန်တော့်ကို အချိန်အတော်ကြာအောင် ငေးစိုက်ကြည့်နေပြီး ကျွန်တော် မကြားနိုင်တဲ့ ဂါထာတစ်ပုဒ်ကိုလည်း ပွစိပွစိနဲ့ ခပ်တိုးတိုး ရေရွတ်နေခဲ့တယ်။ ကျွန်တော် အပြီးအပိုင် လက်စသတ်ထားတဲ့စာမူကို မေမေ့လက်ထဲ ထည့်ပေးရင်း...

"ဒါ ကျွန်တော့်ရဲ့ နောက်ဆုံးလုံးချင်းပါ မေမေ၊ ထုတ်ဝေဖို့ကိစ္စကိုတော့ မေမေပဲ ဆက်ပြီး တာဝန်ယူပေးပါ၊ ဒီဝတ္ထုမှာ ကျွန်တော့်ပရိသတ်ကို မှာချင် ပြောချင်တဲ့ စကားလုံးတွေ အကုန်လုံး ထည့်သွင်းရေးဖွဲ့ထားပါတယ်"

ကျွန်တော့်တစ်သက်မှာ လုံးချင်းတစ်အုပ်ကို ဆယ်ခါတိတိ ပရု(ဖ်)ဖတ်ရတာဆိုလို့ "တောင်ပံသုံးစုံရဲ့ကျွက်လပ်"ပဲ ရှိခဲ့ပါတယ်။ ဒီစာအုပ်က ကျွန်တော့်ဘဝရဲ့ အမှတ်တရပေါ့။

N မေမေက တဆတ်ဆတ် တုန်ယင်နေတဲ့ လက်အစုံနဲ့ လှမ်းယူလာခဲ့တယ်။ မေမေ့မျက်ဝန်းဆီက ပေါက်ခနဲ ကြွေကျလာတဲ့ မျက်ရည်စက်တွေကို ကျွန်တော် ရင်နာနာနဲ့ ကျော့ခိုင်းလိုက်မိတယ်။ အဲဒီအချိန်မှာပဲ ပထမဆုံး အခန်းတံခါးဖွင့်သံ ကြားလိုက်ရပါတယ်။

www.burmeseclassic.com



"ကိုကြီး"

ကျွန်တော့်ရဲ့ သံယောဇဉ်တောင်ပံလေးတစ်ခု။ ဟိုးအရင်ကအတိုင်း ထူးထူးခြားခြား ပြောင်းလဲမှုမရှိတဲ့ ကလေးဆန်ဆန် အနေအထားမျိုးနဲ့ပါ။ ဒါပေမဲ့ စိုးရွံ့ထိတ်လန့်နေတဲ့ မျက်ဝန်းအစုံက ကျွန်တော့်ဖြစ်အင်ကို ရင်နာနာနဲ့ လက်သင့်ခံနေသလို။

"လမင်း"

"ကိုကြီးရယ် ... ဘယ်လိုဖြစ်ရတာလဲ၊ ဘာလို့ ဒီလိုအခြေအနေကြီးနဲ့ ကိုကြီးကို ဆုံတွေ့ခွင့် ပေးခဲ့တာလဲ၊ လမင်းအိပ်မက်တွေကို ဘယ်လိုပြန်ပြီး အကောင်အထည် ဖော်ရမှာလဲ"

မှုလောင် ပြင်းပြတဲ့ ငိုချင်းချသံနဲ့ သွေးရူးသွေးတန်းရေရွတ်လာတဲ့ လမင်းကို ကျွန်တော် နားလည်စွာ ပြုံးပြလိုက်ပါတယ်။

"တိတ်ပါ ကလေးရယ်၊ ကိုကြီး ဒါပဲပြောပါရစေ"





ကျွန်တော့်အသံက အတက်အကျ မညီစွာ ခုန်ပေါက်ထွက်လာတယ်။ တကယ်လည်း ကျွန်တော် စကားကောင်းကောင်း မပြောနိုင်တော့ပါ။ ရူးအောင့်ထိုးတက်လာတဲ့ ရင်အစုံကို ဖိသိမ်းကြိတ်ရင်း အသက်ကို မဝတဝ အားတင်းရှူရှိုက်နေရတယ်။

မရှေးမနှောင်းမှာပဲ မပီဝိုးတဝါး အရိပ်လေးတစ်ခု ဖြန်းခနဲ ဝင်ရောက်လာခဲ့ပြန်တယ်။ ကျွန်တော့်ကို အံ့သြတကြီး စိုက်ကြည့်ရင်း ရုတ်တရက် အသက်ရှူရပ်သွားတော့မတတ် သွေးဆုတ်ပြုံးရော်သွားစေတဲ့ အကြောင်းအချက်က ကျွန်တော့်ကို သိပ်ချစ်လို့ပါပဲ။

ကျွန်တော့် အနေအထားကြီးကို ဒုတိယတောင်ပံတစ်စုံကလည်း ခါးခါးသီးသီး လက်သင့်မခံနိုင်မှုနဲ့ ဆို့နင့်စွာရေရွတ်လာတယ်။

"ကို ... ပန်း ကိုကို သိပ်ချစ်တယ်"

စကားနည်းပြီး အေးဆေးလွန်းတဲ့ ပန်းရဲ့နောက်ဆုံးချိတင်ကဲ ဝန်ခံချက်ပါ။ ကျွန်တော့်ရင်ထဲ လှိုက်ခနဲ တုန်ခါသွားရပြန်တယ်။

www.burmeseclassic.com



အဲဒီအချိန်မှာပဲ တိုက်ဆိုင်မှု ကြီးမားစွာ တစ်ယောင်ပိတစ်စုက အခန်းတွင်းကို အသာမှုမှု ချဉ်းနင်းဝင်ရောက်လာခဲ့ပါတယ်။

သူမမျက်နှာပေါ်မှာတော့ အဆိုးဝါးဆုံး အိမ်မင်းရှင် ကျော့မှုတချို့ လွှမ်းမိုးစိုးခြယ်လို့။

မမက ကျွန်တော့်မျက်လုံးတွေထဲကို တည့်တည့်စိုက်ကြည့်ပြီး အကြည့်နဲ့သာ စကားတွေ မမောတမ်း ပြောနေခဲ့ပါတယ်။ မမရဲ့အသံမဲ့ ဘာသာစကားတွေကို ကျွန်တော် ပါးနပ်လည်ဝယ်စွာ သဘောပေါက် ခံစားလိုက်ရတယ်။

ထူးဆန်းတာတစ်ခုက မိန်းမသုံးယောက်လုံးဟာ ကျွန်တော့်ကိုပဲ မျက်စိတစ်မှိတ်အတွင်းမှာ ပျောက်ကွယ်သွားမှာစိုးတဲ့အလား မလွှတ်တမ်း စောင့်ကြည့်နေခဲ့ကြပြီး တစ်ယောက်ကို တစ်ယောက် အကဲခတ် လေ့လာဖို့ စိတ်မကူးကြခြင်းပါ။ သူတို့သုံးယောက်လုံးရဲ့ မျက်နှာတွေပေါ်မှာတော့ ကျွန်တော့်ကို အစိုးပြားသားကွဲပြီး ပမာဏအချိုးအစား တူညီတဲ့ ချစ်ခြင်းတရားတွေ ပြည့်နက်ပေါ်လွင်နေခဲ့ပါတယ်။





ကျွန်တော့်အပေါ် ကြီးမားတဲ့ ချစ်ခြင်းတစ်ခုစီ ပြည့်ပြည့်ဝဝ ပေးဆပ်ခဲ့ကြတဲ့ သူတို့သုံးယောက်ရဲ့ နှလုံးသားထဲက ကွက်လပ်ကြီးတစ်ခုကို ကျွန်တော် ဖြည့်ဆည်းပေးနိုင်တော့မှာ မဟုတ်မှန်း သူတို့ ကိုယ်စီ သိနေကြသလိုပါပဲ။

သက်ရှိတစ်ယောက်ရဲ့ နောက်ဆုံးအချိန်ကို ခက်ခဲပင်ပန်းကြီးစွာ ဖြတ်သန်းရင်း ကျွန်တော် အားရကျေနပ်လောက်တဲ့ ပီတိတချို့ကို ဆောင်ကြဉ်းပြီး အစိမ်းသက်သက် ဒေသတစ်ခုထဲ ဆွဲခေါ်ခြင်း ခံလိုက်ရချိန်မှာတော့...

ရှိုက်သံသုံးခုက ကျွန်တော့်နောက်ပါးမှာ ပွဲတင်ထပ်ရင်း တဖွဲ့ဖွဲ့နဲ့ ဝေးလွင့်ကျန်ခဲ့ပါတော့တယ်။

အချစ်မှာ...

သံယောဇဉ်ဆိုတာ လိုအပ်တယ်...

နားလည်မှုဆိုတာ လိုအပ်တယ်...

မေတ္တာတရားဆိုတာ လိုအပ်တယ်...

ချစ်သူဆိုက...

အဲဒီအရာအားလုံးကို တစ်ပြိုင်နက်တည်း



www.burmeseclassic.com

www.burmeseclassic.com



**လက်ဆုပ်ရှိလိုက်သလိုအတွက်တော့**

**ကြည့်နေပီတီနေရွှေ အနှိုင်းအဆမဲ့ပါပေါ့။**

**သုံးမိုးစရုံးနဲ့ ဖူးတွဲချည်နှောင်လိုက်တဲ့**

**အခင်အာသြမ်းပြင်း ရောက်ခံပံ့တော်ရှံ့နဲ့**

**ဂါ..ငွေတာရွှံ့အချုံတို့ ပျော့လွင်မှုသွန်းရှင်းလိုက်တာ။**

**(လင်္ကာစု)**

**တစ်ဝက်ဝဋ်ရှိသတ်ကြီးအတွက်**

**သက်ဆုံးတိုင် ဝေးဆင်သွားမယ်**

**မြနန်းချယ်**

**07-1-09**

**2:15 PM**

**Wednesday**



www.burmeseclassic.com